# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၆၆)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်

၂၀၁၃ ခုနှစ်၊ ဇွန် ၂၈ ရက်၊ သောကြာနေ့။


**ထစ်ချုန်းမိုး**

၂၈-၆-၂၀၁၃

နေပြည်တော် နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

# ဒုက္ခသည်များ မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်အောင် ဆက်လက်ကူညီပေးသွားရမည်

**နေပြည်တော် ဇွန် ၂၇**

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၃/၂၀၁၃)ကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဗဟိုကော်မတီအတွင်းရေးမှူးနှင့် ဗဟိုကော်မတီဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ဗဟိုကော်မတီကို မတ်လက ဖွဲ့စည်းပြီးနောက် ဆက်လက်ဖွဲ့စည်းပေးသော လုပ်ငန်းကော်မတီများအနေဖြင့် မေလမှစပြီး မိုးမကျမီ နှစ်လအတွင်း ရွက်ဖျင်တဲဖြင့်နေနေသည့် ဒုက္ခသည်အားလုံးကို အမိုးအကာအောက်ရောက်အောင် ရွှေ့ပြောင်းပေးကြရန်နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီအသီးသီး၏ လုပ်ငန်းများကိုလည်း တစ်ဆက်တည်း အဖြစ်နိုင်ဆုံးနည်းလမ်းဖြင့် ဆောင်ရွက်သွားကြရန် ယခင်အစည်းအဝေး၌ ဆွေးနွေးညွှန်ကြားထားပြီး ဖြစ်ပါကြောင်း။

ဖွဲ့စည်းပေးသော လုပ်ငန်းကော်မတီများနှင့်သက်ဆိုင်သည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်အောင် ၁၀ ရက် တစ်ဖွဲ့နှင့်တစ်ဖွဲ့စီခွဲပြီး အလှည့်ကျသွားရောက်အကောင်အထည်ဖော်ခဲ့ရာ ယခုအကောင်အထည်ပေါ်သည့် အပိုင်းများလည်း ပေါ်နေကြပြီဖြစ်ပါကြောင်း။

**"တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး"** လုပ်ငန်းကော်မတီ၊ **"လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းကော်မတီ"** တို့၏ လုပ်ငန်းများကြောင့် တည်ငြိမ်အေးချမ်းသင့်သလောက် တည်ငြိမ်အေးချမ်းနေပြီဖြစ်ပြီး ရရှိထားသော တည်ငြိမ်အေးချမ်းမှုကို ဆက်ထိန်းသွားရန် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ▲

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## နိုင်ငံတော်၏ မိုဘိုင်းတယ်လီဖုန်းသိပ်သည်းမှု တိုးတက်မြင့်မားလာစေရေး အကောင်အထည်ဖော်ဆောင်ရွက်နေ

ပြည်သူ့လွှတ်တော်သတင်း၊ စာမျက်နှာ ➤ ၆

## ကျောက်မျက်ရတနာ အချောထည်ပစ္စည်းများ အခြားနည်းလမ်းများဖြင့် တင်ပို့ရောင်းချခြင်းကို ခွင့်ပြုပေးမည့် အစီအစဉ်မရှိ

အမျိုးသားလွှတ်တော်သတင်း၊ စာမျက်နှာ ➤ ၆

# အရှေ့တောင်အာရှ တံခွန်စိုက်ပန်ကြပ်ဆီလတ်ပြိုင်ပွဲတွင် မြန်မာအသင်း ရွှေသုံးခု၊ ငွေသုံးခု၊ ကြေးနှစ်ခုရရှိ

အကောင်းဆုံးအားကစားသမားဆု ရရှိခဲ့သော ကျော်နိုင်ထွန်း

**နေပြည်တော် ဇွန် ၂၇**

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှတံခွန်စိုက်ပန်ကြပ်ဆီလတ်ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ကျင်းပခဲ့ရာ အိမ်ရှင်မြန်မာ ပန်ကြပ်ဆီလတ်အဖွဲ့က ရွှေ သုံးခု၊ ငွေ သုံးခု၊ ကြေး နှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

**အနိုင်ယူခဲ့**

မြန်မာပန်ကြပ်ဆီလတ်အဖွဲ့အတွက် ရွှေတံဆိပ်သုံး ခုကို ၆၀-၆၅ ကီလိုတန်းမှ ကျော်နိုင်ထွန်း၊ ၅၀-၅၅ ကီလိုတန်းမှ စံထူး၊ ၄၅-၅၀ ကီလိုတန်းမှ ဇေယျာတို့က ရယူပေးနိုင်ခဲ့သည်။ ကျော်နိုင်ထွန်းမှာ ဗီယက်နမ်မှ ကစားသမားကို အနိုင်ရခဲ့ခြင်းဖြစ်ပြီး စံထူးမှာလည်း ထိုင်းမှကစားသမားကို အနိုင်ယူခဲ့ခြင်းဖြစ်သည်။

ရွှေတံဆိပ်ဆုရှင် ကျော်နိုင်ထွန်းမှာ အကောင်းဆုံးကစားသမားဆုကိုပါ ရရှိခဲ့သည်။ ငွေ သုံးခုကို ၅၅-၆၀ ကီလိုအတိုက် ပြိုင်ပွဲမှ ရဲကျော်၊ တစ်ဦးချင်းအပြပြိုင်ပွဲမှ ထက်ဝေလှိုင်၊ နှစ်ယောက်တွဲ အပြပြိုင်ပွဲမှ ရဲမောင်မောင်နှင့် သူရစိုးအတွဲ၊ ကြေး နှစ်ခုကို အတိုက်ပြိုင်ပွဲမှ သင်းမြတ်အေးက တစ်ခုနှင့် တင်လင်းအောင်က တစ်ခုတို့ ရရှိခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုရရှိသူများအား (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ ယင်းပြိုင်ပွဲကို ဇွန် ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲအပြီးတွင် ဗီယက်နမ်က ရွှေ ရှစ်ခု၊ ငွေ လေးခု၊ ကြေး လေးခုဖြင့် ပထမ၊ အင်ဒိုနီးရှားက ရွှေ ငါးခု၊ ငွေ ငါးခု၊ ကြေး လေးခုဖြင့် ဒုတိယ၊ မြန်မာက ရွှေ သုံးခု၊ ငွေ သုံးခု၊ ကြေး နှစ်ခုဖြင့် တတိယတို့ ရရှိကြသည်။

**ကြော်ငြာ အချပ်ပို ပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို စာမျက်နှာ (က) မှ (ဃ)အထိ ပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ငွေ၊ ဝီရိယ၊ ခွန်အားစိုက်ထုတ်

နိုင်ငံတော်အစိုးရသက်တမ်းသည် နှစ်နှစ်တာကာလ ကျော်ရှိခဲ့ပြီ ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်တွင် နိုင်ငံရေးတည်ငြိမ်မှုနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့သည်။ ဒုတိယအဆင့်မှာ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေးဖြစ်ပြီး စီးပွားရေးတွင် အခြားနိုင်ငံများနည်းတူ ကာလတို၊ ကာလရှည် စီမံကိန်းများ ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်သည် တည်ငြိမ်အေးချမ်းမှုအပေါ်တွင် များစွာတည်မှီနေသည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံရေးတည်ငြိမ်ရန်၊ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရန်၊ စီးပွားရေးပိတ်ဆို့တားဆီးမှုများ ဖယ်ရှားနိုင်ရန် နှစ်နှစ်တာကာလအတွင်း အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်စဉ် မမျှော်လင့်သည့် လူမျိုးရေး၊ ဘာသာရေးအသွင်ဆောင်သည့် ပဋိပက္ခများ၊ ခေတ်ဟောင်း စနစ်ဟောင်းက မကျေနပ်မှုအပေါ် တောင်းဆိုမှုများ၊ သဘာဝဘေးဒဏ်များစသည့်အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့ရသဖြင့် ဖြေရှင်းကျော်လွှားခဲ့ရသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းနေပါမှ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လုပ်ငန်းများလုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။

နိုင်ငံတော်အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပြီး နိုင်ငံတော်အတွက် လိုအပ်သော နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် ပူးပေါင်းပါဝင်ရန် နှစ်ဦးနှစ်ဖက်အကျိုးရှိမည့်လုပ်ငန်းများကို နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများကိုလည်း ဖယ်ရှားနိုင်ခဲ့သဖြင့် စီးပွားရေးအခွင့်အလမ်းကောင်းများ တိုးတက်ရရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံသည် အာရှဒေသ၏ လမ်းဆုံလမ်းခွတွင်ရှိပြီး လူဦးရေသန်းနှစ်ထောင်ကျော်နေထိုင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလျင်အမြန်ဆုံးဖြစ်နေသော ဈေးကွက်များကို ချိတ်ဆက်ပေးမည့် မဟာဗျူဟာမြောက်နေရာ ဖြစ်သည်။

အဘက်ဘက်ကပြည့်စုံသည့် အချိန်ကာလတွင် အချိန်အခါနှင့်အခွင့်အလမ်းကို ပြည်သူများ အသုံးချတတ်ကြရမည်ဖြစ်သည်။ ယခုအခါ ပြည်ပမှ ရင်းနှီးမြှုပ်နှံလိုသောသူများအတွက် ဥပဒေရှိပြီးဖြစ်၍ ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများ ရှာဖွေပြီး တိုင်းပြည်အတွက်၊ ပြည်သူများအတွက်အကျိုးရှိမည့် လုပ်ငန်းများ၊ အန္တရာယ်မဖြစ်နိုင်သည့် ကုန်ထုတ်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်၊ ဈေးကွက်ရှာရန်တို့ကို ဆောင်ရွက်သွားရမည်ဖြစ်သည်။ တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များ ပေါ်ထွက်လာရန် ကြိုးပမ်းကြရမည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ဦးစားပေးလုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိရာ ဆင်းရဲနွမ်းပါးသူများ၏ အဓိက လိုအပ်ချက်မှာ ငွေကြေးအရင်းအနှီး ဖြစ်သည်။ ငွေကြေးအရင်းအနှီးများကို စနစ်တကျ ဖန်တီးပေးနိုင်ပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပါက ဆင်းရဲနွမ်းပါးမှုများ သိသာစွာလျော့နည်းကျဆင်းမည်ဖြစ်၍ နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရသည် ပြည်သူကိုဗဟိုပြုသည့် အစိုးရဖြစ်သည်နှင့်အညီ စိတ်ရင်းစေတနာဖြင့် ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ပြည်သူများကလည်း တစ်ဦးချင်းမှအစပြုပြီး အသိစိတ်ဓာတ်ရှိရှိဖြင့် ကျရာတာဝန်ကို ဇွဲရှိရှိ၊ ဝီရိယအားစိုက်ထုတ် လုပ်ကိုင်ကြပါက ဒီမိုကရေစီ၏ အနှစ်သာရကို ရယူခံစားနိုင်မည်ဟုယုံကြည်မိပါကြောင်း။ ။

## ပြည်တွင်းသတင်း

# အင်ဒိုနီးရှား-မြန်မာ ဒီမိုကရေစီအကူးအပြောင်းနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေး

**ရန်ကုန် ဇွန် ၂၇**

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအကူးအပြောင်းကာလတွင် တွေ့ကြုံလာရသော စိန်ခေါ်မှုများကိုကျော်လွှားရန် အင်ဒိုနီးရှားအပါအဝင် အာဆီယံနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ တက်ကြွစွာ ကူညီပံ့ပိုးပေးသည်ကိုကျေးဇူးတင်ကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဦးဆောင်မှုဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် နှစ်နှစ်တာကာလအတွင်း သိသာထင်ရှားသော ပြောင်းလဲမှုများအဖြစ် မြန်မာပြည်သူလူထုနှင့် နိုင်ငံတကာအသိုင်းအဝိုင်းကပါ လက်ခံကြိုဆိုလျက်ရှိကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်ခြင်းဖြင့် ဆွေးနွေးပွဲတွင် လက်တွေ့ကျသော ဆွေးနွေးမှုများနှင့် အကောင်အထည်ဖော်နိုင်သော ရလဒ်ကောင်းများရရှိဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ဇွန် ၂၅ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပသော အင်ဒိုနီးရှား-မြန်မာဒီမိုကရေစီအကူးအပြောင်းနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ၌ သံအမတ်ကြီး (အငြိမ်းစား) ဦးညွန့်မောင်ရှိန်က ပြောကြားခဲ့သည်။

**ပြောကြား**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono က ကိုယ်ပိုင်သမိုင်းကြောင်းနှင့် အခိုင်အမာရပ်တည်လာသော မြန်မာနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံတို့အကြား ခိုင်မာကြာရှည်သော သံတမန်ဆက်ဆံရေးနှင့် ဒီမိုကရေစီစနစ်ကူးပြောင်းပုံတူညီခြင်းမှ ရရှိလာနိုင်သော နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမှုနှင့်စပ်လျဉ်း၍ ပြောကြားသည်။

**ကျင်းပ**

ဆက်လက်၍ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန Head of Policy Analysis and Development Agency Ambassador, Mr. Pitono Pumomo နှင့် Institute for Peace and Democracy (IPD) မှ Executive Director, Dr. I Ketut Putra Erauan (MA, Ph.D) တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပကြောင်း သိရသည်။

**(သတင်းစဉ်)**

# သောက်ရေကန်အတွင်း စွန့်ပစ်ရေများစီးဝင်စိမ့်ဝင်နေမှုကြောင့် ကျန်းမာရေးထိခိုက်မှုကိုစိုးရိမ်နေကြ

**ထင်သာမြင်သာ ပြုပြင်စရာ**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် တေးဥယျာဉ်(၁၃) လမ်းနှင့် ၁၅ လမ်းကြား၌ရှိသော သောက်ရေကန်သည် တိုးချဲ့အကွက်တွင် နေထိုင်သော ရပ်ကွက်နေပြည်သူများက ရေချိုသောက်ရေအဖြစ် မှီခိုအားထားလာသည်မှာ ယခင်သောင်ကြားရွာရှိစဉ်ကပင်ဖြစ်သည်။ အဝီစိတုံကင်ရေထက် ကန်ရေကိုသာအမှီပြုနေရသောကြောင့် မြို့နယ်စည်ပင်ဌာနမှ ကန်ကို ချဲ့ထွင်တူးဖော်ပေးခြင်း၊ နွေရာသီကန်ရေခန်းချိန်၌ ရေသန့်ဌာနနှင့် လူမှုရေးအသင်းအဖွဲ့တို့က သောက်ရေပေးဝေလှူရှိရာ ယခုအခါ ကန်ပတ်လည်၌ ကျူးကျော်တဲများ အစီအရီတိုးပွားလျက်ရှိပြီး စွန့်ပစ်ပစ္စည်းများပစ်ထားသော ရေဆိုးများ မိုးရေနှင့်အတူ ပြည့်လျှံလျက် ကန်ပေါင်မျက်နှာပြင်အထိ ရောက်ရှိနေကာ အမှိုက်ပုံမှရေများ သောက်ရေကန်အတွင်းသို့ ကန်ပေါင်အောက်ခြေမြေသားများအတွင်းမှ စီးဝင်နေသောကြောင့် ကျန်းမာရေးအတွက် ရပ်ကွက်နေ ပြည်သူများစိုးရိမ်ပူပန်မှုဖြစ်ပေါ်လျက်ရှိကြသည်။

**တားဆီး**

ဇူလိုင်မိုး၌ ကန်အရှေ့ဘက် တေးဥယျာဉ် ၁၄ လမ်းရှိ ကျူးကျော်အိမ်များအောက်မှ ရေဆိုးများ ကန်ပေါင်၌ တင်နေရာမှ ကန်အတွင်းသို့ လျှံကျဝင်ရောက်နိုင်သည့်အပြင် လက်ရှိကန်နံဘေးရှိ အမှိုက်ပုံဟောင်းမှ ရေများစီးဝင်နေသောကြောင့် အချိန်မီပိတ်ဆို့ ပြုပြင်နိုင်မှသာ ရေမှဖြစ်ပွားသောရောဂါများကို တားဆီးကာကွယ်နိုင်မည်ဖြစ်ပြီး ကန်အနီးရှိကျူးကျော်တဲများကို ရွှေ့ပြောင်းနိုင်ပါက စွန့်ပစ်ပစ္စည်းများ၊ ပျော်ဝင်နေသော ရေဆိုးများ သောက်ရေကန်အတွင်း စိမ့်ဝင်နေမှုကို တားဆီးနိုင်မည်ဖြစ်ကာ ရေစီးရေလာကောင်းမွန်ရန် အချိန်မီမြောင်းများတူးဖော်နိုင်ပါက ကျန်းမာသန့်ရှင်းရောဂါကင်းသော ကန်ရေကို ရပ်ကွက်နေပြည်သူများ သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း ကြိုတင်ကာကွယ်နည်းလမ်းတစ်သွယ်အဖြစ် ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍမှ တင်ပြအပ်ပါသည်။

**(၁၆၄)**

# အနေ့းယာဉ်ဆိုက်ကား သယ်ယူပို့ဆောင်ရေး သမဝါယမအသင်းသားများသို့ ငွေထုတ်ချေး

**ရမည်းသင်း ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာနရုံးတွင် ဇွန် ၁၈ ရက်က အနေ့းယာဉ်ဆိုက်ကား သယ်ယူပို့ဆောင်ရေးအသင်းလီမိတက်အသင်းသားများကို အသေးစားချေးငွေ (ဒုတိယအကြိမ်) ထုတ်ချေးပေးခြင်း အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က အခြေခံလူတန်းစားများလိုအပ်နေသော ငွေကြေးအရင်းအနှီးအတွက် အသေးစားချေးငွေလုပ်ငန်းကို သမဝါယမအသင်းများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ် သမဝါယမဦးစီးအရာရှိ ဦးဇော်လင်းက သမဝါယမအသင်းများ ဖွဲ့စည်းပြီး အသေးစားချေးငွေများ ထုတ်ချေးပေးခြင်းနှင့် သမဝါယမ၏ ရှေ့လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်က အနေ့းယာဉ်(ဆိုက်ကား) သယ်ယူပို့ဆောင်ရေးလီမိတက် ဥက္ကဋ္ဌ ဦးအောင်မြင့်အား အသင်းသား၂၁ဦးအတွက် ဒုတိယအကြိမ် ထုတ်ချေးငွေကျပ် ၁၀၅၅၀၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။ **(၄၁၆)**


၂၀-၆-၂၀၁၃ ရက်မှ စတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ပြသနေသောဇာတ်ကားများ

| | | |
|---|---|---|
| သမ္မတ ဖုန်း-246962, 246963 | ပန်းကြာဝတ်မှုန် | |
| သွင်း ဖုန်း-372594, 09732... | ပန်းကြာဝတ်မှုန် | |
| မင်္ဂလာ(၁) ဖုန်း-243857, 243858 | ပန်းကြာဝတ်မှုန် | |
| TOP ROYAL | WORLD WAR Z 3D | Brad Pitt, Mireille Enos, Daniella Kertesz 3D |
| နေပြည်တော် ဖုန်း-251271, 251288 | WORLD WAR Z 3D | Brad Pitt, Mireille Enos, Daniella Kertesz 3D |
| ရွှေဂုံ ဖုန်း-252113, 388834 | MAN of STEEL 3D | Henry Cavill, Amy Adams, Michael Shannon, Diane Lane, Russell Crowe 3D |
| မင်္ဂလာ(၂) | EPIC 3D | Amanda Seyfried, Colin Farrell, Josh Hutcherson, Steven Tyler, Beyoncé Knowles 3D |



**MYANMAR YANG TSE COPPER LIMITED**
**(OVERSEAS TENDER NOTICE)**

TENDER NO. (Ref No. CC5-06-13)

Sale of an estimated (1000 metric tons) of Copper Cathode from MYTCL S&K Mine site in Monywa, Myanmar.

CLOSING DATE & TIME: 8th July 2013 at 12:00 noon

Tender document is available at the following address or can be accessed at www.myanmaryangtse.com.mm. Any queries can be done between 10 am to 4pm at MYTCL Yangon Office before the Tender Closing Date.

Myanmar Yang Tse Copper Limited
70 (I) Bo Chein Street, Pyay Road, Hlaing Township
Yangon, Myanmar (Tel: (95) 1-514194 to 7/ Fax: (95) 1 514308/ Email: yangtse@yangtse.com.mm)

**တွေ့ဆုံ ဆွေးနွေး**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှား-မြန်မာ စစ်ဘက်နည်းပညာ ပူးပေါင်း ဆောင်ရွက်ရေး ပူးတွဲကော်မရှင်၏ ရုရှားနိုင်ငံဘက်မှ ဥက္ကဋ္ဌ Mr. Alexander Fomin နှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## ရုရှား-မြန်မာ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးပူးတွဲကော်မရှင်၏ ရုရှားနိုင်ငံဘက်မှ ဥက္ကဋ္ဌနှင့်တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၇**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှား-မြန်မာ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်၏ ရုရှားနိုင်ငံဘက်မှ ဥက္ကဋ္ဌ Mr.Alexander Fomin နှင့် ဇွန် ၂၆ ရက် ညနေပိုင်းတွင် မော်စကိုမြို့ လီနင်ဂရက်ဘူတာ အရေးကြီးပုဂ္ဂိုလ်ဧည့်ခန်းဆောင်၌ တွေ့ဆုံပြီး နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပူးတွဲကော်မရှင်ဥက္ကဋ္ဌအား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ဆက်လက်ပြီး ပူးတွဲကော်မရှင် ဥက္ကဋ္ဌက ရုရှားနိုင်ငံ နိုင်ငံတကာစစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဌာနမှ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံ ဂုဏ်ထူးဆောင်လက်မှတ်နှင့် အမှတ်တရတံဆိပ်အား ပေးအပ်ခဲ့သည်။

ဒေသစံတော်ချိန် ညနေ ၄ နာရီက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မော်စကိုမြို့ လီနင်ဂရက်ဘူတာသို့ရောက်ရှိပြီး လီနင်ဂရက်ဘူတာမှ Sapsam ရထားဖြင့် ဆက်လက် ထွက်ခွာလာရာ စိန့်ပီတာစဘတ်မြို့ရှိ မော်စကိုဘူတာသို့ ဒေသစံတော်ချိန် ည ၈နာရီ မိနစ် ၄၀ တွင် ရောက်ရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အနောက်ပိုင်းစစ်ဒေသမှ ဒုတိယစစ်ဒေသမှူး Major General Mareinyuk V.O နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် Ambassador ဟိုတယ်သို့ ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

▲ ရှေ့ဖုံးမှ

"လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီ" က လုပ်ငန်းများဆောင်ရွက်ရာတွင် စိစစ်ပေးရန်ရောက်သွားသည့် ရွာက လူအင်အားသုံးပြီး တားဆီးနှောင့်ယှက်သည့်အခက်အခဲကြောင့် လောလောဆယ် နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းများ ရပ်ဆိုင်းထားပါကြောင်း၊ အခြေအနေပေးလျှင် စိစစ်ရေးလုပ်ငန်းဆက်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

"ယာယီနေရာ ချထားရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းကော်မတီ" အနေဖြင့် ဒုက္ခသည်များ အမိုးအကာအောက် ရောက်သွားရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ဘဏ္ဍာငွေဖြင့် ဒေသခံဆောက်လုပ်ရေးအဖွဲ့များက ဆောက်လုပ်ပေးနေသော အိမ်တန်းလျား ၉၈၉ လုံးထဲမှ ယခုဆိုရင် ၅၅ လုံးသာ ဆောက်ရန်ကျန်ရှိပြီး ယခုလကုန်တွင် အကုန်ပြီးမည်ဟု မှန်းထားပါကြောင်း၊ ပြီးရင်ပြီးသလောက် ဒုက္ခသည်များကို ရွှေ့ပြောင်းနေရာချထားပေးပြီး ဖြစ်ပါကြောင်း။

လုံးချင်းအိမ် ၁၂၄၂ လုံးတွင် ၂၃ လုံးသာ ကျန်တော့သည့်အတွက် အချိန်မီပြီးမည်ဖြစ်ပါကြောင်း၊ စာသင်ကျောင်း ၃၄ ကျောင်း ဆောက်လုပ်ရာတွင် ရှစ်ကျောင်း ကျန်နေသေးသည့်အတွက် ပြီးစီးအောင် တွန်းအားပေးရမည်ဖြစ်ပါကြောင်း။

ပြီးစီးရန်အတွက် အခက်အခဲရှိသည်မှာ UNHCR က ဦးဆောင်ပြီး ဆောက်လုပ်ပေးနေသော တန်းလျားအိမ် ၅၆၄ လုံးထဲမှ ၂၁၆ လုံး ကျန်နေသေးသည့်အတွက် ညှိနှိုင်းတွန်းအားပေး ဆောက်လုပ်ရန်လိုပါကြောင်း။

ဒုက္ခသည်များ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖြစ်သည့် လယ်ယာစိုက်ပျိုးရေး၊ သားငါးရှာဖွေရေး၊ ဈေးရောင်းဈေးဝယ်လုပ်ငန်း၊ တစ်နိုင်တစ်ပိုင် သယ်ပို့လုပ်ငန်းငယ်လေးများလုပ်နိုင်အောင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက သက်ဆိုင်ရာဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ပေးနေရာ ပြဿနာကြီးငယ်မရှိဟု သိရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လုပ်ငန်းကော်မတီများအနေဖြင့် ဒုက္ခသည်များ မိမိခြေထောက်ပေါ် မိမိ ပြန်လည်ရပ်တည်သွားနိုင်အောင်၊ ဆက်လက်ကူညီပေးသွားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဆေးခန်းများမပြီးသေးခင် Mobile Team နှင့် စောင့်ရှောက်မှုပေးသွားရမည်ဖြစ်ပါကြောင်း၊ အစုလိုက်အပြုံလိုက် ဖြစ်တတ်သောရောဂါ မဖြစ်ပွားအောင်လည်း ကာကွယ်ဂရုစိုက်ပေးသွားရန် လိုအပ်ပါကြောင်း၊ သောက်သုံးရေ လုံလုံလောက်လောက်ရရှိအောင်လည်း ဆောင်ရွက်ပေးသွားရန် လိုမည်ဖြစ်ပါကြောင်း။

"နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းကော်မတီ" သည် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာ INGO၊ NGO များနှင့် ပူးပေါင်းပြီး ၎င်းတို့ကူညီဆောင်ရွက်ပေးနေသည့် လုပ်ငန်း အဆင်ပြေပြေဖြစ်အောင် အတတ်နိုင်ဆုံး ကူညီပေးရန်နှင့် မိမိတို့ဘက်က လိုအပ်သည်များလည်း နှစ်ဖက်ညှိနှိုင်းပြီး နှစ်ဖက်အကျိုးရှိအောင် ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း။

ထို့ကြောင့် ယနေ့အစည်းအဝေးတွင် ဗဟိုကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများအနေဖြင့် ရခိုင်ပြည်နယ်သို့သွားရောက်ပြီး မိမိတို့ဆောင်ရွက်နေသော လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေ၊ ကြုံတွေ့ရသောအခက်အခဲ၊ ရှေ့ဆောင်ရွက်ရန် လိုအပ်သည်များကို တင်ပြဆွေးနွေးကြရန် ဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံချက်များနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီများအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဒေသတွင်း ယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းပြီးစီးမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို အသီးသီးရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ရခိုင်ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် စုံစမ်းစစ်ဆေးရေးကော်မရှင် အစီရင်ခံစာပါ အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေးကဏ္ဍများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းပြောကြားကြသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ဌာန |
|---|---|
| (၁) ဦးမောင်မောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြပ်မတ်ကွပ်ကဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၂) ဦးရဲမြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်ငွေကြေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၃) ဒေါက်တာဒေါ်စန္ဒာဦး<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်စီးပွားရေးတက္ကသိုလ် | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

# Telenor Mobile Communications နှင့် Ooredoo ကုမ္ပဏီတို့အား

## တစ်နိုင်ငံလုံးဆက်သွယ်ရေးအော်ပရေတာ လိုင်စင်ရသူများအဖြစ်ရွေးချယ်

**နေပြည်တော် ဇွန် ၂၇**

Telecommunications Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီသည် နော်ဝေနိုင်ငံအခြေစိုက် Telenor Mobile Communications ကုမ္ပဏီနှင့်ကာတာနိုင်ငံအခြေစိုက် Ooredoo ကုမ္ပဏီနှစ်ခုတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ သဘောတူညီချက်ဖြင့် မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးအော်ပရေတာ လိုင်စင်ရရှိသူများအဖြစ် ရွေးချယ်လိုက်ကြောင်း သိရှိရသည်။

**ရွေးချယ်ခဲ့**

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၏ တင်ဒါတွင်ထည့်သွင်းပြဋ္ဌာန်းပြီးဖြစ်သည့် လိုအပ်ချက်များအပေါ် ယခုရွေးချယ်ခြင်းခံရသော ကုမ္ပဏီနှစ်ခုအနက် တစ်ခုခုက မဖြည့်ဆည်းနိုင်သည့်ကိစ္စရပ်မျိုးအတွက် France Telecom-Orange ကုမ္ပဏီနှင့် Marubeni Corporation တို့ကို ပေါင်းစပ်တည်ထောင်ထားသည့်ကုမ္ပဏီကို အရန်ကုမ္ပဏီအဖြစ် ရွေးချယ်ခဲ့ကြောင်း သိရသည်။

**ချထားပေး**

နိုင်ငံတကာမှ နည်းပညာရပ်ဆိုင်ရာကျွမ်းကျင်သူများအဖွဲ့၏ ပံ့ပိုးဆောင်ရွက်မှုဖြင့် လွတ်လပ်စွာဖွဲ့စည်းထားသည့် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၏ ထောက်ခံတင်ပြမှုအပေါ် အခြေခံ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် အဆိုပါရွေးချယ်ထားသောကုမ္ပဏီနှစ်ခုတို့အား မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးဆိုင်ရာ လိုင်စင်နှင့် ဆက်စပ်လုပ်ငန်းလိုင်စင်များ ချထားပေးနိုင်ရန်အတွက် အပြီးသတ်လုပ်ငန်းစဉ်များကို ယခုမှစတင်ကာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံတကာသတင်း

# ကာတာစော်ဘွားသစ် ရှိတ်တာမင် အစိုးရအဖွဲ့နှင့် ဝန်ကြီးချုပ်သစ်ကြေညာ

**ဒိုဟာ ဇွန် ၂၇**

ကာတာစော်ဘွားသစ် ရှိတ်တာမင်ဘင်ဟာမက်အယ်လ်တာနီသည် ဖခင်ဖြစ်သူ ရှိတ်ဟာမက်ထံမှ ထီးနန်းလွှဲပြောင်းယူပြီး တစ်ရက်အကြာ အစိုးရဝန်ကြီးအဖွဲ့သစ်ကိုလည်း ထုတ်ပြန်ကြေညာလိုက်သည်။

ရှိတ်အဗ္ဗဒူလာ ဘင်နက်ဆာဘင်ခါလီဖာအယ်လ်တာနီအား ကာလနှစ်ကြာရှည်စွာ တာဝန်ထမ်းဆောင်ခဲ့သော ဝန်ကြီးချုပ် ရှိတ်ဟာမက်ဘင်ဂျက်ဆင်အယ်လ်တာနီ၏ နေရာတွင် အစားထိုးခန့်အပ်လိုက်သည်။

အသက် ၃၃ နှစ်ရှိ ကာတာစော်ဘွားသစ်က ၎င်း၏ဖခင်အနေဖြင့် ကာတာနိုင်ငံကို တိုးတက်ပြောင်းလဲသောနိုင်ငံအဖြစ် ဦးဆောင်ဦးရွက်ပြုနိုင်ခဲ့ခြင်းကို ချီးကျူးမိကြောင်း ပထမဆုံးနိုင်ငံသို့ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားလိုက်သည်။ အယ်လ်တာနီမိသားစုသည် ကာတာနိုင်ငံကို နှစ်ပေါင်း ၁၅၀ နီးပါး အုပ်ချုပ်ခဲ့ပြီးဖြစ်သည်။ ဝန်ကြီးချုပ်သစ်သည် ပြည်ထဲရေးဝန်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **(ဘီဘီစီ)**

# တောင်ကိုရီးယားသမ္မတ တရုတ်သို့ လေးရက်ကြာ ခရီးလည်ပတ်

**ဆိုးလ် ဇွန် ၂၇**

တောင်ကိုရီးယားသမ္မတ ပတ်စ်ဂွမ်ဟေးသည် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ လေးရက်ကြာခရီးအဖြစ် ရောက်ရှိနေကြောင်း ဇွန် ၂၇ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မစ္စပတ်ခ်ဂွမ်ဟေးသည် သူမ၏ခရီးစဉ်အတွင်း မြောက်ကိုရီးယားကိစ္စ ဆွေးနွေးလိမ့်မည်ဟု မျှော်လင့်ရသည်။ ထိုနေ့နှောင်းပိုင်းတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံသော တောင်ကိုရီးယားသမ္မတအနေဖြင့် တရုတ်နိုင်ငံက မြောက်ကိုရီးယား နျူကလီးယားဆွေးနွေးမှုအပေါ် ထောက်ခံမှုရလိမ့်မည်ဟု မျှော်လင့်ထားသည်။

တရုတ်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ အဓိကမိတ်ဆွေနိုင်ငံဖြစ်သည်။ မြောက်ကိုရီးယား နျူကလီးယားလက်နက်အစီအစဉ် အဆုံးသတ်ရေး ၂၀၀၉ ခုနှစ်မှစပြီး တရုတ်အပါအဝင်ခြောက်နိုင်ငံ ဆွေးနွေးပွဲများဖြင့် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။ **(ဘီဘီစီ)**

# ဩစတြေးလျဝန်ကြီးချုပ်အဖြစ် ကီဗင်ရုဒ် ကျမ်းသစ္စာကျိန်ဆို

**ကင်ဘာရာ ဇွန် ၂၇**

ကီဗင်ရုဒ်သည် လေဘာပါတီခေါင်းဆောင် လက်ရှိဝန်ကြီးချုပ် ဂျူလီယာဂေးလတ်အား အနိုင်ရပြီး တစ်ရက်အကြာတွင် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း ဇွန် ၂၇ ရက်ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

မစ္စတာရုဒ် **(အပေါ်ပုံ)**သည် အစိုးရအိမ်တော် ဘုရင်ခံချုပ် ကွာတင်ဘရိုင်ဆေး၏ရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

အဆိုပါ ခေါင်းဆောင်အပြောင်းအလဲသည် စက်တင်ဘာ ၁၄ ရက်တွင် ကျင်းပရန်စီစဉ်ထားသည့် အထွေထွေရွေးကောက်ပွဲရက်မတိုင်မီ ဖြစ်ပေါ်လာခဲ့သည်။

အတိုက်အခံခေါင်းဆောင် တိုနီအဘော့ကလည်း သတ်မှတ်မဲပေးရက်ထက်နောက်မကျဘဲ ရွေးကောက်ပွဲလုပ်ရန် ဆော်ဩတိုက်တွန်းခဲ့သည်။ အင်န်တိုနီအယ်လ်ဘာနိဇ်သည် ဒုတိယဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီး ခရစ္စဘိုဝမ်ကိုလည်း ဘဏ္ဍာရေးမှူးအဖြစ် ဝေနီဆွမ်၏နေရာတွင် အစားထိုးခန့်အပ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **(ဘီဘီစီ)**

# အမေရိကန်ထိပ်တန်းထောက်လှမ်းရေးမှတ်တမ်းများ စနိုးဒန်းကြောင့် တရုတ်နှင့် ရုရှားတို့ထံ ပေါက်ကြား

**ဝါရှင်တန် ဇွန် ၂၇**

အမေရိကန်နိုင်ငံ၏ ထိပ်တန်းလုံခြုံရေးအဆင့်သတ်မှတ်ထားသော ထောက်လှမ်းရေးနှင့် စစ်သတင်းအချက်အလက်များသည် နိုင်ငံ၏ အမျိုးသားလုံခြုံရေးအေဂျင်စီ ထိုးဖောက်ခိုးယူခြင်းခံရပြီးနောက် တရုတ်နှင့်ရုရှားနိုင်ငံတို့ သတင်းအချက်အလက်ရရှိသွားခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အမျိုးသားလုံခြုံရေးအေဂျင်စီ (NSA) တွင် တာဝန်ထမ်းဆောင်ဖူးသူစနိုးဒန်းက အမေရိကန်ထောက်လှမ်းရေးအစီအစဉ်နှစ်ရပ်မှ အချက်အလက်အချို့ကို မီဒီယာများသို့ ဖွင့်ချခဲ့သည်။ ဟောင်ကောင်တွင် စနိုးဒန်းရှိနေစဉ် NSA လုံခြုံရေးမှတ်တမ်း ထောင်ပေါင်းများစွာ သူပိုင် Laptop ကွန်ပျူတာလေးလုံးတွင် သိမ်းဆည်းထားသည်ဟု ပြောကြားခဲ့သည်။

အမေရိကန်၏ ကြီးစွာသောကြောင့်ကြမှုမှာ စနိုးဒန်းရရှိသွားသော လျှို့ဝှက်ဖိုင်များတွင် နျူကလီးယားစီမံကိန်းသစ်မှတ်တမ်းလည်း ပါရှိသွားကြောင်း မီဒီယာတစ်ခုက သတင်းထုတ်ဖော်သည်။

စစ်ရေးပစ်မှတ်များ တိုက်ခိုက်သည့် အမေရိကန်၏တရားဝင်စစ်ဆင်ရေးများကိုတော့ဖွင့်ချမှာမဟုတ်ကြောင်း သည်ဂါးဒီးယန်းသို့ စနိုးဒန်းက ဇွန် ၁၇ ရက်တွင် ပြောကြားခဲ့သည်။

ထောက်လှမ်းရေးသတင်းများအရ တရုတ်အေးဂျင့်များသည် စနိုးဒန်းနှင့် ဆက်သွယ်ခဲ့သည်ဟု ဆိုသည်။ တရုတ်နိုင်ငံက စနိုးဒန်းတွင်ပါသွားသည့် လျှို့ဝှက်မှတ်တမ်းမှတ်ရာ အကုန်ရရှိသွားပြီဟု အမည်မဖော်သည့် အရာရှိတစ်ဦးက ပြောကြားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က အမေရိကန်နှင့် နှစ်နိုင်ငံကြား တရားခံလွှဲပြောင်းရေး သဘောတူညီချက်မရှိခြင်းကြောင့် စနိုးဒန်းအား လွှဲပြောင်းပေးရန် ရည်ရွယ်ချက်မရှိကြောင်း ပြောကြားသည်။

ရုရှားနိုင်ငံအား ထောက်လှမ်းနေသည့် အမေရိကန်လျှို့ဝှက်စီမံကိန်းများကို မေးမြန်းလို၍ စနိုးဒန်းပြည်တွင်းမှ ထွက်ခွာမည့်အရေးကို နှောင့်နှေးထားသည်ဟု ရုရှားအပေါ် အမေရိကန်တာဝန်ရှိသူများက ထင်မြင်လျက်ရှိသည်။

အသက် ၃၀ အရွယ် စနိုးဒန်းသည် အမေရိကန်တွင် သူလျှိုမှုဖြင့် ဖမ်းဆီးမိန့်ထုတ်ထားခံရသည်။ ဇွန် ၂၆ ရက်အထိ မော်စကိုလေဆိပ်၌ပင် ပုန်းခိုနေဆဲဖြစ်ပြီး အီကွေဒေါနိုင်ငံက နိုင်ငံရေးခိုလှုံခွင့်ပေးလာမည်ကို စောင့်မျှော်လျက်ရှိနေသည်။ **(ပရက်စ်တီဗွီ)**

# ဗဟိုအာဖရိကသမ္မတနိုင်ငံ ရွှေတွင်းပြိုကျမှု သေဆုံးသူ ၅၂ ဦးအထိရှိလာ

**ဘန်ဂီ ဇွန် ၂၇**

ဗဟိုအာဖရိကသမ္မတနိုင်ငံ (စီအေအာရ်) ရှိ ရွှေတွင်းတစ်တွင်းပြိုကျမှုတွင် ကံဆိုးမိုးမှောင်ကျပြီး သေဆုံးသူအရေအတွက်သည် ကနဦးထုတ်ပြန်ချက် ၃၇ ဦးရှိရာမှ ယခုအခါ ၅၇ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ဒေသဆိုင်ရာ အရာရှိများ၏ ပြောကြားချက်ကို ဇွန် ၂၇ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ဇွန် ၂၃ ရက်က ဖြစ်ပွားခဲ့သော ရွှေတွင်းပြိုကျမှုမှ သေဆုံးသူအရေအတွက်သည် ၅၂ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း၊ အဆိုပါရွှေတွင်းအနီးရှိ ဘမ်ဘရီမြို့တော်ဝန် ဒီဒီယာအော့အင်န်ဂီက ဇွန် ၂၆ ရက်တွင် ပြောကြားသည်။

အဆိုပါမတော်တဆမှုသည် ဗဟိုအာဖရိကသမ္မတနိုင်ငံ မြို့တော်ဘန်ဂီအရှေ့ဘက် ကီလိုမီတာ ၄၄၀ ခန့်အကွာ အော့ကာစီ စီရင်စုအင်န်ဒါစီမာမြို့ရှိ ရွှေတွင်းတစ်တွင်း၌ ဇွန် ၂၃ ရက်က ဖြစ်ပွားခဲ့ကြောင်း၊ မိုးများသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားရာမှ ထိုသို့ ရွှေတွင်းပြိုကျခဲ့ခြင်းဖြစ်ကြောင်း စီအေအာရ်အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။ **(ပရက်စ်တီဗွီ)**

**မောင်မွေး ရေးသားသည်**


### ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ [illegible] (၁၅)ရပ်ကွက်၊ [illegible] အမှတ်(၁၀)တွင်တည်ရှိသော GLOBAL FOOD MYANMAR COMPANY LIMITED သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ [illegible] ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။

Harley's

(၄/၅၄၁၅/၂၀၁၃)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို အရောင်အသွေးအမျိုးမျိုး အရွယ်အစားအမျိုးမျိုးဖြင့်ပြုလုပ်ပြီး စားသောက်ဆိုင်လုပ်ငန်းအပါအဝင် [illegible] အမျိုးအစားသတ်မှတ်ချက်(၄၃)ပါ "Services for providing food and drink; temporary accommodation" လုပ်ငန်းများတွင် အသုံးပြုလျက်ရှိပါသည်။ မည်သူမဆို အဆိုပါကုန်အမှတ်တံဆိပ်ကို GLOBAL FOOD MYANMAR COMPANY LIMITED ၏ [illegible] ဥပဒေများအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးထိန်လင်းဦး LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-[illegible])
MYANMAR TRADEMARK AND PATENT LAW FIRM
[illegible] ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း [illegible] E-mail: [illegible]

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် ကောင်းမြတ်ထွန်း (KAUNG MYAT TUN)နိုင်ငံကူးလက်မှတ်M-၇၂၃၈၀၃စာအုပ် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၁၂၈၁၆၊ ၀၉-၅၁၇၇၄၅၆

**အမည်ပြောင်း**

မြန်အောင်မြို့နေ ဦးကျော်ထွန်းအောင်-ဒေါ်မာမာလွင်တို့၏သား အထက၊ မြန်အောင် ပဥ္စမတန်း(B)မှ မောင်ထက်ဝန်းပြည့်အား မောင်ထက်ဘုန်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ထက်ဘုန်းအောင်**

**အမည်မှန်**

ဦးဝင်းနိုင် ၁၂/အစန(နိုင်)၁၂၄၈၉၅ ၏သား လှိုင်သာယာမြို့နယ် အထက(၂) တက္ကသိုလ်ဝင်တန်း(N)မှ မောင်ထက်ရဲ၏ အမည်မှန်မှာ မောင်ထိုက်ရဲဖြစ်ပါသည်။
**မောင်ထိုက်ရဲ**

**အမည်ပြောင်း**

နေပြည်တော်၊ပျဉ်းမနားမြို့၊ပညာပန်းတိုင်ကိုယ်ပိုင် အထက်တန်းကျောင်း၊ အဋ္ဌမတန်းတွင် ပညာသင်ကြားနေသော ဦးရဲဝင်း၏သမီး မထက်ထက်ခိုင်အား ယနေ့မှစ၍ မပိုသာထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ဖခင်အမည်မှန်**

အထက(ခွဲ)ညောင်နှစ်ပင် မော်ဘီ နဝမတန်း(က)မှ မသန္တာလှိုင်၏ဖခင်အမည်မှန်မှာ ၁၂/မဘန(နိုင်)၀၈၀၁၁၇အရ ဦးဖုန်းမြင့်လှိုင် ဖြစ်ပါကြောင်း။
**ဦးဖုန်းမြင့်လှိုင်**

**အိမ်ရောင်းမည်**

ကျပ်သိန်း(၁၅၀)
ပေ (၁၅×၅၀)/1 PT/ရေမီး
နဝဒေးလမ်း(ဝေဘာဂီ)
မြောက်ဥက္ကလာပ။
ဖုန်း-၅၄၀၈၃၉၊ ၀၉-၅၁၅၂၇၄၉

**ကျေးဇူးဆပ်ပါမည်**

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၄၁ တိုးချဲ့ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တိုက်(၂၅)၊ အခန်းA.3၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ တွေ့ရှိသူများ ဖုန်း-၀၉-၄၂၅၀၂၂၉၄၆သို့ အကြောင်းကြားပါက ကျေးဇူးဆပ်ပါမည်။

### ကုန်အမှတ်တံဆိပ်တစ်ဦးတည်းပိုင်ဖြစ်ကြောင်းနှင့် တုပသုံးစွဲခြင်းမပြုရန် သတိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ဇေယျာရပ်ကွက်၊ နယ်မြေ(၅)၊ အကွက်အမှတ် ၇၉၇ တွင်နေထိုင်သူ ဦးဖြိုးဝေတိုး ၇/ပခန(နိုင်)၂၆၂၆၂၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အသုံးပြု၍ ရေခဲချောင်း၊ ရေခဲမုန့် အအေးလုပ်ငန်းကို ၂၀၁၂ ခုနှစ် ဖေလပိုင်း မှစတင်ပြီး လှည်းကူးမြို့တွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခဲ့ပါသည်။ ယင်းလုပ်ငန်းအတွက် လှည်းကူးမြို့စည်ပင်သာယာရေးအဖွဲ့မှ လိုင်စင်အမှတ် ၈/၂၀၁၃ ခွင့်ပြုချက်ရရှိခဲ့ပါသည်။ ထိုစဉ်က စာချုပ်စာတမ်းမှတ်ပုံတင်မပြုလုပ်ခဲ့သော်လည်း စစ်ကိုင်းမြို့သို့ လုပ်ငန်းခွဲပြောင်းရွှေ့ပြီးနောက် စစ်ကိုင်းမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အောက်ပါကုန်အမှတ်တံဆိပ်အား ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းမှုပိုင်အဖြစ် အသုံးပြုရန် မှတ်ပုံတင်သွင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

စပါယ်ရှယ် နို့အေးချောင်း

အထက်ပါကုန်အမှတ်တံဆိပ်အမှတ်အသားကို အရောင်အသွေးအမျိုးမျိုး၊ စာလုံးပုံစံအရွယ်အစားအမျိုးမျိုးပြုလုပ်၍ ကျွန်ုပ်၏မိတ်ဆွေမှ ရေခဲချောင်း၊ ရေခဲမုန့်စသည့် အအေးလုပ်ငန်းမျိုးစုံထုတ်လုပ်၍ စစ်ကိုင်းမြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ အထက်ပါအမှတ်တံဆိပ်ကို ကျွန်ုပ်၏မိတ်ဆွေ ခွင့်ပြုချက်မရရှိဘဲ အမှတ်တံဆိပ်အမည်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲသည်ကို တွေ့ရှိပါက ပြုလုပ်သုံးစွဲသူမည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ထွန်းကြည် (စဉ်-၃၂၄၄၄) LL.B
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၂၅၂၉၆၇၂၂၊ ၀၉-၃၃၂၀၂၆၇၅

# ပြန်လည်နိုးထရန် ကြိုးစားနေတဲ့ မိတ္ထီလာ

**ဖြိုးမောင်မောင်**

မိတ္ထီလာသည် ဒဏ်ရာဒဏ်ချက်များထဲမှ ပြန်လည်နိုးထရန် ကြိုးစားနေချေပြီ။ လွန်ခဲ့သည့် မတ်လ ၂၀ ရက်နေ့ ရက်ပေါင်းအားဖြင့် လွန်ခဲ့သည့် ရက်ပေါင်း ၉၀ ကျော်ခန့်က မထင်မှတ်သည့် ဈေးအရောင်းအဝယ်ကိစ္စ အချေအတင်ဖြစ်ရာမှ ကူးစက်ခဲ့သည့် ပဋိပက္ခမီးသည် မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးမြို့ပြီးလျှင် ဒုတိယစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအများဆုံး မြို့တော်ဖြစ်ရန် ဖွံ့ဖြိုးတိုးတက်စ မိတ္ထီလာကို ဒဏ်ရာဒဏ်ချက်များဖြင့် အထိနာစေခဲ့သည်။

ပဋိပက္ခများ စတင်ဖြစ်ပွားသည့်မတ် ၂၀၊ ၂၁ နှင့် ၂၂ ရက် ယင်းသုံးရက်သည် ဝေသာလီပြည်ပျက်သည့်နှယ် မိတ္ထီလာကို အရာရာဆိတ်သုဉ်းသွားစေခဲ့သည်။ ရက်ပေါင်းသုံးရက်တည်းဖြင့် မိတ္ထီလာ၏ ရပ်ကွက်တချို့မှ လူနေအိမ်၊ စီးပွားရေးအဆောက်အအုံများ ဖျက်ဆီးခြင်းခံခဲ့ရသော်လည်း မိတ္ထီလာကို ပြန်လည်နိုးထစေရန် ရက်ပေါင်း ၃၀၀ ကျော်မျှ ကြာမြင့်စေဦးမည်ဖြစ်သည်။ သို့တိုင် ရက်ပေါင်း ၉၀ ကျော် ကြာမြင့်ပြီးနောက် မိတ္ထီလာ၏ ပြန်လည်နိုးထမှု အရိပ်အယောင်များကို တွေ့မြင်ရစပြုပြီဖြစ်သည်။

ပဋိပက္ခဖြစ်ပြီးစ မိတ္ထီလာစီးပွားရေးလုပ်ငန်းဈေးကွက်၏ ပဓာနအကျဆုံး ပိတောက်မြိုင်ဈေး၊ ဗဟိုဈေးကြီးအပါအဝင် ကုန်စည်ရောင်းဝယ်ဖောက်ကားရာ မြို့မဈေးကြီးတစ်ခုလုံး ပြန်လည်ရောင်းဝယ်ဖောက်ကားပြီဟု ယူဆခဲ့ကြသော်လည်း အမှန်တကယ်ဆိုရသော် မြို့မဈေးကြီးတစ်ခုလုံး နံနက်ပိုင်းတွင်သာ ရောင်းချသည့် ဈေးငယ်တစ်ခုနှယ် နံနက်ပိုင်းတွင် ကပျာကယာ ဈေးရောင်း ဈေးဝယ် ပြုကြရသည်။ မွန်းလွဲ ၁၂ နာရီကျော်သည်နှင့် ဈေးကြီးတွင် ဈေးရောင်းချသူများသာရှိပြီး ဈေးဝယ်သူမရှိသည့် ဈေးကြီးတစ်ခု ဖြစ်ခဲ့လေသည်။ ယခုအချိန်တွင် အခြေအနေများ တဖြည်းဖြည်းပြောင်းလဲတိုးတက်စ ပြုလာသည်နှင့် မိတ္ထီလာမြို့မဈေးသည်လည်း မြို့၏ စီးပွားရေးလုပ်ငန်း အသက်သွေးကြောဈေးကြီးတစ်ခုနှယ် ယခင်ကဲ့သို့ ပြန်လည်စည်ကားစပြုနေသည်ကို တွေ့လာရသည်။ ဒေသခံနှစ်ဦးနှစ်ဖက်တို့သည်လည်း ပဋိပက္ခအသွင်ကို မည်သူမျှ ပြန်မသွားလိုတော့သည့် အသွင်အပြင်များရှိနေပြီမို့ မလိုလားအပ်သည့်ဖြစ်စဉ်များကို မဖြစ်ပွားစေရန် စိတ်ထဲတွင် ဆုမွန်ကောင်း တောင်းနေကြသည်။

ကယ်ဆယ်ရေးစခန်းငါးခုမှ ဒုက္ခသည် မိသားစုဝင်များအား ပြည်တွင်းပြည်ပ စေတနာရှင်အလှူရှင်များက စားနပ်ရိက္ခာ၊ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ခရမ်းချဉ်၊ ကြက်ဥ၊ အမဲသား၊ ငါးခြောက်၊ ရေသန့်၊ အစားအစာများနှင့် အဝတ်အထည်များ၊ အလှူငွေများ ကိုယ်တိုင်ကိုယ်ကျ လာရောက်လှူဒါန်းကြသည်ကို သက်ဆိုင်ရာ တာဝန်ရှိသူများက အဆင်ပြေချောမွေ့အောင် ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ရာ တချို့ဒုက္ခသည်များက ကယ်ဆယ်ရေးစခန်းများကို သုခဘုံအလား ထင်မှတ်နေကြသည်။ အိမ်အဆောက်အအုံ မပျက်၍ ပြန်ပို့ပေးသည်ကိုပင် မပြန်လိုကြပေ။ သို့သော် ထိုကဲ့သို့

လူများသည် လူအနည်းစုသာဖြစ်ပြီး လူအများစုသည် ကိုယ့်အိုးကိုယ့်အိမ် ကိုယ့်နေရာကို ပြန်လည်နေထိုင်လိုကြသည်။ ၎င်းတို့ကိုယ်တိုင် မိမိတို့နေအိမ် နေရပ်များကို ပြန်လည်နေထိုင်ကြလိုသကဲ့သို့ တာဝန်ရှိသူများဘက်တွင်လည်း ကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်မိသားစုဝင်များကို အရေအတွက် တဖြည်းဖြည်းလျှော့ရာမှ လုံးဝနေထိုင်စရာမရှိသော သူမျိုးကိုသာ ကယ်ဆယ်ရေးစခန်းများတွင် ဆက်လက်ထားရှိလိုတော့သည်။

ထို့ကြောင့် ပဋိပက္ခဖြစ်ပွားပြီးနောက်ပိုင်း တဖြည်းဖြည်းနှင့် မိတ္ထီလာ၏ အခြေအနေများ ပြန်လည်တည်ငြိမ်ချိန်တွင် နေအိမ်ပျက်စီးမှုမရှိသူများအား ၎င်းတို့၏ ရပ်ကွက်နေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရာ ပြည်သာယာမြောက်ပိုင်းရပ်ကွက်၊ ပြည်သာယာတောင်ပိုင်းရပ်ကွက်၊ အောင်ဆန်းရပ်ကွက်၊ ဈေးအရှေ့ပြင်ရပ်ကွက်၊ သီရိမင်္ဂလာရပ်ကွက်၊ သာယာကုန်းနယ်မြေ၊ ရတနာမာရ်အောင်ရပ်ကွက်၊ ရန်မျိုးအောင်ရပ်ကွက်နှင့် အောင်ဇေယျာရပ်ကွက်နယ်မြေများရှိ နေအိမ်ပျက်စီးမှုမရှိသည့် မိသားစုဝင်များအား ကယ်ဆယ်ရေးစခန်းများတွင် ဆက်လက်ထားရှိခြင်း မပြုတော့ဘဲ မိသားစုဝင်များ၏ ဆန္ဒအလျောက် ပြန်လည်ပို့ဆောင်နေထိုင်ခွင့်ပြုခဲ့ပြီဖြစ်ရာ ယခင်က ကယ်ဆယ်ရေးစခန်း ငါးခုတွင် စုစုပေါင်း လူဦးရေ ၈၀၀၀ နီးပါး ရှိခဲ့ရာမှ ယခုအခါ ၈၀၀ နီးပါးအထိသာ ကျန်ရှိတော့သည်အထိ အခြေအနေများ ကောင်းမွန်လာခဲ့ပြီဖြစ်သည်။

လူနေအိမ်ခြေများ ပျက်စီးမှုကြောင့် ကယ်ဆယ်ရေးစခန်းတွင် ကျန်ရှိနေသေးသည့် မိသားစုဝင်များအား ၎င်းတို့ပိုင် နေအိမ်အဆောက်အအုံများတွင် ပြန်လည်နေထိုင်ရန်အတွက် နယ်မြေတစ်ခုလုံးရှိ လူနေအိမ်များ မီးလောင်ပျက်စီးခဲ့သည့် နန်းတော်ကုန်းရပ်ကွက်၊ ချမ်းအေးသာယာနယ်မြေတွင် အဆင့်မြင့် ကွန်ဒိုတိုက်ခန်းများ တည်ဆောက်ရန် မြေပြင်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ မကြာတော့သည့် လပိုင်းအတွင်း၌ အဆင့်မြင့် ကွန်ဒိုတိုက်ခန်းများ ဆောက်လုပ်ရန် တင်ဒါအောင်မြင်သည့် ဆောက်လုပ်ရေးလုပ်ငန်းကြီးများက အချိန်နှင့်တစ်ပြေးညီ အကောင်းဆုံးပုံစံဖြင့် ဆောက်လုပ်သွားမည်ဟု မျှော်လင့်ရသည်။

ပဋိပက္ခကြောင့် မိတ္ထီလာမြို့ ပျက်စီးသွားပြီ။ မိတ္ထီလာမြို့သည် မြို့ပျက်ကြီးဖြစ်သွားပြီဟု လက်တွေ့မမြင်နိုင်သူများ ထင်ရလောက်အောင် မီဒီယာတချို့က ဖော်ပြခဲ့ကြသည်။ ယင်းမီဒီယာတချို့တွင် ဖော်ပြခဲ့မှုများသည် ဒေသခံမီဒီယာသတင်းသမားများ၏ ရေးသားမှုများမဟုတ်ဘဲ ရန်ကုန်၊ မန္တလေးမြို့ကြီးများမှ လာရောက်သည့် သတင်းသမားများ၏လက်ရာများ ဖြစ်ပါသည်။ ၎င်းသတင်းသမားများသည် ချမ်းအေးသာယာနယ်မြေနှင့် ရန်ကုန်-မန္တလေးကားလမ်းအနီးရှိ သီရိမင်္ဂလာရပ်ကွက် လူနေအိမ်နှင့် ဈေးဆိုင်အဆောက်အအုံများ မီးလောင်ပျက်စီးမှုကို တဒင်္ဂမြင်တွေ့ရုံဖြင့် မိတ္ထီလာပျက်စီးသွားပြီ၊ မိတ္ထီလာမြို့ပျက်ပြီဟု ရေးသားဖော်ပြခဲ့ကြခြင်းဖြစ်သည်။ ထိုစဉ်က မိတ္ထီလာသည် ၎င်းတို့ရေးသားခဲ့သည့်အတိုင်း ပျက်စီးခဲ့ပါလျှင် ယခုကဲ့သို့ တိုတောင်းသည့်အချိန်ကာလတစ်ခုအတွင်း မိတ္ထီလာ၏စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာနိုင်မည် မဟုတ်ပေ။ ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ ကျောက်မဲ၊ လားရှိုး စသည့်ဒေသတို့မှ ကုန်စည်သယ်ယူပို့ဆောင်ရေး ယာဉ်ကြီးများလည်း အချိန်တိုအတွင်း ပြန်လည်ဝင်ရောက်မောင်းနှင်ရပ်နားကာ ကုန်တင်၊ ကုန်ချပြုလုပ်နိုင်မည်မဟုတ်ပေ။ အလျဉ်းသင့်၍ ဆိုရလျှင် နိုင်ငံပိုင်သတင်းစာများ၌ အဆောက်အအုံပျက်စီးမှုများကို ဖော်ပြရာ ပညာရေးမှူးရုံးတစ်ရုံးဟု မှန်သည့်အတိုင်း ပါရှိသော်လည်း နာမည်ကြီးဂျာနယ် တစ်စောင်တွင် ပြန်ကြားရေးရုံးဟု ရေးသားဖော်ပြကာ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့များတွင် အရေးပေါ်အခြေအနေကြေညာကြောင်း သတင်းစာတွင် ဖော်ပြထားသော်လည်း အဆိုပါဂျာနယ်တွင် မန္တလေးခရိုင်အတွင်းဟု ရေးသားဖော်ပြထားသည်။ တိုင်းဒေသကြီးမြို့နှင့် ခရိုင်မြို့ကို ခွဲခြားမသိသကဲ့သို့ ရေးသားဖော်ပြထားခြင်းကြောင့် မိတ္ထီလာဒေသခံ ဂျာနယ်ပရိသတ်တချို့မှာ ထိုစဉ်က ဂျာနယ်သတင်းကို အလွဲတစ်ဝက် အမှန်တစ်ဝက်၊ ယုံရခက်ခက် မယုံရခက်ခက် ကိုယ့်မြို့အကြောင်း သိလိုသည့်စိတ်နှင့်သာ သက်ပြင်းချရင်း ဖတ်ရှုခဲ့ရလေသည်။

သီရိမင်္ဂလာ ရပ်ကွက်တွင် နေထိုင်သူများ၏ နေအိမ်အဆောက်အအုံများ ပြန်လည်တည်ဆောက်ပေးနိုင်ရေးကို ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြဆဲဖြစ်သည့် ကာယကံရှင်မိသားစုဝင်များအား သက်ဆိုင်ရာတာဝန်ရှိသူများက ခေါ်ယူညှိနှိုင်း ဆွေးနွေးပြောကြားပြီးဖြစ်သည်ဟု သိရသည်။ မဝေးတော့သည့်ကာလတွင် ယာယီကယ်ဆယ်ရေးစခန်းများရှိ မိသားစုများအားလုံးကို ၎င်းတို့ပိုင်ဆိုင်သည့် နေအိမ်များတွင် ပြန်လည်နေရာချထားပေးနိုင်မည်ဟု မိသားစုဝင်များနှင့် တာဝန်ရှိသူများက ယုံကြည်ထားပေသည်။

မိတ္ထီလာတွင် ပဋိပက္ခဖြစ်ပွားသည့် မတ် ၂၀ ရက်တွင် ပုဒ်မ ၁၄၄ ထုတ်ပြန်ကြေညာပြီး မတ် ၂၂ ရက်တွင် နိုင်ငံတော်သမ္မတ၏ အမိန့်ဖြင့် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့များတွင် ညမထွက်ရအမိန့်နှင့်အတူ အရေးပေါ်အခြေအနေကြေညာခဲ့စဉ်က ညမထွက်ရအမိန့် အချိန်ကန့်သတ်ချက်တွင် ည ၇ နာရီမှ နံနက် ၄ နာရီအထိ၊ ယင်းနောက် တစ်နာရီ ကန့်သတ်ချက်လျှော့ပေးကာ ည ၈ နာရီမှ နံနက် ၄ နာရီအထိ လျှော့ချပေးခဲ့ပြီး မိတ္ထီလာအခြေအနေ ယခင်နီးပါး ပြန်လည်တည်ငြိမ် အေးချမ်းနေပြီဖြစ်သည့် ဇွန်လ ဒုတိယပတ်မှ စတင်ပြီး ည ၉ နာရီမှ နံနက် ၄ နာရီအထိဟု ညမထွက်ရအမိန့် အချိန်ကန့်သတ်ချက်များကို တဖြည်းဖြည်း လျှော့ချပေးခဲ့ပြီဖြစ်သည်။ အရေးပေါ်အခြေအနေကာလ နှစ်လကြာ ထပ်မံတိုးမြှင့်ခဲ့သည်ဆိုသော်လည်း ယင်းနှစ်လကြာပြီးနောက် ညမထွက်ရ အမိန့်ကန့်သတ်ချိန် လျှော့ချခြင်းများမှသည် ပုံမှန်သွားလာနေထိုင်မှုအခြေအနေသို့ ရောက်ရှိလာမည်ဖြစ်သည်ဟု ဒေသခံများက မျှော်လင့်နေကြသည်။

ဤသို့ဆိုလျှင် မိတ္ထီလာသည် အမှန်တကယ်ပင် ပြန်လည်နိုးထစပြုလာပြီဟု ဆိုနိုင်မည်ဖြစ်သည်။ တိုင်းဒေသကြီးအတွင်း မန္တလေးမြို့ပြီးလျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိဆုံး ခရိုင်မြို့ကြီးဖြစ်ရန် အလားအလာကောင်းများရှိသည့် မိတ္ထီလာ၏ ပြန်လည်နိုးထမှုများသည် ပဋိပက္ခဖြစ်စဉ်မှ ပေးသည့် ဒဏ်ရာဒဏ်ချက်များကို ပျောက်ကင်းသက်သာစေနိုင်မည် ဖြစ်ပေသည်။

ဓာတ်ပုံနှင့်ပြည်တွင်းသတင်း

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇွန် ၂၆ ရက်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြခန်းများကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဧည့်သည်တော်များ ကြည့်ရှုနေစဉ်။ သန့်စင်

## စီးပွားဖြစ်ထွန်းစေသည့် ကညွတ်ပင်

**ကျောက်မဲ ဇွန် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး၊ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ နမ့်လန် စသည့်မြို့နယ်များရှိ တောင်သူများသည် အိမ်နီးချင်းနိုင်ငံများတွင် လူသုံးများပြီး ဈေးကောင်းရလျက်ရှိသည့် ဆေးဖက်ဝင် ကညွတ်ပင်များကို စိုက်ပျိုးခဲ့ကြရာ ယခုအခါ အောင်မြင်ဖြစ်ထွန်းပြီး အကျိုးအမြတ်များ ရရှိနေကြပြီဖြစ်သည်။

ကညွတ်ပင်များကို နဂါးမောက်စိုက်တောင်သူများကလည်း ၎င်းတို့၏ နဂါးမောက်ခြံများတွင် နဂါးမောက်ပင်အတန်းအကြား၌ စိုက်ပျိုးကြသဖြင့် နှစ်သီးစားနိုင်ပြီး ဝင်ငွေကောင်းနေသည်ကို တွေ့ရသည်။

ကညွတ်စို့ဖူး တစ်ပိဿာကို ငွေကျပ် ၅၀၀၀ ဈေးရရှိပြီး လက်တစ်ဆုပ်စာ ကညွတ်ဖူးတစ်စည်းလျှင် ငွေကျပ် ၆၀၀ နှုန်းဖြင့် လားရှိုး၊ နောင်ချို၊ ကျောက်မဲ၊ သီပေါဈေးကြီးများအတွင်း ရောင်းချလျက်ရှိသည်။

ကညွတ်စို့ဖူးကို သား၊ ငါး၊ ပုစွန်တို့ဖြင့် ကြော်စား ချက်စားကြသည်။ တချို့က မကျက်တကျက်ပြုတ်ပြီး ခါးနှင့် ပါးပါးလှီးကာ သုတ်၍စားကြသည်။အရသာမှာ ခါးပြီးချိုသက်သက်ရှိသည်။ စားသုံး၍ကောင်းမွန်သည်။ ချက်ပြုတ်သောဟင်းလျာများကို လူနာများအား ဓာတ်စာအဖြစ် ကျွေးမွေးကုသကြသည်ဟု ကြားသိရသည်။ ကညွတ်စို့ဖူးတွင် ကယ်လိုရီ၊ ပရိုတင်း၊ ကာဗိုဟိုက်ဒရိတ်၊ ဒိုင်တရီဖိုင်ဘာ၊ ပိုတက်စီယမ်၊ ဗီတာမင်စီ၊ ဗီတာမင်အေ စသည့်ဓာတ်များပါဝင်ကြောင်း သိရသည်။

ယခုရှမ်းပြည်နယ်တွင် စိုက်ပျိုးသော ကညွတ်ပင်သည် မြန်မာနိုင်ငံအောက်ပိုင်းရှိ လယ်ကွင်းများထဲတွင် ရေကန်စွန်းပင်များ၊ ကနဖော့ပင်များနှင့် ရောထွေးပြီးပေါက်လေ့ရှိသော ကညွတ်ပင်မျိုးနှင့် မတူကြောင်း သိရသည်။ ယခုကညွတ်ပင်သည် ကုန်းမြေတွင်စနစ်တကျ အတန်းလိုက် စိုက်ပျိုးရသည်။ အပင်အမြင့် သုံးပေကျော်ခန့်ရှိပြီး အပင်လုံးပတ် တစ်လက်မခန့်ရှိသည်။ ပဲစေ့လုံးခန့် အသီးလေးများရှိသည်။ စမုန်စပါးပင်နှင့်လည်း ဆင်တူသည်။ ကညွတ်ပင်ကို စိုက်ပျိုးရာတွင် အစေ့ကို မြေဆွေးထည့်ထားသော ပျိုးပေါင်တွင် သုံးလခန့်ပျိုးရသည်။ အပင်ပေါက်လေးများ ထွက်လာသောအခါ ရွှေ့ပြီး အတန်းလိုက်စိုက်ပျိုးရသည်။ ၁၀လခန့်ကြာလျှင် အပင်အမြင့် သုံးပေကျော်ခန့်ရောက်ပြီး အကိုင်းအရွက်များ ဖြာလာသည်။ ထို့နောက် အပင်အောက်ခြေအမြစ်များမှ ကညွတ်စို့ဖူးအညွန့်များ ပေါက်လာသည်။ ကညွတ်စို့ဖူးအညွန့်သည် လက်သန်းခန့်မှ လက်မခန့်ထိရှိပြီး အရှည်တစ်တောင်ကျော်ရှိသည်။ ကညွတ်စို့ထွက်ချိန်သည် ကဆုန်လမှ တန်ဆောင်မုန်းလအထိဖြစ်သည်။

ကညွတ်စို့ပြုတ်ရည်ကို နာနတ်ရည်၊ နွားနို့တို့ဖြင့် ရောစပ်၍ ဖျော်သောက်ကြသည်။

ကညွတ်စို့ဖူးကိုစားလျှင် ဆီးချို၊ သွေးတိုး၊ အဆုတ်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးဝမ်းရောဂါ၊ အဆိပ်သင့်ရောဂါများ ပျောက်ကင်းစေပြီး ခန္ဓာကိုယ်အတွင်းရှိ မလိုအပ်သော အဆီများကျစေပြီး အခြားရောဂါများကိုလည်း ပျောက်ကင်းစေသည်ဟု ဆိုကြသည်။

အိမ်နီးချင်းနိုင်ငံများရှိ အထူးကုဆေးရုံကြီးများတွင် ကညွတ်စို့ဖူးဖြင့် သို့ဖြစ်၍ ကမ္ဘာ့ဈေးကွက်အတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်ရန်အတွက် ကညွတ်ပင်များကို နိုင်ငံအနှံ့ စနစ်တကျ ပိုမိုစိုက်ပျိုးသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မောင်မောင်(ကျောက်မဲ)**

ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးမှုန့်
ISO 9001:2008 နှင့် GMP

လွှတ်တော်ရေးရာကဏ္ဍ

*ပြည်သူ့လွှတ်တော်အစည်းအဝေး*

# နိုင်ငံတော်၏ မိုဘိုင်းတယ်လီဖုန်းသိပ်သည်းမှု တိုးတက်မြင့်မားလာစေရေး အကောင်အထည်ဖော်ဆောင်ရွက်နေ

**နေပြည်တော် ဇွန် ၂၇**

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး တတိယနေ့ကို အစီအစဉ်(၁၄)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အရေးကြီးအဆို(၁)ခုတင်သွင်းခြင်း၊ ယမန်နေ့က အတည်ပြုခဲ့သည့် အရေးကြီးအဆိုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ အစီရင်ခံစာ(၁)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း(၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ယမန်နေ့က အတည်ပြုခဲ့သည့် တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ၏ **"ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းအတွက် ကုမ္ပဏီများရွေးချယ်တာဝန်ပေးအပ်ရာတွင် ပြည်တွင်း ပြည်ပ ဖက်စပ်ကုမ္ပဏီများအဖြစ် သတ်မှတ်ရွေးချယ်တာဝန်ပေးအပ်ရန်နှင့် ဆက်သွယ်ရေး အော်ပရေတာလုပ်ငန်းအတွက် ကုမ္ပဏီများရွေးချယ်တာဝန်ပေးအပ်ခြင်းအား ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းပြီးမှ ဆက်လက်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အရေးကြီးအဆိုနှင့်ပတ်သက်၍ နိုင်ငံတော် ဆက်သွယ်ရေးကဏ္ဍ ဆောင်ရွက်နေမှုကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းက ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ၏ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ ဆက်သွယ်ရေး အော်ပရေတာလုပ်ငန်းအတွက် ကုမ္ပဏီများ ရွေးချယ်တာဝန်ပေးအပ်ရာတွင် ပြည်တွင်း၊ ပြည်ပ ဖက်စပ်ကုမ္ပဏီများအဖြစ် သတ်မှတ်ရွေးချယ် တာဝန်ပေးအပ်ရန်နှင့် ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းအတွက် ကုမ္ပဏီများ ရွေးချယ်တာဝန်ပေးအပ်ခြင်းအား ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းပြီးမှ ဆက်လက်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလိုပါကြောင်း။

မိမိတို့နိုင်ငံတွင် မိုဘိုင်းတယ်လီဖုန်းသိပ်သည်းမှုသည် ၇ ဒသမ ၀၈ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ အကြမ်းဖျဉ်းအားဖြင့် လူ(၁၀၀)တွင် (၇)ယောက် တယ်လီဖုန်း သုံးစွဲနိုင်သည်ဆိုသည့်

**ဆက်သွယ်ရေးနှင့် သတင်းအချက် အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

အနေအထားပင်ဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၅၀ ရာခိုင်နှုန်း၊ လာအိုနိုင်ငံတွင် ၇၂ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံတွင် ၁၂၃ ရာခိုင်နှုန်း၊ အိန္ဒိယနှင့် တရုတ်တို့တွင် ၇၈ ရာခိုင်နှုန်း အသီးသီးရှိကြောင်း၊ အာဆီယံနိုင်ငံတစ်နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံတွင်လည်း ၇၈ ရာခိုင်နှုန်းရှိသည်ဟု လေ့လာတွေ့ရှိရပါကြောင်း၊ ယင်းကိုကြည့်ခြင်းအားဖြင့် မိုဘိုင်းဖုန်းသိပ်သည်းမှုသည် မိမိတို့နိုင်ငံနှင့် အခြားဒေသတွင်းနိုင်ငံများနှင့် ကွာဟချက်လွန်စွာများပြားနေကြောင်း၊ ဆက်သွယ်ရေးနှင့် နည်းပညာတိုးတက်ဖွံ့ဖြိုးမှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်သကဲ့သို့ လူတစ်ဦးချင်း၏ လူနေမှုဘဝကိုလည်း တိုးတက်မြင့်မားစေပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ မိုဘိုင်းတယ်လီဖုန်းသိပ်သည်းမှု တိုးတက်မြင့်မားလာစေရေး မြို့ပေါ်၌သာမက ကျေးလက်တောရွာ၊ နယ်စပ်ဒေသများအထိ ဆက်သွယ်မှုကွန်ရက် တည်ဆောက်နိုင်ရေးတို့ကို ရည်မှန်းချက်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တယ်လီဖုန်းသိပ်သည်းမှုကို ၂၇ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၅၀ ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆ တွင် ၇၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် အရည်အသွေးပိုမိုကောင်းမွန်ပြီး အများပြည်သူတို့အတွက် သင့်လျော်သည့်နှုန်းထားဖြင့် ဝန်ဆောင်မှု ပေးနိုင်စေရန်အတွက်ပါ ထည့်သွင်းပြီး ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေသည့် အော်ပရေတာများနှင့် ကုမ္ပဏီများကို အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူရာတွင် အပြည်ပြည်ဆိုင်ရာ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် Telecommunication Tender Consultant ကုမ္ပဏီအဖွဲ့အစည်းများကို ၂၀၁၂ ခုနှစ် ဇူလိုင် ၉ ရက်မှ ၁၁ ရက်အထိ တင်ဒါခေါ်ယူခဲ့ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းပေါင်း (၆၄)ခုတို့မှ အဆိုပြုလွှာများ တင်သွင်းခဲ့ကြပါကြောင်း၊ Communication Consultancy စိစစ်ရွေးချယ်ရေးကော်မတီအနေဖြင့် ITU မှ ကျွမ်းကျင်ပညာရှင်နှစ်ဦးနှင့် ညှိနှိုင်းဆွေးနွေးကာ အဆင့်ဆင့် စိစစ်ရွေးချယ်ခဲ့ရာတွင် နောက်ဆုံး Rolant Berger Strategy Consultant အဖွဲ့ကို ရွေးချယ်အတည်ပြုခဲ့ပါကြောင်း။

Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီသည် Rolant Berger Strategy Consultant နှင့် ဆွေးနွေးညှိနှိုင်းပြီး ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်နှစ်ခု တင်ဒါအတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ကြေညာခဲ့ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပမှ လျှောက်လွှာပေါင်း (၉၁)စောင် လက်ခံရရှိပြီး စိစစ်မှုများပြုလုပ်ခဲ့ရာ ၂၀၁၃ ခုနှစ် ဧပြီ ၁၁ ရက်တွင် Pre-Qualification က အောင်မြင်သည့် ဒုတိယအဆင့်တင်ဒါ (၁၂)စောင်ကို ရွေးချယ်အတည်ပြုခဲ့ပြီး ပြည်ထောင်စုဝန်ကြီးဌာန၏ Website တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ၂၀၁၃ ခုနှစ် ဇွန် ၃ ရက်တွင် ကုမ္ပဏီအနေဖြင့် နောက်ဆုံးအဆင့် တင်ဒါများကို လက်ခံခဲ့ရာ အောင်မြင်သူ(၁၂)ဦး အနက်(၁၁)ဦးသာ တင်ဒါတင်သွင်းခဲ့ကြပါကြောင်း၊ ၂၀၁၃ ခုနှစ် ဇွန် ၂၇ ရက်(ယနေ့)တွင် နိုင်ငံအတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရရှိသည့် ကုမ္ပဏီ(၂)ခု၏အမည်စာရင်းကို ကြေညာရန်ရှိပါကြောင်း၊ Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေး ကော်မတီက အတည်ပြုပေးသော အော်ပရေတာနှစ်ဦးကို ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ပြုခဲ့လျှင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရတနာပုံ တယ်လီပို့ကုမ္ပဏီလီမိတက်တို့ အပါအဝင် အော်ပရေတာလေးခု ဖြစ်လာ

**ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန် ဥပဒေကြမ်းတင်သွင်းစဉ်။** (သတင်းစဉ်)

မည်ဖြစ်ပါကြောင်း၊ ထိုအော်ပရေတာလေးခု ရှိလာခဲ့ခြင်းကြောင့် ဆက်သွယ်ရေးနှင့် ICT ကဏ္ဍတွင် ယှဉ်ပြိုင်မှုများရှိလာပြီး ပြည်သူများအနေဖြင့် အရည်အသွေးကောင်းမွန်၍ သက်သာသောနှုန်းထားများနှင့် ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါကြောင်း။

Telecommunication Operator တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီက ရွေးချယ်ပေးသည့် အော်ပရေတာနှစ်ဦးနှင့်ပတ်သက်၍ ယခုတင်ဒါခေါ်ယူထားသည့်ကိစ္စမှာ နိုင်ငံတကာသို့ တရားဝင်ကြေညာထားပြီး ဆောင်ရွက်သည့်ကိစ္စဖြစ်ပါကြောင်း၊ လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ပါက နိုင်ငံတော်နှင့် နိုင်ငံသားများအတွက်လည်း အကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအချိန်၌ International Telecommunication Operator တင်ဒါလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ နိုင်ငံတကာကလည်း ပွင့်လင်းမြင်သာမှုရှိကြောင်းနှင့် Fair Communication ဖြစ်သည်ဟု အသိအမှတ်ပြုခြင်းခံရပါကြောင်း၊ အကယ်၍ ကြိုတင်သတ်မှတ်ထားသည့်အတိုင်း မဆောင်ရွက်နိုင်လျှင် ဆက်သွယ်ရေး အော်ပရေတာ လုပ်ငန်းသာမက အခြားသော လုပ်ငန်းများအတွက်ပါ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုပြုရန်အတွက် ယုံကြည်မှုလျော့နည်းသွားနိုင်သဖြင့် မြန်မာနိုင်ငံ၏ ပုံရိပ်ကျသွားနိုင်ပါကြောင်း။

နိုင်ငံတကာ၏ ကျင့်စဉ်များနှင့်အညီ နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ နိုင်ငံတော်၏ပုံရိပ်၊ ပြည်သူလူထု၏ အကျိုး မထိခိုက်စေရန်အတွက် ၎င်းသတ်မှတ်ကြေညာထားပြီး ဖြစ်သည့်ကတိကို ပယ်ဖျက်ရန် မိမိတို့အနေဖြင့် အခက်အခဲရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တင်ပြခဲ့သည့်အတိုင်းဆိုလျှင် ဥပဒေ လုပ်ထုံးလုပ်နည်းအရ တည်ဆဲဥပဒေအတိုင်း

*စာမျက်နှာ ၇ ကော်လံ ၁ သို့*

*အမျိုးသားလွှတ်တော်အစည်းအဝေး*

# ကျောက်မျက်ရတနာအချောထည်ပစ္စည်းများ အခြားနည်းလမ်းများဖြင့် တင်ပို့ရောင်းချခြင်းကို ခွင့်ပြုပေးမည့်အစီအစဉ်မရှိ

**နေပြည်တော် ဇွန် ၂၇**

ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့တွင် အစီအစဉ်(၂၀)ဖြင့်ကျင်းပပြီး မေးခွန်း(၅)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခုနှင့် အစီရင်ခံစာ(၃)ခု တင်သွင်းခြင်း၊ အဆို(၁)ခု ဆွေးနွေးအတည်ပြုခြင်းနှင့် အဆိုသစ်(၃)ခုတို့ကို တင်သွင်းကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ အချောပြုပြင်ပြီး ကျောက်မျက်ရတနာများကို ပြည်ပနိုင်ငံများသို့ ရောင်းချခြင်းအား ခွင့်ပြုခြင်း ရှိ/မရှိ မေးမြန်းချက်နှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က သတ္တုတွင်းဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကျင်းပ၍ ကျောက်စိမ်း၊ ကျောက်မျက်အရိုင်းများနှင့် ပုလဲလုံးများ၊ ကျောက်စိမ်း၊ ကျောက်မျက်အချောထည်များဖြစ်သည့် သွေးပြီးကျောက်မျက်ရတနာများ၊ ပွတ်ချောအရောင်တင်ထားသော ကျောက်မျက်ရတနာများ၊ ကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားသောလက်ဝတ်ရတနာများ၊ ကျောက်စိမ်းနှင့်ဆင်တူသော ကျောက်အရိုင်းများနှင့် အချောထည်များ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ ပြပွဲတွင် သီးခြား ပုဂ္ဂလိကရတနာဆိုင်များဖွင့်လှစ်၍ လက်ဝတ်ရတနာများ၊ ရုပ်တုရုပ်ထွင်းများ၊ ပုံဆောင်ခဲများ၊ သွေးပြီးကျောက်စိမ်း၊ ကျောက်မျက်အချောထည်များ၊ ကျောက်ကပ်ပန်းချီကားများ၊ ရွှေထည်ငွေထည်ပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ရောင်းချပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ပေးလျက်ရှိပါကြောင်း။

ပုဂ္ဂလိက ကျောက်မျက်ရတနာ အချောထည်ပစ္စည်းများ ရောင်းချခြင်းကို ခွင့်ပြုလျက်ရှိပါကြောင်းနှင့် အခြားနည်းလမ်းများဖြင့် တင်ပို့ရောင်းချခြင်းကို ခွင့်ပြုပေးမည့် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးမြင့်ထွန်း၏ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးနယ်မြေများအတွင်း လယ်ယာမြေဥပဒေကိုမလိုက်နာသူများ၊ ကိုယ်ကျိုးရှာသူများ၊ ငွေကြေးကိုအရင်းပြု၍ စပါးခင်းဘဝမှ အခြားမြေအဖြစ်သို့ ပြောင်းလဲလိုက်သူများ၊ အဆောက်အအုံဆောက်သူများ စသည်ဖြင့် ပေါ်များလာခြင်းကြောင့် စိုက်ဧကများ လျော့နည်းလာသည့်အတွက် တိတိကျကျ စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ/မရှိ မေးမြန်းချက်နှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြေကြားစဉ်။** (သတင်းစဉ်)

ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသန်းကျော်ထူးက နေပြည်တော် စည်ပင်သာယာရေး ဥပဒေကြမ်းကို တင်သွင်းရာ လွှတ်တော်က ယင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးဆွန်ဒုတ်ကျင့်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာသော တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ဥပဒေကြမ်းကော်မတီဝင် ဦးစိုးမြင့်က မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယုက ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ကော်မတီ၏ အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် တင်သွင်းထားသည့် ဘာသာရေးဆိုင်ရာ လုပ်ငန်းအစီအမံများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရများ၏အစီအမံဖြင့် စီမံခန့်ခွဲခွင့်ပြုပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်(၄)ဦးတို့က ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက ဘာသာအသီးသီး၏ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်း၊ ပြင်ဆင်

**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးမြင့်ထွန်း မေးမြန်းစဉ်။** (သတင်းစဉ်)

ခြင်း၊ မူလပုံစံမပျက်ဆောက်လုပ်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းတို့နှင့် ပတ်သက်၍ သာသနာရေးဝန်ကြီးဌာနသို့ တင်ပြရန်မလိုဘဲ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီတို့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သွားရန် အဆိုပါဌာနများသို့ အကြောင်းကြားပြီး ဖြစ်သောကြောင့် ယခုလက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

သက်ဆိုင်ရာ ရပ်ကွက်၊ မြို့နယ်များတွင် ဘာသာရေး၊ သာသနာရေးဆိုင်ရာပွဲတော်များကျင်းပခြင်း၊ တရားပွဲများကျင်းပခြင်း စသည်တို့ကိုတင်ပြဆောင်ရွက်နေရာမှ ယခု မိမိတို့ဝန်ကြီးဌာနသို့ တင်ပြရန်မလိုဘဲ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပါရန် အကြောင်းကြားပြီး ဖြစ်ပါကြောင်း၊ အဆိုအား ဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာခင်ရွှေက မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် စီးပွားကူးသန်းရောင်းဝယ်ရေး တိုးမြှင့်ရန်အတွက် ကောင်စစ်ဝန်ချုပ်ရုံး၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် စသည်များ တိုးချဲ့ဆောင်ရွက်ရန် အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ပြီးစီးပြီး အစည်းအဝေး စတုတ္ထနေ့ကို ဇွန် ၂၈ရက် နံနက်၁၀ နာရီတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်မှ

ဆောင်ရွက်ခဲ့ကြောင်း၊ တင်ဒါခေါ်သည့်အခါတွင်လည်း ယမန်နှစ်ကတည်းကစခေါ်ပြီး အလုပ်လုပ်ကိုင်သည့်အခါတွင်လည်း ဇန်နဝါရီ ၁၃ ရက်မှစတင်၍ အဖွဲ့အစည်းဖြင့် လုပ်ကိုင်ကြောင်းကို တင်ပြခဲ့သည်မှာ ပွင့်လင်းမြင်သာမှုရှိပါကြောင်း၊ အိတ်ဖွင့်တင်ဒါခေါ်ပြီး ဇွန် ၂၇ ရက်တွင် တင်ဒါဖွင့်မည်ဆိုသည်ကို သိသည့်အတွက် ဇွန် ၂၆ ရက်တွင် အရေးကြီးအဆိုတင်ခြင်းကို ပြန်စဉ်းစားကြည့်မည်ဆိုပါက မရိုးဖြောင့်သည့်သဘောဖြင့် မိမိနှင့်ပတ်သက်သော ကုမ္ပဏီအဖွဲ့အစည်းမရကြောင်း သိရှိ၍များ တင်သွင်းသလားဟု မိမိယူဆမိပါကြောင်း၊ နိုင်ငံ၏ပုံရိပ်နှင့် FDIA အတွက် အဟန့်အတားမဖြစ်စေချင်ပါကြောင်း၊ ယခုလာတော့မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတွင်လည်း ဆက်သွယ်ရေးကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ တိုင်းပြည်၏ ရေရှည်အကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွားအတွက် ဇွန်(၂၇)ရက်ကို မူလအတိုင်း တင်ဒါဖွင့်သင့်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် **အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ**က ယမန်နေ့ကတင်ပြသည့်ကိစ္စမှာ မိမိတို့ကော်မတီအနေဖြင့် အပြန်ပြန်အလှန်လှန် စဉ်းစားပြီး ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်ချက်များကို ထင်သာမြင်သာရှိအောင် ပြည်သူနှင့် နိုင်ငံသားများအတွက်၊ အကျိုးရှိအောင်ရည်ရွယ်ပြီး တင်ပြခဲ့ခြင်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်းတင်ပြချက်အရ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ကြောင်း၊ အဆင့်ဆင့်နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်းကို သိရှိရပါကြောင်း၊ ပြည်ထောင်စုဝန်ကြီး၏ တင်ပြချက်အရ ဆောင်ရွက်မည့်ကုမ္ပဏီများသည် နောင်ဖြစ်ပေါ်လာမည့် ဆက်သွယ်ရေးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်သွားပါမည်ဟု ဖော်ပြထားသည့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များသည် ပြည့်စုံသည်ဟု ယူဆပါကြောင်းနှင့် ပြည်ထောင်စုဝန်ကြီး၏ အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ပေးရန် ကိုယ်စားလှယ်များအနေဖြင့် သဘောတူသင့်သည်ဟု လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အလေးအနက် တင်ပြဆွေးနွေးလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ၌ မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က တင်သွင်းပြီး ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ကော်မတီဝင် ဒေါ်နန်းဝါနုက ဖတ်ကြားရှင်းလင်းခဲ့သည်။

ယင်းပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မ(၁၃)ခုပါရှိပြီး မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေ ၁၉၃၄ တွင် ခေတ်နှင့်လိုက်လျောညီထွေမဖြစ်သည့် ပြဋ္ဌာန်းချက်များကို ခေတ်နှင့်အညီဖြစ်စေရန်၊ မြန်မာနိုင်ငံ၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန်နှင့် International Civil Aviation Organization အဖွဲ့ချုပ်မှ ပြဋ္ဌာန်းထားသည့် စံချိန်စံညွှန်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင်ရန် ရည်ရွယ်ချက်များဖြင့် ပြင်ဆင်ရေးဆွဲရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ **ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး**က "ဒီခေတ်၊ ဒီစနစ်နဲ့ ကိုက်ညီအောင် ပြန်ပြီး ပြင်ဆင်ထားတာပဲဖြစ်ပါတယ်၊ ဘာမှ ထွေထွေထူးထူးပြောင်းလဲသွားတာမရှိပါဘူး"ဟု ပြောပြခဲ့သည်။

အလားတူ ဒုတိယဝန်ကြီး ဦးဟံစိန်က **ဘက်စုံပို့ဆောင်ရေးဥပဒေကြမ်း**ကို လွှတ်တော်သို့တင်သွင်းပြီး ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ကော်မတီဝင် ဦးသိန်းထွန်းဦးက ဖတ်ကြားရှင်းလင်းခဲ့သည်။

ယင်းဥပဒေကြမ်းတွင် အခန်း (၁၅)ခန်းနှင့် ပုဒ်မပေါင်း(၅၉)ခု ပါရှိကြောင်း၊ အာဆီယံဒေသဆိုင်ရာ ဘက်စုံပို့ဆောင်ရေးသဘောတူစာချုပ်ပါ အချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အဓိကကျသည့် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းကို နိုင်ငံတကာ၌ ကျင့်သုံးလျက်ရှိသော စနစ်များအတိုင်း ဆောင်ရွက်နိုင်ရန်၊ ခေတ်မီသယ်ယူပို့ဆောင်ရေး နည်းလမ်းဖြစ်သည့် ဘက်စုံပို့ဆောင်ရေးစနစ်ကို နိုင်ငံတကာနယ်ပယ်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်၊ ဘက်စုံပို့ဆောင်ရေး လုပ်ငန်းစဉ်အတွင်း ပါဝင်သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအသီးသီးတို့၏ တာဝန်ရှိမှု၊ ကန့်သတ်ချက်၊ အကျိုးအမြတ်ရရှိမှုနှင့် အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ညီညွတ်မျှတစေပြီး ၎င်းတို့ကို ထိန်းကျောင်းကွပ်ကဲနိုင်ရန်အတွက် ဤဥပဒေကြမ်းကို ရေးဆွဲရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေကြမ်းအပေါ် **ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်**က "မြန်မာနိုင်ငံမှာ ပို့ဆောင်ရေးလုပ်ငန်းကို နိုင်ငံတကာနဲ့ဆက်သွယ်ပြီး အလုပ်လုပ်တဲ့အခါ မြန်မာနိုင်ငံသားတွေရော၊ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံသူတွေရော ပါဝင်အလုပ်လုပ်နိုင်အောင်၊ အလုပ်လုပ်တဲ့အခါမှာလည်း ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်အောင် အနာဂတ်မြန်မာနိုင်ငံ စက်မှုဖွံ့ဖြိုးဖို့အတွက် ရည်ရွယ်ရေးဆွဲရခြင်းဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်က တင်သွင်းခဲ့သည်။

ပထမပုံမှန်မှ ပဉ္စမပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်ပြမေးခွန်းများမှ ကတိဖြစ်မေးခွန်း(၁၅၂)ခု၊ လုပ်ငန်းဆောင်ရွက်ရန်ကျန်(၁၄၄)ခု၊ ကြယ်ပွင့်မပြမေးခွန်းများမှ ကတိဖြစ်မေးခွန်း (၅၇၀)၊ လုပ်ငန်းဆောင်ရွက်ရန်ကျန်(၄၇၀)၊ အတည်ပြုအဆို (၆၆)ခု၊ လုပ်ငန်းဆောင်ရွက်ရန်ကျန် (၂၅)ခု ရှိကြောင်း၊ ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများမှ ကတိဖြစ်မေးခွန်း(၈၈)ခု၊ ကြယ်ပွင့်မပြမေးခွန်းများမှ ကတိဖြစ်မေးခွန်း(၁၁၄)ခု၊ အတည်ပြုအဆို(၅)ခုနှင့် မှတ်တမ်းတင်စောင့်ကြည့်အဆို(၄)ခုရှိကြောင်း အဆိုပါအစီရင်ခံစာအရ သိရှိရသည်။

အစည်းအဝေးကို မွန်းလွဲ ၂ နာရီ မိနစ် ၂၀တွင်ရပ်နားခဲ့ပြီး အစည်းအဝေး စတုတ္ထနေ့ကို ဇွန် ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇွန် ၂၇**

အမေရိကန်နိုင်ငံ East-West Center မှ Director of External Affairs (Karea Knudsen) ဦးဆောင်သောကိုယ်စားလှယ် ၂၁ ဦးပါဝင်သောအဖွဲ့၊ Open Hands Media မှ အဖွဲ့ဝင် ရှစ်ဦးပါဝင်သောအဖွဲ့၊ ၁၉၇၂ ခုနှစ် ဘွဲ့ရ ရုက္ခဗေဒအသင်းမှအဖွဲ့ဝင်ခုနစ်ဦး ပါဝင်သောအဖွဲ့နှင့် Vriens & Partners မှ ဦးဆောင်သောအဖွဲ့ဝင် နှစ်ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့်ပထမအကြိမ်ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာကြသည်။ **(သတင်းစဉ်)**

## ပြည်တွင်းသတင်း

### ● ကျောဖုံးမှ

၎င်းနောက် ဂုဏ်ထူးရရှိသည့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ဘာသာစုံဂုဏ်ထူးရှင် အထက(၁) နေပြည်တော်မှ မောင်ပြည့်ဖြိုးဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးက ပညာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်ဝင်းသိန်း၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ ဦးကံချွန်၊ ပညာရေးမြှင့်တင်မှု ကော်မတီအတွင်းရေးမှူး ဒေါက်တာမြဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ထွန်း၊ ဂုဏ်ထူးရရှိသည့် ကျောင်းသားကျောင်းသူများနှင့် မိဘများ၊ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

### ✻ ကျောဖုံးမှ

Mr. Dmitriev နှင့် Metropol Hotel, Brusov Hall ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌက ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံဘက်မှ မြန်မာ-ရုရှားချစ်ကြည်ရေးအသင်း ဖွဲ့စည်းနိုင်ရေးအတွက် အဆိုပြုသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံသည် ၁၉၄၈ ခုနှစ်မှစတင်၍ သံတမန်ဆက်ဆံမှုပြုခဲ့သည်မှာ ၆၅ နှစ်ရှိပြီဖြစ်ကြောင်း၊ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းအား မြန်မာနိုင်ငံဘက်မှ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကူညီပေးမည်ဖြစ်ပါကြောင်း၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းနှင့် မြန်မာ-ရုရှားချစ်ကြည်ရေးအသင်း ပူးပေါင်းဆောင်ရွက်ပါက ယခုထက်ပိုမိုအောင်မြင်မည်ဟု ယူဆပါကြောင်းဖြင့် ပြောကြားသည်။

#### သဘောတူညီမှု

အလားတူ ညနေပိုင်းတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Novel Oil ကုမ္ပဏီဥက္ကဋ္ဌ (ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ) Alexandra Bycob နှင့် Metropol ဟိုတယ် Red Hall ၌ တွေ့ဆုံရာ Novel Oil ကုမ္ပဏီဥက္ကဋ္ဌက ရုရှား-မြန်မာချစ်ကြည်ရေးအတွက် ရုရှားယဉ်ကျေးမှုစင်တာတစ်ခုအား မြန်မာပြည်တွင် တည်ဆောက်လိုပါကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ သဘောတူညီမှုရရှိပါက ဝမ်းသာမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

#### တိုက်တွန်း

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားရာတွင် ရုရှားနိုင်ငံသည် ရေနံတွင်းနက်တူးဖော်ခြင်းကောင်းမွန်သည်ဟု သိရှိထားကြောင်း၊ ရုရှား-မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်လိုအပ်ပါကြောင်း၊ Novel Oil ကုမ္ပဏီမှ မြန်မာနိုင်ငံတွင် ယခုထက်ပိုမိုရင်းနှီးမြှုပ်နှံမှုပြုလုပ်ပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဇွန် ၂၇ ရက်က ဗြိတိန်နိုင်ငံ ဘုရင်မကြီး၏ မွေးနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနား တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်အား မြန်မာ နိုင်ငံ ဆိုင်ရာ ဗြိတိန် သံအမတ်ကြီး H.E.Mr. Andrew Richard Heyn က ကြိုဆိုနှုတ်ဆက်စဉ်။**
(သတင်းစဉ်)

globalart
Think Creative
The World's No.1
Children's Art Enrichment Programme
You are cordially invited to our grand opening of the first globalart centre in Myanmar...
GRANDOPENING
Date : 29th June 2013(Saturday)
Time : 10am - 12pm
Venue : No. 97, Kabaraye Pagoda Road(near Pho Pyone Cho stationery), Bahan TSP, Yangon, Myanmar.
The school will open on the First day of July.
Contact : 0949319573, 0949319574

သန်းဒွေး နှင့် ရောင်းရင်းများ
Ph : 241853, 350141, 09-43043109

မြေညီတိုက်ခန်း အမြန်ရောင်းမည်
ဇေယျာသုခလမ်း၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ပေ(၁၀×၅၅) တိုက်သစ်၊ **ရောင်းဈေး ကျပ် ၁၄၅သိန်း။**
ဖုန်း- ၀၉-၇၃၀၂၄၉၉၂၊
၀၉-၄၂၁၀၇၃၇၃၄

အင်္ဂလိပ်မှမြန်မာဘာသာသို့ ဘာသာပြန်နည်းလက်စွဲ
English to Myanmar Translation Manual
Mr. JOHNNY
စာအုပ်ဆိုင်တိုင်းမှာမေးဝယ်ပါ။ ဖုန်း ၀၉၇၃၀၅၅၈၁၃၅

ပြည်တွင်းသတင်း

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရင်ပြင်နီသို့ ကြည့်ရှုလေ့လာ

**နေပြည်တော် ဇွန် ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန် ၂၅ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ သံရုံးနှင့် စစ်သံရုံးအမှုထမ်းများ၊ မိသားစုများ၊ တပ်မတော်မှပညာတော်သင် သင်တန်းသားများနှင့်တွေ့ဆုံပြီး ရုရှားနိုင်ငံ၌ လာရောက်ပညာသင်ကြားရာတွင် ရရှိသည့်နည်းပညာအတတ်ပညာများသည် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် သုံးစွဲနိုင်မည်ဖြစ်၍ တပ်မတော်သားပညာတော်သင်များအနေဖြင့် ကြိုးစားသင်ယူဆည်းပူးသွားရန်လိုကြောင်းဖြင့် မှာကြားခဲ့သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပညာတော်သင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ပြီး သံရုံးမိသားစုများ၊ ပညာတော်သင်များအတွက် အနွေးထည်နှင့် အစားအသောက်များပေးအပ်ကာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့်ဇနီးတို့က ဂုဏ်ပြုကြိုဆိုညှော့ခံသော ညစာစားပွဲသို့ တက်ရောက်သည်။

ၚင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဒေသစံတော်ချိန် ည ၉ နာရီခွဲတွင် ရင်ပြင်နီတစ်လျှောက်ရှိ လီနင်အထိမ်းအမှတ်ဂူ၊ အညတရစစ်သည်ဗိမာန်နှင့် အခြားအဆောက်အအုံများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Tyla မြို့ရှိ KBP Instrument Design Bureau ပြပွဲခန်းမတွင် ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ KBP Instrument Design Bureau သို့ သွားရောက်လေ့လာ

**နေပြည်တော် ဇွန် ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့တောင်ဘက် ၁၉၃ ကီလိုမီတာအကွာ Tyla မြို့ရှိ KBP Instrument Design Bureau ပြပွဲခန်းမသို့ ရောက်ရှိရာ Deputy Chief Engineer က Bureau ၏သမိုင်းကြောင်းနှင့် ထုတ်လုပ်သည့်ပစ္စည်းများအကြောင်းကို ရှင်းလင်းတင်ပြသည်။

**တက်ရောက်**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ခန်းမအတွင်း ခင်းကျင်းထားသော ပစ္စည်းများအား လှည့်လည်ကြည့်ရှုပြီး KBP Instrument Design Bureauက ဂုဏ်ပြုတည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

၂၈-၆-၂၀၁၃ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၄၅ သယံဇာတဇီဝစုံလင် မြန်မာ့ပတ်ဝန်းကျင်
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း
၉း၅၀ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၀း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားရဲ့သုခကမ္ဘာ** (အပိုင်း-၅)

**နေ့လယ်ပိုင်း**

၁၁း၀၀ ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
၁၂း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
၁၂း၂၅ မြန်မာရုပ်ရှင် (ဆေးရောင်စုံ) **ရွှေမှုန်ကြဲတဲ့မိုးကောင်းကင်** လူမင်း၊ရာဇာနေဝင်း၊ ထက်ထက်မိုးဦး၊ ကြည်လဲ့လဲ့ဦး စိုးမြတ်နန္ဒာ(ဒါရိုက်တာ-နောင်ထွန်းလွင်၊ညီညီထွန်းလွင်)

**ညပိုင်း**

၁၅း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **နိမိတ်ပုံရိပ်** (အပိုင်း-၁၁)
၁၆း၂၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
၁၇း၁၅ နူးညံ့သိမ်မွေ့သော တိုက်ခိုက်ရေးပညာရပ် (သို့မဟုတ်) ဂျူဒိုအားကစား
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသသတင်း
၂၀း၃၅ ပြည်သူတို့ရဲ့စကားသံများ
၂၀း၅၀ ကြယ်ပွင့်များ၏ အထင်ကရတေးများ
- မြန်မာ့ဝေလေ့ရိုးရာ လက်ဝှေ့
- ခေတ်အဆက်ဆက် မြန်မာ အမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု (အပိုင်း-၅) (စစ်ကြိုခေတ်-စစ်ပြီးခေတ် (၁၉၄၅))

-နိုင်ငံခြားဇာတ်လမ်းတွဲ **နိမိတ်ပုံရိပ်** (အပိုင်း-၁၂)

**အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားဖျော်ဖြေရေးအစီအစဉ်များတွင် ဝတ်ဆင်မည့်ဝတ်စုံများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၇**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားဖျော်ဖြေရေး အစီအစဉ်များတွင်ဝတ်ဆင်မည့် ဝတ်စုံများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၅ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့ရာ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၊ ကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားဖျော်ဖြေရေး အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်မည့်ဖျော်ဖြေရေး အဖွဲ့ဝင်များ ဝတ်ဆင်ရန် ဝတ်စုံများချုပ်လုပ်ထားရှိမှုနှင့် အဆင်ဒီဇိုင်းများသတ်မှတ်အတည်ပြုခြင်းများကို အစည်းအဝေးသို့ တက်ရောက်လာသူများမှ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးကြသည်။

ထို့နောက် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင် လေ့ကျင့်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

ဇွန် ၂၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၉ ပါ ၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီမှ မေလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေသတင်း ကော်လံ ၅ ၌ စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၂၁၆၀ သန်း အစား ၇၂၁ ဒသမ ၆၀ သန်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။

**(မြန်မာ့အလင်း)**

◆ *ကျောဖုံးမှ*

*၂။ အဆိုပါတင်ပြစာတွင် ဆ*
*အလက် နည်းပညာဝန်ကြီးဌာနမှ*
*ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည့်*
*လုပ်ငန်းအတွက် ပြည်တွင်း ပြည်ပ*
*တစ်ဆင့်ခေါ်ယူခဲ့ပြီး ယခုအခါ*
*ပြည့်စုံသည့်ကုမ္ပဏီများကို ရွေးချ*
*ရွက်နေသည်ဟု သိရှိရပါကြောင်း*
*အချက်အလက်နည်းပညာဝန်ကြီး*
*လာခဲ့သည့် ဆက်သွယ်ရေးဥပ*
*လွှတ်တော်တွင် ဆွေးနွေးနေဆဲဖြစ်*
*ကာလအတွင်း ပြည်ထောင်စုလွှ*
*နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံခြား*
*ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း*
*ရှင်းလင်းတိကျစွာဖော်ပြပါရှိခြင်း*
*မပြဋ္ဌာန်းနိုင်မီ ဆက်သွယ်ရေးဝန်ဆေ*
*ကုမ္ပဏီများသို့ ခွင့်ပြုပေးမည်ဆိုပါ*
*များ၏ အကျိုးကိုထိခိုက်နိုင်ပါကြေ*
*များ၏ ရေရှည်အကျိုးစီးပွားကို ကာ*
*ကိုက်ညီသည့် ဆက်သွယ်*
*အတွင်း ဆက်သွယ်ရေးဝန်ဆောင်*
*ရေးအော်ပရေတာလုပ်ငန်းများကို*
*မပြုနိုင်ရေးအတွက် သက်ဆိုင်ရာ*
*အစည်းများသို့ လိုအပ်သလို*
*ကြောင်း တင်ပြလာပါသည်။*
*၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်*
*စီးပွားအတွက် ဆက်သွယ်ရေးဥပ*
*ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်င*
*အော်ပရေတာလုပ်ငန်းများကို အ*
*စေရေး ပြန်လည်သုံးသပ်ဆောင်ရွ*
*၏ တင်ပြစာနှင့်အတူ သဝဏ်လွှ*

၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ ပေးပို့
ရေးအော်ပရေတာလိုင်စင်ချထားပေးနိုင်
အလျင်စလိုဆောင်ရွက်ခြင်း မပြုရေးကိုစွန
အကျိုးစီးပွားအတွက် မဖြစ်မနေဆောင်ရွ
ကြောင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းမျ
သည်ကို သိမြင်နားလည်လက်ခံနိုင်စေရန်
၂၇-၅-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၀၈(၁),
တစ်စောင်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံလိ
နာယကထံ မိတ္တူလိပ်စာဖြင့် ပြန်လည်ပေးပို့
အတိုင်းဖြစ်သည်-

*"၁။ ဆက်သွယ်ရေးနှင့် သတ*
*ဝန်ကြီးဌာနမှ ဆက်သွယ်ရေး*
*သတ်မှတ်သည့်အချက်များနှင့်ပြ*
*ကုမ္ပဏီများအား ရွေးချယ်တာဝ*
*ကြောင်း၊ ဆက်သွယ်ရေးဝန်ဆေ*
*နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင်*
*သဖြင့် ဆက်သွယ်ရေးဥပဒေ မ*
*များသို့ ခွင့်ပြုပေးမည်ဆိုပါက နိုင်*
*ကိုထိခိုက်နိုင်ပါကြောင်းနှင့် အော်ပ*
*စလိုခွင့်ပြုပေးခြင်းမျိုးမဖြစ်စေ*
*ဆောင်ရွက်သင့်ပါကြောင်း၊ ဖော်ပြ*
*ပို့ဆောင်ရေး၊ ဆက်သွယ်ရေးန*
*ကော်မတီဥက္ကဋ္ဌ၏ တင်ပြစာပူးတွဲ*
*အား လက်ခံရရှိပါသည်။*
*၂။ မိမိဦးဆောင်သော ပြ*
*နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး*
*ရေးအတွက် အဆင့်ဆင့်သော မူ*
*လဲရေးလုပ်ငန်းစဉ်များ အကောင်*
*ရှိပါသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုး*
*ဆက်သွယ်ရေးသတင်းအချက်အ*
*မှသာ ကဏ္ဍမျိုးစုံနှင့်သက်ဆိုင်သ*
*၍ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဆ*
*သည်။*
*၃။ မိမိနိုင်ငံ၏ ဆက်သွယ်*
*နည်းပညာဖွံ့ဖြိုးမှုတွင် တယ်လီဖု*
*၇ ဒသမ ၀၈ ရာခိုင်နှုန်းသာရှိပြီး*
*အဆင့် (၁၀) တွင်သာ ရှိနေသည်*
*အခြားသော ဆက်သွယ်ရေးနည်း*
*ကျွမ်းကျင်သူ အရင်းအမြစ်မှစ၍*
*ချိတ်ဆက်သုံးစွဲနိုင်မှု နည်းပညာ*
*နေသည်ကို သိရှိနိုင်ပါသည်။ ထို့*
*ရေးဆိုင်ရာ မူဝါဒလမ်းစဉ်ချမှတ်*
*အချက်အလက်နည်းပညာဖွံ့ဖြိုးရေ*

အဆိုပါတင်ပြစာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်
နည်းပညာဝန်ကြီးဌာနမှ မြန်မာနိုင်ငံ၏ဆက်သွယ်ရေး
င်မှုလုပ်ငန်းတစ်ခုဖြစ်သည့် ဆက်သွယ်ရေးအော်ပရေတာ
အတွက် ပြည်တွင်း ပြည်ပကုမ္ပဏီများအား သတင်းများမှ
ခေါ်ယူခဲ့ပြီး ယခုအခါ သတ်မှတ်သည့်အချက်များနှင့်
ည့်ကုမ္ပဏီများကို ရွေးချယ်တာဝန်ပေးအပ်ရန် ဆောင်
ည်ဟု သိရှိရပါကြောင်း၊ ဆက်သွယ်ရေးနှင့် သတင်း
လက်နည်းပညာဝန်ကြီးဌာနမှ လွှတ်တော်သို့ တင်သွင်း
ည့် ဆက်သွယ်ရေးဥပဒေမူကြမ်းအား အမျိုးသား
်တွင် ဆွေးနွေးနေဆဲဖြစ်ပါကြောင်း၊ လာမည့်လွှတ်တော်
တွင်း ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုပြဋ္ဌာန်း
စ်ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင်လည်း
ယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ်
တိကျစွာဖော်ပြပါရှိခြင်း မရှိသဖြင့် ဆက်သွယ်ရေးဥပဒေ
နိုင်မီ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံခြား
ားသို့ ခွင့်ပြုပေးမည်ဆိုပါက နိုင်ငံတော်နှင့် နိုင်ငံသား
ကျိုးကိုထိခိုက်နိုင်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသား
ရှည်အကျိုးစီးပွားကို ကာကွယ်နိုင်ရန်အတွက် ခေတ်နှင့်
သည့် ဆက်သွယ်ရေးဥပဒေမပြဋ္ဌာန်းနိုင်မီကာလ
ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် ဆက်သွယ်
ပရေတာလုပ်ငန်းများကို အလျင်စလိုခွင့်ပြုပေးခြင်း
ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့
ားသို့ လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးစေလို
တင်ပြလာပါသည်။
သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုး
တွက် ဆက်သွယ်ရေးဥပဒေ မပြဋ္ဌာန်းနိုင်မီကာလအတွင်း
ယ်ရေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် ဆက်သွယ်ရေး
ရတာလုပ်ငန်းများကို အလျင်စလိုခွင့်ပြုပေးခြင်း မပြုနိုင်
န်လည်သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ကော်မတီဥက္ကဋ္ဌ
စာနှင့်အတူ သဝဏ်လွှာအဖြစ် ပေးပို့အပ်ပါသည်။"
တ်တော်ဥက္ကဋ္ဌမှ ပေးပို့သည့် သဝဏ်လွှာပါ ဆက်သွယ်
လိုင်စင်ချထားပေးနိုင်ရေး ဆောင်ရွက်မှုများအား
ရွက်ခြင်း မပြုရေးကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံသားများ၏
က် မဖြစ်မနေဆောင်ရွက်ရမည့် လိုအပ်ချက်များရှိခြင်း
ပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိ
းလည်လက်ခံနိုင်စေရန်အတွက် နိုင်ငံတော်သမ္မတက
စွဲပါစာအမှတ်၊ ၁၀၈(၁)/၈/သမ္မတရုံးဖြင့် သဝဏ်လွှာ
သူ့လွှတ်တော်ဥက္ကဋ္ဌထံလိပ်မူ၍ ပြည်ထောင်စုလွှတ်တော်
ပ်စာဖြင့် ပြန်လည်ပေးပို့ခဲ့ရာ အပြည့်အစုံမှာ အောက်ပါ

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ
နမှ ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းအတွက်
်သည့်အချက်များနှင့်ပြည့်စုံသော ပြည်တွင်း ပြည်ပ
ားအား ရွေးချယ်တာဝန်ပေးရန် ဆောင်ရွက်လျက်ရှိ
ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍
ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် တိကျစွာဖော်ပြထားခြင်း မရှိ
က်သွယ်ရေးဥပဒေ မပြဋ္ဌာန်းနိုင်မီ နိုင်ငံခြားကုမ္ပဏီ
င့်ပြုပေးမည်ဆိုပါက နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုး
နိုင်ပါကြောင်းနှင့် အော်ပရေတာလုပ်ငန်းများကို အလျင်
ပြုပေးခြင်းမျိုးမဖြစ်စေရေးအတွက် ပြန်လည်သုံးသပ်
က်သင့်ပါကြောင်း၊ ဖော်ပြပါရှိသော ပြည်သူ့လွှတ်တော်
ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ
ီဥက္ကဋ္ဌ၏ တင်ပြစာပူးတွဲပါရှိသည့် ရည်ညွှန်းသဝဏ်လွှာ
က်ခံရရှိပါသည်။
မိမိဦးဆောင်သော ပြည်ထောင်စုအစိုးရအဖွဲ့သည်
်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်
က် အဆင့်ဆင့်သော မူဝါဒများချမှတ်၍ ပြုပြင်ပြောင်း
ပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်
်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင်
ယ်ရေးသတင်းအချက်အလက်နည်းပညာ ဖွံ့ဖြိုးတိုးတက်
ဏ္ဍမျိုးစုံနှင့်သက်ဆိုင်သည့် နည်းပညာများနှင့် ချိတ်ဆက်
းပြီးနိုင်ငံများနှင့် ဆက်စပ်ဆောင်ရွက်နိုင်မည်ဖြစ်ပါ

မိမိနိုင်ငံ၏ ဆက်သွယ်ရေး သတင်းအချက်အလက်
ာဖွံ့ဖြိုးမှုတွင် တယ်လီဖုန်းသုံးစွဲနိုင်မှုသည် လူဦးရေ၏
၀၈ ရာခိုင်နှုန်းသာရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌
၀) တွင်သာ ရှိနေသည်ကို တွေ့နိုင်ပါသည်။ အလားတူ
ာ ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးရေးကဏ္ဍတွင်လည်း
င်သူ အရင်းအမြစ်မှစ၍ အထောက်အကူပြုပစ္စည်းနှင့်
်သုံးစွဲနိုင်မှု နည်းပညာများမြှင့်တင်ရန် များစွာလိုအပ်
ကို သိရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်
ာ မူဝါဒလမ်းစဉ်ချမှတ်ရာတွင် ဆက်သွယ်ရေး သတင်း
လက်နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းကို မဖြစ်မနေ ဆောင်

ရွက်ရမည့် လုပ်ငန်းအဖြစ် ဦးစားပေးသတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်။

၄။ ဆက်သွယ်ရေး သတင်းအချက်အလက် နည်းပညာဖွံ့ဖြိုးရေး၏ ကဏ္ဍတစ်ရပ်ဖြစ်သော **ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ရေးနှင့် အဆင့်မြှင့်တင်ရေး**သည်လည်း အထက်ပါ လုပ်ငန်းစဉ်များအနက်မှ လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ဆက်သွယ်ရေးကဏ္ဍတွင် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ယှဉ်ပြိုင်ပြီး အများပြည်သူ စိတ်ကြိုက်ရွေးချယ်နိုင်မည့် ဆက်သွယ်ရေးဝန်ဆောင်မှုစနစ်ကို တည်ဆဲဥပဒေနှင့်အညီ ပွင့်လင်းမြင်သာစွာ စီမံဆောင်ရွက်လျက်ရှိပါသည်။

၅။ အရည်အချင်းပြည့်မီသော ဆက်သွယ်ရေးအော်ပရေတာ စိစစ်ရွေးချယ်နိုင်ရေးအတွက် တည်ဆဲဥပဒေဖြစ်သော **နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ** (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၈၉)၏ပုဒ်မ ၃၊ ပုဒ်မခွဲ(စ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဥပဒေနှင့်ညီစေပြီး ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် အောက်ပါလုပ်ငန်းအဆင့်များကို ဆောင်ရွက်လျက်ရှိပါသည်-

(က) **နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေ**ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီဆက်သွယ်ရေးအော်ပရေတာ ရွေးချယ်နိုင်ရေးအတွက် တင်ဒါပြင်ဆင်ခြင်း၊ခေါ်ယူခြင်းနှင့် စိစစ်ခြင်းတို့ဆောင်ရွက်ရာတွင် စံနှုန်းများသတ်မှတ်ခြင်းနှင့် အကြံပြုကူညီနိုင်ရန် အတွေ့အကြုံရှိသည့် Roland Berger Strategy Consultant Ltd. နှင့် သဘောတူစာချုပ်ချုပ်ဆို၍ အကြံဉာဏ်ရယူဆောင်ရွက်ပါသည်။

(ခ) **ပုဒ်မ ၈** ပါပြဋ္ဌာန်းချက်များနှင့်အညီ Communications Consultancy နှင့် ပူးတွဲဆောင်ရွက်မည့် Communications Consultancy စိစစ်ရွေးချယ်ရေးကော်မတီအား ဖွဲ့စည်းဆောင်ရွက်ပါသည်။

(ဂ) **ပုဒ်မ ၈**ပါပြဋ္ဌာန်းချက်များနှင့်အညီ Telecommunication Operator **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**ကို သီးခြားလွတ်လပ်သည့် ကော်မတီအဖြစ်၊ ထိုသို့ဆောင်ရွက်နိုင်မည့် သမာဓိ၊အရည်အချင်းနှင့်အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များသတ်မှတ်ပေးပြီး ပြည်တွင်းပြည်ပကုမ္ပဏီများအား တင်ဒါခေါ်ယူပါသည်။ ထိုလုပ်ငန်းကို ပွင့်လင်းမြင်သာစွာ သတင်းကြေညာခြင်း၊ စိစစ်ခြင်း၊ ပဏာမရွေးချယ်ခြင်းတို့ဖြင့် နည်းလမ်းတကျ ဆောင်ရွက်ပါသည်။

၆။ ထို့ပြင် ဆက်သွယ်ရေးကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ဖြစ်သော ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်ဖြင့် ဆောင်ရွက်ခွင့် ကန့်သတ်ထားသည့်လုပ်ငန်းမဟုတ်ဘဲ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၃၁-၁-၂၀၁၃)ရက်စွဲဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)ပါသီးခြားပြဋ္ဌာန်းသည့် အခြေအနေတစ်ရပ်ရပ်ဖြင့်ဆောင်ရွက်ရန် ခွင့်ပြုထားသော စီးပွားရေးလုပ်ငန်းအမျိုးအစားဖြစ်ပါသည်။

၇။ တင်ဒါတင်သွင်းလာသည့် ပြည်တွင်းပြည်ပကုမ္ပဏီ (၉၁) ခုအနက်မှ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်၍ ပဏာမအဖြစ် ကုမ္ပဏီ (၁၂)ခု ရွေးချယ်ခဲ့ပါသည်။ ၎င်းအနက်မှ ပြည်တွင်းပြည်ပကုမ္ပဏီ (၂)ခုအား အပြီးသတ်ရွေးချယ်နိုင်ရေး ၎င်းတို့နှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ရှင်းလင်းတင်ပြ၍ လမ်းညွှန်ချက်ရယူကာ ဥပဒေနှင့်အညီ လိုင်စင်ချထားပေးမည် ဖြစ်ပါသည်။ ပြည်ပကုမ္ပဏီရွေးချယ်လိုခြင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်ရန်နှင့် ၎င်းတို့ထံမှ အဆင့်မြင့်နည်းပညာများ မျှဝေရရှိနိုင်ရန် ဖြစ်ပါသည်။

၈။ ထို့ပြင် ပြည်တွင်းကုမ္ပဏီ (၂)ခုအဖြစ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့ ပူးပေါင်း၍ လည်းကောင်း၊ ရတနာပုံတယ်လီပို့ကုမ္ပဏီအား အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်း၍လည်းကောင်း ဆက်သွယ်ရေးအော်ပရေတာ လိုင်စင်ချထားပေးရန်စီစဉ်ထားရှိပါသည်။ အဆိုပါ အများပိုင်ကုမ္ပဏီအဖြစ်ဆောင်ရွက်ရာတွင် ပြည်တွင်းလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်နိုင်ရန်အတွက် သက်ဆိုင်သည့် ကုမ္ပဏီ (၈၅)ခုအား ဖိတ်ကြား၍ ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကိုလည်း အော်ပရေတာတစ်ခုအဖြစ် ပြောင်းလဲခြင်းဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

၉။ သို့ပါ၍ ဆက်သွယ်ရေးအော်ပရေတာလိုင်စင်ချထားပေးရေး ကိစ္စအား နည်းပညာဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံသူနိုင်ငံသားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရန်တို့အတွက် ရည်မှန်းချက်ထားရှိ၍ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ နည်းလမ်းတကျ ဆောင်ရွက်ထားရှိမှုကို သိရှိနိုင်ပါရန် သဝဏ်လွှာပေးပို့အပ်ပါသည်။"

၅။ ထိုသို့ နားလည်လက်ခံနိုင်ရန် ရှင်းလင်းပေးပို့ခဲ့သော်လည်း (၂၆-၆-၂၀၁၃) ရက်တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် ပြည်သူ့လွှတ်တော်သတ္တမပုံမှန်အစည်းအဝေးတွင် အရေးကြီးအဆိုအဖြစ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ "လွှတ်တော်တွင် ဆက်သွယ်ရေးဥပဒေကြမ်းအား ဆွေးနွေးနေဆဲသာဖြစ်ပြီး ဥပဒေအတည်ပြု ပြဋ္ဌာန်းနိုင်ခြင်းမရှိသေးကြောင်း၊ ထိုသို့ ဥပဒေမရှိသေးသည့်အချိန်ကာလတွင် ပြည်ပကုမ္ပဏီ (၂)ခုအား ဆက်သွယ်ရေး အော်ပရေတာလိုင်စင်လုပ်ပိုင်ခွင့် ချထားပေးလိုက်ပါက ပြည်တွင်းကုမ္ပဏီများနစ်နာမှုများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ ပြည်တွင်းရှိ ဆက်သွယ်ရေးကုမ္ပဏီများအနေဖြင့် ပြည်ပမှကုမ္ပဏီများကို ယှဉ်ပြိုင်လုပ်ကိုင်နိုင်စွမ်းမရှိသဖြင့် ရပ်တည်ရန် ခက်ခဲစေမည်ဖြစ်ကြောင်း၊ ဥပဒေအတည်တကျ မရှိသေးခင် လိုင်စင်ပေးအပ်လိုက်ပါက နောင်တွင် ဖြေရှင်းရခက်ခဲစေနိုင်မည်ဖြစ်ကြောင်း၊ လွှတ်တော်တွင် ရေးဆွဲလျက်ရှိသော ဆက်သွယ်ရေးဥပဒေကြမ်းအား အမြန်ပြီးစီးအောင် ဆောင်ရွက်သင့်ကြောင်း၊ ထို့ကြောင့် ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းနိုင်ခြင်းမရှိသေးသည့် လက်ရှိကာလတွင် ပြည်ပကုမ္ပဏီများအား လုပ်ပိုင်ခွင့်ပေးအပ်ခြင်း မပြုသေးဘဲ ရပ်ဆိုင်းထားရန် လိုအပ်ကြောင်း" ကို အဆိုတင်သွင်း၍ ၎င်းအဆိုအပေါ် အစည်းအဝေးတက်ရောက်လာသော ကိုယ်စားလှယ်များက ကန့်ကွက်သူမရှိ ထောက်ခံအတည်ပြုခဲ့ကြောင်း တွေ့ရှိရသည်။

၆။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ဆက်သွယ်ရေးအော်ပရေတာ လိုင်စင်ချထားပေးရေးလုပ်ငန်းစဉ်ကို တည်ဆဲဥပဒေများနှင့်အညီ ပြည်တွင်း ပြည်ပ ကုမ္ပဏီကြီးများအား ပွင့်လင်းမြင်သာစွာ ဖိတ်ကြား၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိနိုင်ရန်နှင့် နားလည်လက်ခံပေးနိုင်ရန်အတွက် နိုင်ငံတော်သမ္မတက ၂၇-၆-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၀၇ (၂)/၈/သမ္မတရုံးဖြင့် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ လိပ်မူ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ မိတ္တူလိပ်စာဖြင့် သဝဏ်လွှာတစ်စောင် ထပ်မံပေးပို့ရှင်းလင်းခဲ့သည်။ အဆိုပါသဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

"၁။ (၂၆-၆-၂၀၁၃) ရက်တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် ပြည်သူ့လွှတ်တော်သတ္တမပုံမှန်အစည်းအဝေးတွင် အရေးကြီးအဆိုအဖြစ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ "လွှတ်တော်တွင် ဆက်သွယ်ရေးဥပဒေကြမ်းအား ဆွေးနွေးနေဆဲသာဖြစ်ပြီး ဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ခြင်း မရှိသေးကြောင်း၊ ထိုသို့ဥပဒေမရှိသေးသည့် အချိန်ကာလတွင် ပြည်ပကုမ္ပဏီ(၂)ခုအား ဆက်သွယ်ရေး အော်ပရေတာလိုင်စင်လုပ်ပိုင်ခွင့် ချထားပေးလိုက်ပါက ပြည်တွင်းကုမ္ပဏီများနစ်နာမှုများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ ပြည်တွင်းရှိ ဆက်သွယ်ရေးကုမ္ပဏီများအနေဖြင့် ပြည်ပမှကုမ္ပဏီများကို ယှဉ်ပြိုင်လုပ်ကိုင်နိုင်စွမ်းမရှိသဖြင့် ရပ်တည်ရန် ခက်ခဲစေမည်ဖြစ်ကြောင်း၊ ဥပဒေအတည်တကျမရှိသေးခင် လိုင်စင်ပေးအပ်လိုက်ပါက နောင်တွင်ဖြေရှင်းရခက်ခဲစေနိုင်မည်ဖြစ်ကြောင်း၊ လွှတ်တော်တွင် ရေးဆွဲလျက်ရှိသော ဆက်သွယ်ရေးဥပဒေကြမ်းအား အမြန်ပြီးစီးအောင်ဆောင်ရွက်သင့်ကြောင်း၊ ထို့ကြောင့် ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းနိုင်ခြင်းမရှိသေးသည့် လက်ရှိကာလတွင် ပြည်ပကုမ္ပဏီများအား လုပ်ပိုင်ခွင့်ပေးအပ်ခြင်း မပြုသေးဘဲ ရပ်ဆိုင်းထားရန်လိုအပ်ကြောင်း"ကို အဆိုတင်သွင်း၍ ၎င်းအဆိုအပေါ် အစည်းအဝေးတက်ရောက်လာသော ကိုယ်စားလှယ်များက ကန့်ကွက်သူမရှိ ထောက်ခံအတည်ပြုဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။

၂။ မြန်မာနိုင်ငံအနေဖြင့် ဆက်သွယ်ရေး သတင်းအချက်အလက်နည်းပညာဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံသားများအတွက် လိုအပ်သည့် ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရန်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။ လက်ရှိတွင် နိုင်ငံသားလူဦးရေ၏ ၇ ဒသမ ၀၈ ရာခိုင်နှုန်းသာ တယ်လီဖုန်းသုံးစွဲနိုင်ပါသည်။ ထို့ကြောင့် တယ်လီဖုန်းသုံးစွဲမှုသိပ်သည်းဆအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၂၂ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၅၀ ရာခိုင်နှုန်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၇၅ - ၈၀ ရာခိုင်နှုန်းအထိ တိုးတက်စေရန် စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

၃။ ဆက်သွယ်ရေး သတင်းအချက်အလက် နည်းပညာဖွံ့ဖြိုးရေးကို နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်ချက်ကြောင့် ဆောင်ရွက်လျက်ရှိသည်ကို ရည်ညွှန်း(၂)ပါသဝဏ်လွှာဖြင့် ရှင်းလင်းပေးပို့ထားရာ တည်ဆဲဥပဒေဖြစ်သော နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၈၉) နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃၁-၁-၂၀၁၃) ရက်စွဲဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃) ပြဋ္ဌာန်းချက်တို့နှင့်အညီ အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၄။ တည်ဆဲဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရာတွင်လည်း အများပြည်သူအကြားတွင် ပွင့်လင်းမြင်သာမှုရှိစေပြီး အခွင့်အရေးတူညီစွာ ယှဉ်ပြိုင်ခွင့်ရရှိရန် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လမှ စတင်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဆက်သွယ်ရေးအော်ပရေတာ လိုင်စင်လုပ်ပိုင်ခွင့် တင်ဒါခေါ်ယူရာ၌ နိုင်ငံတကာအဆင့်မီစံနှုန်းသတ်မှတ်အကြံပြုနိုင်ရေးတင်ဒါစည်းကမ်းများရေးဆွဲနိုင်မည့် International Consultancy ရရှိရန်အတွက် တင်သွင်းလာသော ကုမ္ပဏီ (၆၄) ခုအနက်မှ ပွင့်လင်းမြင်သာစွာဆောင်ရွက်၍ Roland Berger Strategy Consultant Ltd. အား ရွေးချယ်ခဲ့ပြီး ၎င်း၏အကြံပြုချက် ရယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

၅။ ထို့ပြင် အဆိုပါ Roland Berger Strategy Consultant Ltd. က တင်ပြသောတင်ဒါစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် Telecommunication Operator **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**ကိုလည်း သီးခြားလွတ်လပ်သည့် ကော်မတီအဖြစ်၊ ထိုသို့ ဆောင်ရွက်နိုင်မည့်သမာဓိ၊ အရည်အချင်းနှင့် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးပြီး၊ (၁၅-၁-၂၀၁၃) ရက်တွင် တင်ဒါခေါ်ယူခဲ့ရာ ပြည်တွင်း ပြည်ပကုမ္ပဏီ (၉၁)ခုတို့က လျှောက်လွှာတင်သွင်းခဲ့ပါသည်။ တင်ဒါခေါ်ယူရာတွင်လည်း ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် စိတ်ပါဝင်စားသူများ အခွင့်အရေးတူညီစွာဖြင့် ယှဉ်ပြိုင်ခွင့်ရရှိစေရန် သတင်းစာ၊ ရုပ်မြင်သံကြား၊ အင်တာနက်ဝက်ဘ်ဆိုက်တို့မှ အချိန်ပေး၍ ကြိုတင်ကြေညာခဲ့ပြီး၊ မီဒီယာများကိုလည်း ဖိတ်ကြားရှင်းလင်းခြင်းတို့ဖြင့် စနစ်တကျဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပွင့်လင်းမြင်သာစွာဖြင့်ကြေညာခဲ့သော်လည်း ထိုကာလများတွင် ကျင်းပခဲ့သည့် လွှတ်တော်အစည်းအဝေးများ၌ အဆိုတင်သွင်းခြင်း၊ အကြံပြုခြင်းတို့ဆောင်ရွက်မှု မပြုခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

၆။ ဆက်သွယ်ရေးအော်ပရေတာ လိုင်စင်ရရှိရေးကို တိုင်းရင်းသားပိုင်ကုမ္ပဏီများအပြင်အတွေ့အကြုံရှိသည့် နိုင်ငံခြားကုမ္ပဏီကြီးများကပါ ဝင်ရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် ဥပဒေနှင့်အညီ လွတ်လပ်ပွင့်လင်းစွာနှင့် စနစ်တကျ အဆင့်ဆင့်ဆောင်ရွက်ထားရှိမှုကြောင့် ပြည်တွင်းပြည်ပကုမ္ပဏီများက နိုင်ငံတော်အစိုးရအပေါ် ယုံကြည်မှုမြင့်မားလျက်ရှိပါသည်။ ထို့ပြင် မြန်မာ့စီးပွားရေးလုပ်ငန်းတစ်ခုအပေါ် ကမ္ဘာတစ်ဝန်းက စိတ်ပါဝင်စားစွာဖြင့် စောင့်ကြည့်ခံရမှုအရှိဆုံးဖြစ်သည်ကိုတွေ့ရှိရပါသည်။ မူလအစီအစဉ်အတိုင်း တင်ဒါရွေးချယ်မှုကို ပြည်သူ့လွှတ်တော်၏ အထက်စာပိုဒ်(၁)ပါ ကန့်ကွက်မှုကြောင့်ရပ်ဆိုင်းလိုက်ရပါက ကမ္ဘာ့နိုင်ငံများအကြားတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အရှိန်ရရှိစပြုနေသော မိမိနိုင်ငံအနေဖြင့် ဂုဏ်သိက္ခာများစွာ ကျဆင်းပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားဖြစ်စေမည်ဖြစ်ပါသည်။ ၎င်းအကျိုးဆက်ကြောင့် အခြားနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖိတ်ခေါ်မှုများတွင်လည်း နိုင်ငံတကာ၏အမြင်တွင် ယုံကြည်မှုကျဆင်း၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေမည်ဖြစ်ပါသည်။

၇။ အထက်ဖော်ပြပါအတိုင်း နိုင်ငံတော်အစိုးရက ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်စေခဲ့ရာ ပြည်ထောင်စုဝန်ကြီးဌာနအနေဖြင့်လည်း အောက်ပါဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စုဝန်ကြီးဌာန၏ အုပ်ချုပ်မှုအခွင့်အာဏာအတွင်းမှ စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ခြင်း၊

(ခ) ပြည်သူ့ဆန္ဒဖြစ်သည့် ဆက်သွယ်ရေးတယ်လီဖုန်းများကို ဈေးနှုန်းချိုသာလွယ်ကူအဆင်ပြေချောမွေ့စွာ အသုံးပြုလိုမှုအပေါ် အစိုးရ၏ဘတ်ဂျက်အကန့်အသတ်အတွင်းမှ ဖြည့်ဆည်းနိုင်သည့် အတိုင်းအတာထက် ပိုမိုနေသည့်အတွက် အချိန်တိုကာလအတွင်း ပြည်သူ့ဆန္ဒဖြည့်ဆည်းနိုင်ရန် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မှုဖြစ်ခြင်း၊

(ဂ) လွှတ်တော်အသီးသီးကလည်း အစိုးရက ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများကို အစိုးရဘတ်ဂျက်လိုငွေပြမှုလျှော့ချနိုင်ရန် အစိုးရပိုင်အခန်းကဏ္ဍလျှော့ချပြီး ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ ပိုမိုမြှင့်တင်ရန်နှင့် ပြည်သူ့ဆန္ဒကို အုပ်ချုပ်မှုပိုင်းမှ ဖြည့်ဆည်းပေးရန်တာဝန်များကို အဆိုများတင်သွင်းအကြံပြုချက်များအပေါ် အစိုးရက အလေးထားအကောင်အထည်ဖော်ဆောင်ရွက်မှု ဖြစ်ခြင်း၊

(ဃ) နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မှုဖြစ်ခြင်း၊

(င) ပြည်သူများကိုသာမက နိုင်ငံတကာကိုပါ ကျယ်ကျယ်ပြန့်ပြန့် အသိပေးကြေညာဆောင်ရွက်ပြီးဖြစ်ခြင်း။

၈။ သို့ပါ၍ အထက်ဖော်ပြပါအခြေအနေများကြောင့် ဆက်သွယ်ရေးအော်ပရေတာ လိုင်စင်ချထားရေးလုပ်ငန်းစဉ်အား မူလအစီအစဉ်အတိုင်း ဆောင်ရွက်ရခြင်းအပေါ် နားလည်လက်ခံနိုင်ပါရန် သဝဏ်လွှာပေးပို့အပ်ပါသည်။"

၇။ သို့ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ဆက်သွယ်ရေးအော်ပရေတာ လိုင်စင်ချထားရေးလုပ်ငန်းစဉ်များကို တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပွင့်လင်းမြင်သာစွာဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားများ၏ ဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုဖြည့်ဆည်းပေးနိုင်ရေး မူလရည်မှန်းချက် လုပ်ငန်းစဉ်များအတိုင်း အောင်မြင်အောင်ဆောင်ရွက်ပြီးဖြစ်သည်ကို နိုင်ငံသားများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ရှင်းလင်းစွာ သိရှိနိုင်ရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

## ပင်စင်စားဝန်ထမ်းများ ပင်စင်လစာတန်းစီထုတ်ယူနေရ

**မိတ္ထီလာ ဇွန် ၂၇**

မိတ္ထီလာမြို့ မြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်စားဝန်ထမ်းများကို လစဉ် ၂၀ ရက်နောက်ပိုင်း ပင်စင်လစာများ ထုတ်ပေးလျက်ရှိရာ ပင်စင်ထုတ်ယူသူများပြားခြင်းကြောင့် တန်းစီစောင့်ဆိုင်းပြီး ပင်စင်လစာထုတ်ယူရသည့်အတွက် အခက်အခဲများကြုံတွေ့နေရကြောင်း သိရသည်။ "အဘတို့က လစဉ် ၂၁ ရက်နေ့တိုင်း ပင်စင်လစာလာရောက်ထုတ်ယူပါတယ်။ မြန်မာ့စီးပွားရေးဘဏ်က ဝန်ထမ်းများကလည်း ဝန်ဆောင်မှုကောင်းကောင်းနဲ့ ပျူပျူငှာငှာဆောင်ရွက်ပေးပါတယ်။ ဒါပေမယ့် ပင်စင်ထုတ်တဲ့သူများပြားတဲ့အတွက် အခုလိုတန်းစီပြီး ထုတ်ယူရပါတယ်။ နံနက် ၉ နာရီခွဲကစပြီး တန်းစီရတာ နှစ်နာရီလောက်တန်းစီရတော့ အခက်အခဲတော့ရှိတာပေါ့။ ပင်စင်ထုတ်တဲ့သူတွေကလည်း အသက်အရွယ်ကြီးသူတွေဆိုတော့ အကြာကြီးတန်းမစီနိုင်ကြပါဘူး။ တန်းစီရတဲ့အခက်အခဲကို ပြေလည်အောင် တာဝန်ရှိသူတွေက စီစဉ်ပေးစေချင်တယ်"ဟု ပင်စင်စားဝန်ထမ်းတစ်ဦးက ပြောကြားသည်။

**မောင်နဂါး(ထီလာ)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

**ဆိပ်ဖြူ ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က ဆိပ်ဖြူအထက၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းအောင်က ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေး စည်းကမ်းချက်များကိုလည်းကောင်း၊ ရဲအုပ်ကြည်သန်းက ခြေကျင်လျှောက်သူ၊ စက်ဘီးစီးနင်းသူတို့လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားကြသည်။

အဆိုပါ အခမ်းအနားသို့ ဆရာ ဆရာမ ၇၀ နှင့် ကျောင်းသား ကျောင်းသူ ၁၈၀၀ တို့ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မဟာအောင်မြေမြို့နယ်၌ အထကခွဲအဆင့်တိုးမြှင့်

**မန္တလေး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းကို အထက်တန်းကျောင်းခွဲအဆင့်တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း သိရသည်။

အမှတ်(၂)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင် နာယက ဦးရာစိုးတို့က အခြေခံပညာအထက်တန်းကျောင်းခွဲ မှန်ဦးကို ဇွန် ၂၅ ရက် နံနက် ၉ နာရီက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ပညာသင်ယူနေသည့် ထောက်ပံ့ရန်လိုအပ်သည့် အလယ်တန်းနှင့်မူလတန်းကျောင်းသားကျောင်းသူများအတွက် အလှူငွေကျပ် ၃၂၀၀၀၀ နှင့် စာသင်ခုံများကို အလှူရှင်များက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## ကျေးလက်ဒေသများ ရေရရှိရေးဆောင်ရွက်

**နန့်စီးအောင် ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ နန့်စီးအောင်ပေကုန်း အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျေးရွာရေရရှိရေးအတွက် KZEN ကုမ္ပဏီမှ တာဝန်ယူပြီး လက်တူးတွင်းတူးဖော်ခြင်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဖြည့်စွက်ရန်ပုံငွေအစီအစဉ်ဖြင့် KZEN ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ကျေးလက်ရေရရှိရေး လက်တူးတွင်းသည် အကျယ်ခြောက်ပေ၊ အနက်ပေ ၄၀ ဖြစ်ပြီး မေ ၂၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ မေ ၂၅ ရက်တွင် ပြီးစီးခဲ့သည်။ ကုမ္ပဏီတာဝန်ရှိသူများက နန့်စီးအောင်ပေကုန်းအုပ်ချုပ်ရေးမှူး ဦးသောင်းရွှေ ရပ်မိရပ်ဖ ဦးခင်မောင်ညွန့်၊ ဦးမောင်လေးတို့ထံ ဇွန် ၂၄ ရက်တွင် အပ်နှံခဲ့ကြောင်း သိရသည်။

**(၁၇၁)**

## မကွေး အင်တိုင်းကြီးကျေးရွာ ကန်ဟောင်းတူးဖော်

**မကွေး ဇွန် ၂၇**

မကွေးမြို့နယ် အင်တိုင်းကြီးကျေးရွာမှ တစ်မိုင်အကွာရှိ အပေါ်ရေကန်ကြီးကို အင်တိုင်းကြီးကျေးရွာ ရေကန်ပြန်လည်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့နှင့် အပူပိုင်းဇုန်မြေသားမိုးရေကန်ပြန်လည်တူးဖော်ရေးစီမံကိန်း (Proximity Desins)တို့ပူးပေါင်းကာ ဇွန်လဆန်းပိုင်းမှစတင်၍ ပြန်လည်တူးဖော်လျက်ရှိကြောင်း သိရသည်။

"ဒီအပေါ်ကန်ကြီးဟာ ရှေးဘိုးဘွားအစဉ်အဆက်ကတည်းက လူတွေရော၊ တိရစ္ဆာန်တွေပါ သုံးရေအဖြစ်မှီခိုအားထားရတာပါ။ နှစ်တွေကြာလာတော့ ဒီရေကန်ကြီးက တဖြည်းဖြည်းတိမ်ကောလာတယ်။ ရေဝင်အားမကောင်းတော့ဘူး။ ရေကို ကြာရှည်မထိန်းနိုင်တော့ဘူး။ ပြာသိုလဆိုရင် ရေခန်းသွားပြီး ဒီဘက်တန်ခူး၊ ကဆုန်အထိ ရေကျန်နေမယ်ဆိုရင် အဆင်ပြေမယ်။ ကန်ထဲ ရေကုန်သွားတဲ့အခါ စက်ရေတွင်းကို အသုံးပြုရတယ်၊ စက်ရေတွင်းအသုံးပြုတဲ့အခါ အဆင်မပြေကြဘူး။ တန်းစီပြီးရေခပ်ရတယ်။ အချိန်လည်းကုန်၊ ငွေလည်းကုန်တာပေါ့။ နွေရာသီမှာ ရေအခက်အခဲကြုံရလို့ ဒီကန်ဟောင်းကြီးကို ပြန်လည်တူးဖော်ရတာပါ"ဟု ရပ်မိရပ်ဖတစ်ဦးက ဆိုသည်။

ရေကန်ကြီးကို ပြန်လည်တူးဖော်ရေးအတွက် Livelihood and Food Security Trust Fund က အလှူငွေကျပ် ၄၉၃၀၀၀၀ သုံးစွဲပြုပြင်ပေးခြင်းဖြစ်ပြီး ပြီးစီးပါက ပေ (၁၀၀×၂၀၀ × ၅)ပေ ကျယ်ဝန်းမည်ဖြစ်ပြီး စက်ယန္တရားများ အသုံးမပြုဘဲ လူတို့၏လုပ်အားဖြင့် တူးဖော်နေကြသည်။

စက်ယန္တရားကို အသုံးမပြုခြင်းဖြင့် ရွာသူရွာသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေပြီး ကုန်ကျမှုသက်သာစေရန်အတွက်ဖြစ်ကာ ဇွန်လကုန်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**(အပေါ်ပုံ) မကွေး(လှမြင့်)**

## စုံတွဲများသီးသန့်ကြည့် 3D ရုပ်ရှင်ရုံကို အရေးယူပြီ

**မုံရွာ ဇွန် ၂၇**

မုံရွာမြို့ ဘုန်းစိုးရပ်ကွက် ကျောက္ကာလမ်း၌ သမီးရည်းစားစုံတွဲများ သီးသန့်ကြည့်ရှုနိုင်သည့် 3D ရုပ်ရှင်ရုံတစ်ရုံကို ဇွန် ၂၃ ရက် နံနက် ၁၁ နာရီက ပြည်သူများ၏ သတင်းပေးတိုင်တန်းချက်များအရ သက်ဆိုင်ရာက ဝင်ရောက်ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။ ဇွန် ၂၃ ရက် နံနက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြူအင်းနှင့်တာဝန်ရှိသူများ ပူးပေါင်း၍ မုံရွာမြို့ ဘုန်းစိုးရပ်ကွက် ကျောက္ကာလမ်းရှိ စိမ်းရွှေဝါအအေးခန်းသီးသန့်ရုပ်ရှင်ရုံကို ဝင်ရောက်စစ်ဆေးရာ ဆင်ဆာမဲ့နိုင်ငံခြားဇာတ်လမ်းတွဲ 3D အခွေများအသုံးပြုကာ တရားမဝင်ပြသနေသည်ကိုတွေ့ရှိရပြီး သမီးရည်းစားစုံတွဲများ သီးသန့်ကြည့်ရှုနိုင်ရန် အအေးခန်းများစီစဉ်ပေးထားကာ ဇာတ်လမ်းတွဲကို ကြည့်ရှုနေသော စုံတွဲများကိုလည်း တွေ့ရှိရသဖြင့် ရုပ်ရှင်ပြသရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တာဝန်ခံသီဟဆွေကို ဥပဒေအရ အရေးယူခဲ့ခြင်းဖြစ်သည်။

"သီးသန့်အအေးခန်းတွေ ပြုလုပ်ပြီး သမီးရည်းစားစုံတွဲတွေကို အဓိကပြသနေတာကြောင့် အချိန်မရွေးပြစ်မှုတွေ ပေါ်ပေါက်လာနိုင်ပါတယ်။ သတ်မှတ်စည်းကမ်းနဲ့ မကိုက်ညီတဲ့အတွက် အခုလို အရေးယူခဲ့ရတာဖြစ်ပါတယ်"ဟု မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ အကြီးတန်းအရာရှိတစ်ဦးက ပြောပြသည်။

အအေးခန်းသီးသန့်ရုပ်ရှင်ပြသရာတွင် အသုံးပြုလျက်ရှိသော ဆက်စပ်ပစ္စည်းများကို သက်ဆိုင်ရာပူးပေါင်းအဖွဲ့က ရှာဖွေသိမ်းဆည်းရာတွင် ပစ္စည်း ၂၉ မျိုးကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သြဇာ(မုံရွာ)**

## လူသတ်မှုကျူးလွန်သူကို အလုပ်နှင့်ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်

**ဗန်းမော် ဇွန် ၂၇**

ဗန်းမော်ခရိုင် တရားရုံးက လူသတ်မှုကျူးလွန်သူ အမျိုးသားတစ်ဦးအား အလုပ်နှင့်ထောင်ဒဏ် တစ်သက်တစ်ကျွန်းပြစ်ဒဏ်ကျခံစေရန် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန်စီမြို့နယ် ကောင်ရာရပ်ကွက် ဦးလခန်တောင်၏ဇနီး မခါးရာသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က ဂျိန်းဖောမြေရပ်ကွက် ဖခင် ဦးဝါဂျယ်နော်ဘောက်၏အိမ်ဝိုင်းအတွင်း မီးဖိုချောင်တွင်ရောက်ရှိနေစဉ် ကိုလခန်တောင်ရောက်ရှိလာပြီး ဓားနှင့် ထိုးသဖြင့် မခါးရာတွင် ဒဏ်ရာများရရှိ၍ သေဆုံးခဲ့သဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ဦးက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ဗန်းမော်ရဲတပ်ဖွဲ့စခန်းကအမှုဖွင့်၍ အမှုစစ်ရဲအုပ်ဇော်လေးက လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်ပြီး ၂၁-၁-၂၀၁၃ နေ့စွဲချက်အမှတ် ၂/၂၀၁၃ အရ ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့သော အမှုဖြစ်သည်။ ဗန်းမော်ခရိုင် တရားရုံးက ရာဇဝတ်ကြီးမှု အမှတ် ၅/၂၀၁၃ အရ လက်ခံ၍ ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်ပြီး ပြစ်မှုကျူးလွန်သူ ကိုလခန်တောင် (၃၃ နှစ်)အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၂)အရ အလုပ်နှင့်ထောင်ဒဏ် တစ်သက်တစ်ကျွန်းချမှတ်ခဲ့ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

စာအုပ်စာပေ လူ့မိတ်ဆွေ

**(၂၃-၆-၂၀၁၃)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၁၂)၏ ဦးခင်မောင်ဦး ၏ ကြော်ငြာနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းကြော်ငြာခြင်း**

[illegible]

SAKURA [illegible]

[illegible]

လွှဲအပ်ညွှန်ကြားသူ [illegible]

လွှဲအပ်ညွှန်ကြားချက်အရ
[illegible] LL.B LL.M
[illegible] LL.B, D.B.L
B.A(Eco), H.G.P.
Diploma in Business Law
WIPO, D.L.P (Switzerland)
[illegible] LL.B
[illegible] LL.B, D.B.L

[illegible]

**ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန်အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မနဲနွှယ်ဒေသအိမ်ရာ၊ အမှတ်၂၇၃ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၁/တိုးချဲ့)၊ လူနေရပ်ကွက်အမှတ် -စက်မှုလက်မှု၊ မြေကွက်အမှတ် ၂၇၃၊ မြေဧရိယာ ဝ.၁၁၁၁ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံအပေါ်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်သောင်း ၁၂/တမန(နိုင်)၀၅၃၂၁၉က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှစရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့်အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်းအသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးရီ LL.B ဒေါ်လှလှခိုင် LL.B
တရားလွှတ်တော်ရှေ့နေ (၄၃၇၃) တရားလွှတ်တော်ရှေ့နေ(၅၄၁၀)
အမှတ် (၉/၁၁)၊ အခန်းအမှတ် (၂၀၁ A) ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂-သမိုင်း)၊ မြေကွက်အမှတ် (၁၃/က၄)၊ ဧရိယာ ၀.၁၁၈၂ဧကရှိ B မြေပိုင်မြေအိမ်ရာမြေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (အလျား ၄၂ပေxအနံ ၆၅ပေ)ရှိ ယခုအခေါ် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အထက်ဗဟိုလမ်းနှင့် ဒေါ်လှခင်လမ်းထောင့်၊ ယခုအမှတ် ၁၃၊ ယခုအမှတ် ၈၉/၁၀ဟုခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ဒေါ်ခင်အေးဝင်းထံမှ ၁၀-၉-၁၉၉၄ရက်စွဲပါ စာချုပ်အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ကြည် NBN -၁၃၅၁၀၅၅၏ သားသမီးများဖြစ်သော ၁။ ဒေါ်မူမူ ၁၂/မရက(နိုင်)၀၂၃၅၅၂၊ ၂။ ဦးမောင်မောင်ကြည် MYGN -၀၁၂၀၂၂၊ ၃။ ဦးဇော်မင်း ၁၂/မရက(နိုင်)၀၁၃၅၂၂၊ ၄။ ဦးခင်ကျော်ဝင်း ၁၂/မရက(နိုင်)၀၂၉၇၆တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် မြေနှင့်အိမ်အတွက်ငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေ၊ အိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှိုင်း LL.B.,D.B.L အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

# ရွှေရတုမြန်မာ့ကျောက်မျက်ရတနာပြပွဲအောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဇွန် ၂၇**

ရွှေရတု မြန်မာ့ကျောက်မျက်ရတနာပြပွဲနောက်ဆုံးနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်း ခန်းမ၌ ဆက်လက်ကျင်းပရာ ကျောက်စိမ်းအတွဲပေါင်း ၇၆ တွဲအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးပြီး ညနေပိုင်းတွင် ရွှေရတုမြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ပြီးစီးခဲ့သည်။

ယနေ့ပြပွဲသို့ ပြပွဲဗဟိုကော်မတီနာယက ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်သည် ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့် ရဲချုပ်ကျော်ကျော်ထွန်းတို့နှင့်အတူ ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမသို့ ရောက်ရှိလာပြီး ပြည်တွင်းပြည်ပ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများအား သွားထက်ငါဈေးပြိုင်ပေး၍ အပြိုင်အဆိုင်ဝယ်ယူနေမှုနှင့် တာဝန်ရှိသူများက ရတနာကုန်သည်များ အဆင်ပြေလွယ်ကူစွာဝယ်ယူနိုင်ရေးအတွက် ကြိုးကြပ်ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

နောက်ဆုံးနေ့ ပြပွဲတွင် နံနက်ပိုင်းမှစ၍ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် ကျောက်စိမ်းအတွဲများအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးနေသည့် မဏိရတနာကျောက်စိမ်းခန်းမအတွင်းသို့ အဖွဲ့လိုက်စုရုံးရောက်ရှိလာကြပြီး ကျောက်စိမ်းအတွဲများအား ဈေးပြိုင်ပေးကာ သွားထက်ငါ အပြိုင်အဆိုင်ဝယ်ယူကြသည်။

ရွှေရတု မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းလေလံအတွဲပေါင်း ၃၄၆ တွဲကို တင်ပြထားပြီး ဈေးပြိုင်စနစ်ဖြင့် လေးရက်တိုင်တိုင် ရောင်းချပေးခဲ့ရာ ကျောက်စိမ်း အတွဲ စုစုပေါင်း ၂၂၈ တွဲ ရောင်းချနိုင်ခဲ့ကြောင်းနှင့် ညနေ ၃ နာရီတွင် အကြိမ် (၅၀)မြောက် ရွှေရတု မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာပြီးစီးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# အာရှရုံတွင်းအားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအဖွဲ့ ထွက်ခွာ

**ရန်ကုန် ဇွန် ၂၇**

ကိုရီးယားသမ္မတနိုင်ငံ၌ ဇွန် ၂၉ မှ ဇူလိုင် ၆ ရက်အထိ ကျင်းပမည့် (၄)ကြိမ်မြောက် အာရှရုံတွင်း အားကစားပြိုင်ပွဲနှင့် ကိုယ်ခံပညာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဘိလိယက်၊ ရိုးရာလက်ဝှေ့ (မွေ)နှင့် စစ်တုရင် မြန်မာအားကစားအဖွဲ့သည် ဇွန် ၂၆ ရက်ညပိုင်းတွင် လည်းကောင်း၊ စင်ကာပူနိုင်ငံ၌ဇွန် ၂၈ မှ ဇူလိုင် ၁ ရက်အထိ ကျင်းပမည့် လွှန်ဆွဲအားကစားနည်းဆိုင်ရာ ဆွေးနွေးပွဲသို့တက်ရောက်မည့် မြန်မာ့ရိုးရာအားကစားအဖွဲ့ချုပ်မှ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာ

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ နောင်ယား(က)ရပ်ကွက်၊ သီရိဒေါလမ်း န/၁၀၁ တွင် ပါတီရုံးချုပ်တည်ရှိသော လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ(ကယားပြည်နယ်)က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၇-၆-၂၀၁၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်)၏ အလံပုံစံ**

**လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်) ပါတီ၏ တံဆိပ်ပုံစံ**

**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၂၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၃ ခုနှစ် ဇွန်လ ၂၇ ရက်တွင် လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ(ကယားပြည်နယ်)က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အလုပ်သမားရေးရာကိစ္စရပ်များအားလုံးနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးမည့် Complaint Mechanism ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၇**

အလုပ်သမားရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ပြည်သူလူထုဗဟိုပြု ဝန်ဆောင်မှုပေးနေသည့်ကိစ္စများ၊ ပြည်တွင်း ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာများ၊ အလုပ်ရှင်နှင့် အလုပ်သမားများ၏ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံရပ်ခြားတိုင်းပြည်များတွင် သွားရောက် အလုပ်လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်းအလုပ်သမားရေးရာ ကိစ္စရပ်များအား အချိန်ပြည့်ဖြေရှင်းဆောင်ရွက်ပေးမည့် Complaint Mechanism (နေပြည်တော်)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ရုံးအမှတ် (၅၁)၌ စတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်းနှင့် စုံစမ်းမေးမြန်းတိုင်ကြားလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၃၀၁၈၄၊ ၀၆၇-၄၃၀၂၈၄ သို့ လည်းကောင်း၊ e-mail လိပ်စာ complaint.moles@gmail.com သို့ လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အဆိုပါဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**


**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ပြည်နယ်ပြည်သူ့ဆေးရုံကြီး- ဘားအံမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ပြည်နယ်ပြည်သူ့ဆေးရုံကြီး-ဘားအံမြို့တွင်ဆေးကုသမှု ခံယူနေသော လူနာများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၇-၆-၂၀၁၃ ရက်၊ နံနက် ၁၀း၀၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၇-၂၀၁၃ ရက်၊ ညနေ ၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်တွင် အောက်ပါလိပ်စာသို့ လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်နယ်ပြည်သူ့ဆေးရုံကြီး**
**ကရင်ပြည်နယ်၊ ဘားအံမြို့၊**
**ဖုန်း-၀၅၈-၂၁၂၅၁**



**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**အထူးစီမံကိန်းကြီးအဖွဲ့(၃)**
**ညောင်ဦးမြို့**

## (အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း)

**တင်ဒါအမှတ်-၁ (၂၀၁၃-၂၀၁၄)**

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးစီမံကိန်းကြီးအဖွဲ့(၃)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီးအတွင်းလမ်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| **ပေးသွင်းရမည့်ပစ္စည်း** | **အရေအတွက်** | **ပေးသွင်းရမည့်နေရာ** |
|---|---|---|
| ခွဲကျောက်ရွယ်စုံ | ၄၈၆၁ကျင်း | မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်း၊ မကွေးတိုင်းဒေသကြီးအပိုင်း |

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၇-၇-၂၀၁၃ ရက်၊ ၁၀း၀၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဂန့်ဂေါမြို့
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၇-၇-၂၀၁၃ ရက်၊ ၁၂း၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁-၇-၂၀၁၃ရက်မှစ၍ ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဂန့်ဂေါမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အထူးစီမံကိန်းကြီးအဖွဲ့(၃)**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**လက်ပန်ခြေပေါ်၊ ညောင်ဦးမြို့၊ ဖုန်း-၀၉-၈၃၄၀၅၉၃**



# HAPPY BIRTHDAY KU KUE

ချစ်သမီးငယ် ကူကူး(ခ)ဖြူဖြူကို၏ ၂၈-၆-၂၀၁၃ ရက်တွင်ကျရောက်သော မွေးနေ့ရက်မှသည် နောင်နှစ် ၁၂၀တိုင် ချစ်သောမိသားစုနှင့်အတူ ဘာသာ သာသနာအကျိုးကို သယ်ပိုးနိုင်သူဖြစ်ပါစေ၊ အောင်မြင်သောစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

**မေမေကြီး-ဒေါ်နုနုသိန်း**
**ဖေဖေ-ဦးသက်ဆွေ-မေမေ-ဒေါ်ယမင်းကိုကို**
**ချစ်မမ-မိုမိုကို**



# မွေးနေ့မင်္ဂလာဆုမွန်တောင်းလွှာ

T & Y Group of Companies ၏ Director ဖြူဖြူကို၏ ၂၈-၆-၂၀၁၃ရက်တွင်ကျရောက်သောမွေးနေ့မှသည် နောက်နှစ်ပေါင်းများစွာတိုင် ချစ်သော မိသားစုနှင့်အတူ ဘဝခရီးလမ်းကို အောင်မြင်စွာလျှောက်လှမ်းနိုင်ပါစေ။

T & Y Group of Companies **မှဝန်ထမ်းများ**
**(ရန်ကုန်၊ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ကျင်းပ

**နေပြည်တော် ဇွန် ၂၇**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး စုဝေးခန်းမ၌ ကျင်းပရာ ဒုတိယ တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသန်းဝင်းက ပြည်ထဲရေးဝန်ကြီး၏ သဝဏ်လွှာကို ဖတ်ကြားပြီး တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး စိုးမြင့်ဦးနှင့်အတူ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကာတွန်း၊ ပိုစတာနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရကျောင်းသားကျောင်းသူများအား ဆုများ ချီးမြှင့်ခဲ့ကြကြောင်း **(အပေါ်ပုံ)**နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

**အေးသန်း**

## စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်

**နေပြည်တော် ဇွန် ၂၇**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းအုပ်စု ဂုံမင်းအင်းရွာ၌ ဇွန် ၂၂ ရက် ည ၈ နာရီ မိနစ် ၂၀ က ညီညီ(ခ)ထွန်းမြင့်အောင်(၃၉ နှစ်)သည် အောင်ဇမ္ဗူရပ်ကွက်သို့ ရောက်ရှိနေစဉ် တစ်ရွာတည်းနေသူက ရွာတွင် ရန်ဖြစ်နေကြောင်း ဖုန်းဆက်ခေါ်သဖြင့် ရွာသို့ပြန်ရောက်စဉ် ဇနီးဖြစ်သူ မမြင့်မြင့်သန်း (၃၈ နှစ်)နှင့် မဌေးဌေးအောင်၊ တင်မောင်ဝင်း၊ ကျော်ဇေယျ၊ ခိုင်မျိုး၊ စိုးလွင်တို့အား အောင်အောင်(ခ)ဒီနိုင်း (၃၁ နှစ်)၊ လှမင်းစိန်(၃၁ နှစ်)၊ ကိုထိုက်၊ အောင်အောင်၊ မသင်းသင်း၊ မပပ၊ မအေးအေးသန်းတို့က ဓားများဖြင့် ဝိုင်းခုတ်နေသည်ကို တွေ့မြင်ရပြီး ဇနီးမမြင့်မြင့်သန်းက ၎င်းအား ဒီနိုင်း(ခ)အောင်အောင်က ဓားနှင့်ခုတ်ကြောင်း အော်ဟစ်သံကြားရ၍ ညီညီကသွားရောက်ခဲ့စဉ် ဇနီးသည်ဒဏ်ရာရရှိသည်ကိုတွေ့ရသဖြင့် ဆေးရုံသို့သွားရန် ကားခေါ်ပြီး ကားပေါ်အရောက်တွင် သေဆုံးသွားသည့်အပြင် အောင်အောင်(ခ)ဒီနိုင်းတို့အုပ်စုဖွဲ့ပြီး ဓားဖြင့်ခုတ်မှုကြောင့် မဌေးဌေးအောင်၊ တင်မောင်ဝင်း၊ ကျော်ဇေယျ၊ ခိုင်မျိုး၊ စိုးလွင်တို့တွင်လည်း ဒဏ်ရာများရရှိခဲ့သဖြင့် ညီညီ(ခ) ထွန်းမြင့်အောင်က ဒီနိုင်း(ခ)အောင်အောင်ပါ ခုနစ်ဦးကို အရေးယူပေးပါရန် နေပြည်တော်အမှတ်(၁) မြို့မရဲစခန်းသို့တိုင်တန်းသောကြောင့် ရဲစခန်းမှ အမှုဖွင့်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## တမလန်းသစ်များ သိမ်းဆည်း

**ကသာ ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် သပြေကုန်းကျေးရွာအောက်ဘက် ဧရာဝတီမြစ်ကမ်းနံဘေး ခန့်မှန်းမြေပုံညွှန်း MN 978656 တွင် ဆိုက်ကပ်ထားသောမော်တော်ပေါ်မှ တရားမဝင်တမလန်းသစ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသာခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းထွဋ်ဦးဆောင်၍ မြို့နယ်ဦးစီးအရာရှိ ဦးဝင်းထွန်း၊ တောအုပ်ကြီး ဦးအင်ထင်းနော်၊ တောအုပ် ဦးမျိုးဇော်ညွှန့်၊ ဦးဇော်ဝင်း၊ ဦးအုန်းကိုကိုဝင်း၊ ဦးမြင့်အောင်(၂)၊ တောခေါင်းဦးတင်မောင်အုန်း၊ ဦးယော်ထုံတို့ပါဝင်သော သစ်တောဝန်ထမ်းအဖွဲ့သည် သတင်းအရသက်သေများနှင့်အတူ ဇွန် ၂၄ ရက် နံနက် ၃ နာရီခွဲက ကသာမြို့နယ် သပြေသာကျေးရွာအောက်ဘက် ဧရာဝတီမြစ်ကမ်းနံဘေးတွင် ဆိုက်ကပ်ထားသောမော်တော်ပေါ်မှ အောက်ပါသက်သေခံပစ္စည်းများ ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားထားသော အမှုဖြစ်ကြောင်း သိရသည်။

သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများမှာ တမလန်းဓားရွေ(စကွဲရား)ကိုးတုံး၊ ၀ ဒသမ ၇၄၅၆ တန်နှင့်ပိတောက်ခွဲခြမ်း ၁၅ ခြမ်း၊ ၂ ဒသမ ၁၁၆ တန်၊ အစိမ်းနုရောင်မော်တော်တစ်စီးတို့ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ မော်တော်ပိုင်ရှင်နှင့် ပစ္စည်းပိုင်ရှင်ဖြစ်သော ဦးညိုမှိုင်း သပြေသာကျေးရွာ ကသာမြို့နယ်နေသူအား သစ်တောဥပဒေအရ အရေးယူနိုင်ရန် ကသာမြို့နယ်တရားရုံး၌ တရားစွဲဆိုထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

## RBE ရထားနှင့် ဆိတ်များ ထိခိုက်မှုဖြစ်

**နတ်မောက် ဇွန် ၂၇**

ကျောက်ပန်းတောင်း-ပျဉ်းမနားမီးရထားလမ်းပိုင်းရှိ နတ်မောက်မြို့နယ် လက်ခုပ်ပင်ဘူတာနှင့် နတ်မောက်ဘူတာအကြား တံတားအမှတ် ၁၅၅ အနီး မီးရထားလမ်းပေါ်တွင် ပုဂံဘက်မှလာသော RBE ရထားနှင့် စားကျက်မြေသို့ လွှတ်ကျောင်းလာသော ဆိတ်အုပ်တို့ ထိခိုက်မှုဖြစ်စဉ်တစ်ခု ဇွန် ၂၅ ရက် နံနက် ၈ နာရီခွဲက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အနောက်လက်ခုပ်ပင်ကျေးရွာနေ ဦးမြအေးမွေးမြူထားသော ဆိတ်အုပ်ကို နံနက်ပိုင်းတွင် မီးရထားလမ်းဘေးလှည်းလမ်းအတိုင်း မြောက်မှတောင်သို့ ဦးတည်၍ စားကျက်သို့ မောင်းနှင်လာကြောင်း၊ ဒေသအခေါ်နှစ်ပေတံတား(တံတားအမှတ်-၁၅၅) အနီးအရောက်တွင် ပုဂံဘက်မှ ထွက်ခွာလာသော RBE ရထားအသံကိုကြား၍ ဆိတ်အုပ်ကလန့်ပြီး မီးရထားလမ်းပေါ်သို့ တက်ပြေးရာမှ ထိခိုက်မှုဖြစ်ရခြင်းဖြစ်ကြောင်း၊ ဆိတ်အုပ်ထိန်းကျောင်းသည့်ကလေးသည် အနည်းငယ်နားလေးနေကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ဆိတ်ခုနစ်ကောင် ပွဲချင်းပြီးသေဆုံးကာ ဆိတ်ငါးကောင်ဒဏ်ရာရရှိကြောင်း၊ ဒဏ်ရာရ ဆိတ်ငါးကောင်သည်လည်း မကြာမီသေဆုံးခဲ့သဖြင့် စုစုပေါင်းဆိတ် ၁၂ ကောင်သေဆုံးခဲ့ကြောင်း စုံစမ်းသိရှိရသည်။ **(၁၂၇)**

## ခရီးသည်တင်မှန်လုံကား အရှိန်မထိန်းနိုင်၍ လမ်းဘေးထိုးကျ

**ဒီပဲယင်း ဇွန် ၂၇**

ဇွန် ၂၅ ရက် ညနေ၃နာရီကျော်ခန့်က ဒီပဲယင်းမြို့နယ် မုံရွာ-ရေဦးကားလမ်းမပေါ်တွင် မုံရွာမှရေဦးသို့ မောင်းနှင်လာသော ခရီးသည်တင်မှန်လုံမော်တော်ယာဉ် ၃ခ/---သည် မိုင်တိုင်အမှတ် ၁၂၅/၇ အလွန် ကြည်ကားဂိတ်အနီးတွင် လမ်းဘေးသို့ ထိုးကျသွားခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ယာဉ်မောင်းဇော်ကြီး(ခ) သက်ထွန်းဇော်သည် အရှိန်ပြင်းစွာမောင်းနှင်လာရာ တိုက်ရေ့ပြုတ်သွားပြီး စတီယာတိုင်ကွေ့မရသဖြင့် လမ်းဘေးသို့ထိုးကျခဲ့ခြင်းဖြစ်သည်။ အဆိုပါကားပေါ်တွင် ပါလာသောခရီးသည်များ ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရသည်။ ယင်းဖြစ်စဉ်တွင် ဒီပဲယင်းရဲစခန်းက ယာဉ်မောင်းဇော်ကြီး(ခ)သက်ထွန်းဇော်ကို မဆင်မခြင် မောင်းနှင်မှုဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

### လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် မောင်သန်းထိုက်ဦး မြန်မာ့ဂုဏ်ရည်လမ်းနေသူသည် ၂၀-၆-၂၀၁၃ ရက်တွင် နေအိမ်မှထွက်သွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ လက်ခံထားသူအား တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သတင်းပေးသူအား ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၇၃၁၅၃၀၆၉၊ ၀၉-၄၂၈၀၄၈၈၂၉

### ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးကြည်ဇင်ဟန် ၁၂/ဒဂမ(နိုင်)၀၂၃၉၆၂ ၏ ပတ်စပို့အမှတ် 805672 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၂၈၇၀၂

**အလိမ္မာ စာမှာရှိ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ လူနေရပ်ကွက်အမှတ် (မြခွာညိုအိမ်ရာစီမံကိန်း) အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ် ၇/အနောက်၊ မြေကွက်အမှတ် ၈၂ပေါ်ရှိ အလျား ပေ၆၀× အနံ ပေ၄၀၊ စတုရန်းပေ အကျယ်အဝန်းအားဖြင့် ၂၄၀၀ အကျယ်အဝန်းရှိသောမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဂရန်အမည်ပေါက်ဖြစ်သူ ဒေါ်သဇင်ဦး ၁၂/သကတ(နိုင်)၁၅၄၅၈၄ ကိုင်ဆောင်သူထံမှ ကျွန်မ ဒေါ်မြသန်း ၁၂/ကတတ(နိုင်)၀၁၀၃၁၃ ကိုင်ဆောင်သူမှ အရောင်းအဝယ်ပြုလုပ်ရန်ကမ်းလှမ်းရာ ရောင်းချသူမှ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီသဖြင့် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေချထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအစုံအလင်ဖြင့် ကျွန်မထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြသန်း ၁၂/ကတတ(နိုင်)၀၁၀၃၁၃
ဖုန်း-၀၉-၇၃၉၀၃၂၅၅

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၆၇၃/ခ)၊ မြေအကျယ် ၂၅ပေ×ပေ၅၀ရှိ ဦးစံသိန်းအမည်ပေါက် နှစ်၆၀ မြေငှားဂရန်မြေကွက်တစ်ကွက်နှင့်တကွ ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၆၇၃/ခ)ဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမွေဆက်ခံပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူများဖြစ်ကြသည်ဟုဆိုသည့် ဦးအောင်ကြည်ထွန်းပါ (၈)ဦးထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ဦးအောင်ကြည်ထွန်းသို့ ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တရားဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားမှုအရ-
ဦးဇော်မျိုးဟန်၊ ဦးသိန်းဝင်း
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၅၉၁)၊ ရတနာသီရိလမ်း၊ ဆ/ကရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၈၅၀၂၅၁၃၊ ၀၉-၄၉၂၃၄၃၇၆

### ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မေရဝတီလမ်း၊ အမှတ်(၁၃၅-ဒီ) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေကွက်အမှတ်(၁၂/ည-၈)၊ မြေဧရိယာ(၀ ဒသမ ၂၅၀)ဧကရှိ မြေပိုင်မြေ(လ/န ၃၉)မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ကွယ်လွန်သွားသဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၄၂၄၂/၂၀၁၂အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်တင်နုရီ ၁၂/မရက(နိုင်)၀၁၉၅၇၃က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊ အထောက်အထားခိုင်လုံစွာ ယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးရီ (LL.B) ဒေါ်လှလှခိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ(၄၃၇၃) တရားရုံးချုပ်ရှေ့နေ(၅၄၁၀)
အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁A)၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

## နိုင်ငံတကာအားကစားသတင်း

# ဖက်ဒဲရားနှင့် ရာရာပိုဗာ ပြိုင်ပွဲမှထွက်ရပြီ

ဝင်ဘယ်ဒန်ဖလား လက်ရှိချန်ပီယံရော်ဂျာဖက်ဒဲရားသည် ကမ္ဘာ့အဆင့် ၁၁၆ ရှိ ဆာဂျီစတာဟိုစကီးကို ရှုံးနိမ့်ပြီး ဝင်ဘယ်ဒန်ဖလားပြိုင်ပွဲမှ ထွက်သွားခဲ့ရပြီဖြစ်သည်။ ဒေးဗစ်ဖာယာနှင့်တီဆွန်ဂါတို့သည် ယခုနှစ်ဝင်ဘယ်ဒန်ဖလားကို ဆွတ်ခူးရန် ရေပန်းအစားဆုံးဖြစ်လာသည်။

အလားတူ နာမည်ကြီးတင်းနစ်မယ် ရာရာပိုဗာသည်လည်း ကမ္ဘာ့အဆင့် ၁၃၁ ရှိ လာချာဒီဘရစ်တိုအား ရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရပြီဖြစ်သည်။ ၂၀၀၄ ဝင်ဘယ်ဒန်ချန်ပီယံ ရာရာပိုဗာသည် ထိုနေ့က ကွင်းအတွင်းသုံးကြိမ်တိုင်တိုင် လဲကျခဲ့သည်။ အမျိုးသမီးပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ဆီရီနာဝီလျံသည် ဖလား ဆွတ်ခူးရန် ရေပန်းစားလာသည်။

# တီဗက်ဇ် ကျောနံပါတ် ၁၀ ဝတ်ကစားရမည်

ဂျူဗင်တပ်စ်က ပေါင် ၁၂ သန်းဖြင့် ခေါ်ယူလိုက်သော မန်စီးတီးတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်ကို ကျောနံပါတ် ၁၀ ဂျာစီအင်္ကျီကို ဝတ်ဆင်ကစားစေရမည်ဖြစ်ကြောင်း ဂျူဗင်တပ်စ်တာဝန်ရှိသူများက ပြောကြားသည်။ အီတလီစီးရီးအေ ချန်ပီယံဂျူဗင်တပ်စ်က တီဗက်ဇ်အား သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။

# လီဗာပူးအတွက် ဂျရတ်ပြန်လာပြီ

လာမည့် ပရီမီယာလိဂ်တွင် လီဗာပူးအသင်းအတွက် အောင်ပွဲများ ဆက်တိုက်ရယူပေးမည့် လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်သည် ရာသီကြိုပြိုင်ပွဲများကစားရန် ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်သည်။ အသက် ၃၂ နှစ် အရွယ်ရှိ ဝါရင့်ကစားသမားကြီး ဂျရတ်သည် ခွဲစိတ်ခံထားရ၍ ပြီးခဲ့သည့်ရာသီကုန် ပြိုင်ပွဲနှစ်ပွဲဖြစ်သော ဖူလ်ဟမ်၊ ကျူပီအာတို့နှင့်ပြိုင်ပွဲများတွင် လွဲချော်ခဲ့ရသည်။ ကွင်းလယ်ကစားသမား ဂျရတ်သည် သုံးလကြာ ခွဲစိတ်အနားယူခဲ့ပြီးနောက် ယခုအခါ ပြန်လည်လေ့ကျင့်နေပြီဖြစ်သည်။

ကောင်းမြတ်သူ စုစည်းသည်

# ကွန်ဖက်ဒရေးရှင်းဖလားဗိုလ်လုပွဲ ဘရာဇီးတက်ပြီ

ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲရဲ့ အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်အဖြစ် ဘရာဇီးနဲ့ဥရုဂွေးတို့ ဇွန် ၂၈ နံနက်ရက်က ယှဉ်ပြိုင်ကစားတဲ့အခါ ဘရာဇီးက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး နောက်ဆုံးဗိုလ်လုပွဲကို ထိုက်ထိုက်တန်တန် တက်ရောက်သွားနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

တောင်အမေရိက ဇုန်အသင်းတွေ တွေ့ဆုံတဲ့ပွဲဖြစ်တာမို့ အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုတွေနဲ့ ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့ပါတယ်။ ဘရာဇီးအသင်းဟာ နေမာ၊ အော်စကာ၊ ဟော့ခ်၊ ပေါ်လင်ဟို၊ မာဆယ်လိုစတဲ့ အဓိက ကစားသမားတွေနဲ့ ပွဲထွက်ခဲ့သလို ဥရုဂွေးတို့ကလည်း ဆွာရက်ဇ်၊ ဖော်လန်၊ ကာဗာနီ၊ ရိုဒရီကွက်ဇ်စတဲ့ အမာခံကစားသမားတွေနဲ့ ဘရာဇီးကို ရင်ဆိုင်ခဲ့ပါတယ်။

ဘရာဇီးအသင်းဟာ ပွဲအစပိုင်းမှာ အပေးအယူမှန်မှန်နဲ့ ကစားခဲ့ပေမယ့် ဥရုဂွေးတို့က တိုက်စစ်ဆင်ထိုးဖောက်ကစားခဲ့တာမို့ ပွဲချိန် ၁၅ မိနစ်မှာ ဘရာဇီးနောက်ခံလူ ဒေးဗစ်လူးဝစ်ဇ်ကြောင့် ဘရာဇီးတို့ ပယ်နယ်တီ အပေးခံခဲ့ရပါတယ်။ အဲဒီပယ်နယ်တီကို ဥရုဂွေးရဲ့ ဝါရင့်တိုက်စစ်မှူး ဒီဂိုဖော်လန်ကန်သွင်းတဲ့အခါ ဘရာဇီးဂိုးသမား ဆီဆာ ပုတ်ထုတ်ကာကွယ်နိုင်ခဲ့လို့ ဘရာဇီးတို့ သက်သာခဲ့သလို ဥရုဂွေးတို့ နစ်နာဆုံးရှုံးမှု ဖြစ်ခဲ့ရပါတယ်။

ဘရာဇီးအသင်းဟာ ကစားကွက်ပြန်တည်ပြီး ဂိုးရရှိရေး နေရာစုက ထိုးဖောက်ကစားခဲ့တာမို့ ပထမပိုင်းပြီးခါနီး ပွဲချိန် ၄၁ မိနစ်မှာ ဘရာဇီးတိုက်စစ်မှူး ဖရက်ဒ်က ဂိုးသွင်းယူခဲ့တာမို့ ဘရာဇီးတို့ ဦးဆောင်ဂိုး စတင်ရရှိသွားခဲ့ပါတယ်။

ဒုတိယပိုင်းပွဲချိန်အတွင်းမှာ ဥရုဂွေးတို့က ချေပဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့တာမို့ ဥရုဂွေးရဲ့ အဓိက ကစားသမား ကာဗာနီက ချေပဂိုး သွင်းယူနိုင်ခဲ့ပါတယ်။ ကာဗာနီဟာ ဘရာဇီးနောက်ခံလူတွေ ရှုပ်ထွေးနေတဲ့ကြားက ဂိုးရအောင် သွင်းယူသွားခဲ့တာဖြစ်ပါတယ်။

ဘရာဇီးအသင်းဟာ အနိုင်ရရှိရေး စိတ်ဓာတ်ပြင်းပြင်းနဲ့ ဂိုးသွင်းယူနိုင်ရေး အပြင်းအထန်ကြိုးစားခဲ့တာမို့ ဥရုဂွေးခံစစ်မှူးတွေကို အလုပ်ရှုပ်စေခဲ့ပါတယ်။ ဥရုဂွေးနောက်တန်းကို ခြိမ်းခြောက်ထားနိုင်ခဲ့တဲ့ ဘရာဇီးအသင်းဟာ ပွဲချိန် ၈၆ မိနစ်မှာ ထောင့်ကန်ဘောမှတစ်ဆင့် ဘရာဇီး ကွင်းလယ်ကစားသမား ပေါ်လင်ဟိုက ခေါင်းတိုက်သွင်းယူသွားခဲ့တာမို့ ဘရာဇီးတို့ ဒုတိယဂိုးရရှိသွားခြင်း ဖြစ်ပါတယ်။

ဘရာဇီးရော ဥရုဂွေးပါ ပွဲချိန်ပြည့်တဲ့အထိ ဂိုးတွေထပ်မံမသွင်းနိုင်တော့တာမို့ ပွဲအပြီး ဘရာဇီးတို့က နှစ်ဂိုး-တစ်ဂိုးရလဒ်နဲ့ နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်သွားခဲ့တာ ဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက်- ရေးသားသည်

## ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ချယ်လ်ဆီးက နာပိုလီတိုက်စစ်မှူး ကာဗာနီအား ပြောင်းရွှေ့ကြေးပေါင်သန်း ၄၀ ထက်ပိုပေးမည်မဟုတ်ကြောင်း ပြောကြားသည်။
- အာဆင်နယ်အသင်းသည် ပြင်သစ်အသင်း လူငယ်နောက်ခံလူ မန်ဒီကို ခေါ်ယူရန် ကမ်းလှမ်းထားသည်။
- နယူးကာဆယ်အသင်းသည် အသက် ၂၇ နှစ်အရွယ်ရှိ မာဆေးလ်တိုက်စစ်မှူး ဂစ်နက်ကို ပေါင် ၁၂ သန်းဖြင့် ခေါ်ယူမည်ဖြစ်သည်။
- အန်ဆယ်လော့တီ နည်းပြဖြစ်ပါက လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်ကို ရီးရဲမက်ဒရစ်သို့ ပေါင် သန်း ၄၀ ဖြင့် ခေါ်ယူရန် ဦးစားပေးဆောင်ရွက်မည်ဟု ၎င်းက ထုတ်ဖော်ပြောကြားသည်။
- အဲဗာတန်အသင်းသည် စီအက်စ်ကေအေမော်စကိုအသင်းမှ ကွင်းလယ်ကစားသမား ဟွန်ဒါအား ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။
- အသက် ၂၅ နှစ်အရွယ်ရှိ မန်စီးတီးနောက်ခံလူ ရစ်ချတ်ကို အင်တာမီလန်က ခေါ်ယူရန်ကြိုးစားလျက်ရှိသည်။
- စတုတ်အသင်းသည် နောက်တန်းအင်အားဖြည့်ရန် ဘလက်ဘန်းမှ အိုလ်ဆင်၊ အင်ဒိုဗင်မှ ပီအီတာ့စ်တို့ကို ခေါ်ယူရန် စီစဉ်နေသည်။
- ဆွမ်ဆီးနည်းပြမိုက်ကယ်လော့ဒရပ်သည် အိုင်ဗရီကို့စ်တိုက်စစ်မှူး ဘိုနီကို ခေါ်ယူမည်ဖြစ်သည်။


# မွေးနေ့ရက်မြတ်မင်္ဂလာဆုတောင်း

ဖေဖေ ဗိုလ်ကြီးလင်းအောင်စိုး၊ မေမေ ဒေါ်ခင်မူယာမြင့်ဝင်းတို့မှ ၂၇-၆-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၆း၁၀နာရီ ရက်မြတ်မင်္ဂလာအချိန်တွင် သမီးဦးရတနာလေးအား မွေးဖွားသန့်စင်ခဲ့ပါသည်။ ချစ်သော သမီးဦးရတနာလေး၏ မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဖေဖေ မေမေ ဘိုးဘိုး ဘွားဘွား မိသားစုနှင့်အတူ အေးချမ်းပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း မွေးနေ့မင်္ဂလာဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**ဖေဖေ ဗိုလ်ကြီးလင်းအောင်စိုး၊ မေမေ ဒေါ်ခင်မူယာမြင့်ဝင်း၊**
**ဘိုးဘိုး၊ ဘွားဘွား**

## အိတ်ဖွင့်အရောင်းတင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ နေပြည်တော် အင်ဂျင်နီယာမှူးကြီးရုံး၊ ပျဉ်းမနားမြို့နှင့် လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)၊ ပျဉ်းမနားမြို့တို့တွင် အသုံးမလိုတော့သည့် အောက်ပါကတ္တရာပုံးခွံများအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

(က) နေပြည်တော်အင်ဂျင်နီယာမှူးကြီးရုံး ၁၄၉၅ လုံး

(ခ) လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅) ၄၁၂၆ လုံး

၂။ အဆိုပါ ကတ္တရာပုံးခွံများအား လေလံတင်ရောင်းချရက်မတိုင်မီအထိ ပစ္စည်းထားရှိသည့်နေရာများတွင် ရုံးချိန်အတွင်း (ပုံစံဝယ်ယူသူများသာ) သွားရောက်ကြည့်ရှုနိုင်ပါသည်။

၃။ တင်ဒါစည်းကမ်းနှင့်လျှောက်လွှာပုံစံ - ၁-၇-၂၀၁၃ ရက်မှ
ရောင်းချမည့် နေ့ရက်၊ အချိန်၊ နေရာ ၁၀-၇-၂၀၁၃ ရက်
နံနက် ၁၀ နာရီမှ ၁၆း၀၀ နာရီထိ
နေပြည်တော်အင်ဂျင်နီယာမှူးကြီးရုံး

၄။ တင်ဒါပိတ်မည့်ရက်၊ အချိန် - ၁၁-၇-၂၀၁၃ ရက်
မွန်းတည့် ၁၂ နာရီ

၅။ တင်ဒါဖွင့်မည့်ရက်၊ အချိန် - ၁၁-၇-၂၀၁၃ ရက်(၁၃း၀၀)နာရီ

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၂၁၀၁၁သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

## ကျေးဇူးဆပ်ပါမည်

ကျွန်မ မသန်းသန်းမြင့် ၁၂/ဥကတ(နိုင်) ၁၃၁၉၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။

**ဖုန်း-၀၉-၃၁၀၇၃၃၈၁**

## အမည်ပြောင်း

ဦးထွန်းအေး၏သား အလက(၃) မြောက်ဒဂုံ၊ အဌမတန်း(A)မှ မောင်ချမ်းငြိမ်းအား မောင်ကောင်းဇေယျလင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းဇေယျလင်း**

## အမည်ပြောင်း

ဦးထွန်းအောင်၏သမီး အလက(၃) မြောက်ဒဂုံ၊ အဌမတန်း (B) မှ မိုးမြင့်သူအား မဖူးနဒီအေးဟု ပြောင်းလဲခေါ်ပါရန်။

**မဖူးနဒီအေး**

## ထပ်မံအသိပေးကြေညာချက်

ရခိုင်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်းအထူးဖွဲ့(၇)နှင့် လမ်းအထူးဖွဲ့(၈)တို့၏ တင်ဒါအမှတ်(၁/၂၀၁၃-၂၀၁၄) ဖြင့် တင်ဒါဖွင့်ပွဲကို ၁၁-၆-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာပါ ၁၆-၆-၂၀၁၃ လေယာဉ်ကွင်းအထူးဖွဲ့(၇)နှင့် ၁၇-၆-၂၀၁၃ လမ်းအထူးဖွဲ့ (၈) တောင်ကုတ်မြို့တို့၏ တင်ဒါဖွင့်ရက်အစား အောက်ပါအတိုင်း ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း မေတ္တာရပ်ခံအသိပေး ပြန်လည်ကြေညာအပ်ပါသည်။

တင်ဒါလျှောက်လွှာပိတ်ရက်/အချိန်
၁၁-၇-၂၀၁၃၊ ညနေ ၄ နာရီ

တင်ဒါဖွင့်မည့်နေ့ရက်/အချိန်
၁၂-၇-၂၀၁၃၊ မွန်းလွဲ ၂ နာရီ

တင်ဒါဖွင့်မည့်နေရာ
လေယာဉ်ကွင်းအထူးဖွဲ့(၇)ရုံး၊ ကိုင်းရှည်ရပ်ကွက်၊ တောင်ကုတ်မြို့။

မှတ်ချက်။ ။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များနှင့် ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**လေယာဉ်ကွင်းအထူးဖွဲ့ (၇) - ၀၉-၅၃၃၇၃၀၉**
**လမ်းအထူးဖွဲ့(၈) - ၀၉-၄၂၀၇၀၁၅၃၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ လူနေရပ်ကွက်အမှတ် ၃ ရပ်ကွက်၊ မြေကွက်အမှတ် ၆၁၊ အကျယ်အဝန်း ၂၅ပေ× ၄၉ပေ (၁၂၂၅ စတုရန်းပေ) ရှိ နှစ်၆၀မြေငှားဂရန်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်သူများဖြစ်သော ဦးမြင့်ဦး ၁၂/ကမရ(နိုင်)၀၃၁၁၁၇၊ ဒေါ်စိန်မြင့် ၁၂/ကမရ(နိုင်) ၀၃၁၂၄၆၊ဒေါ်ခင်သိန်း၁၂/ကမရ(နိုင်)၀၃၀၄၈၃တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။

အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသာလှိုင် (အထက်တန်းရှေ့နေ)**
**အမှတ်-၃၉၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၄၉၇၆၃၊ ၀၉-၄၄၈၀၀၉၃၃၅**

# ဆရာဌေး အင်္ဂလိပ်စာသင်တန်း

[illegible]

Ph: 01-375970, 0951 72096, 0950 47516

## အမည်ပြောင်း

ဦးဆန်းဝင်း၏သမီး မဖူးပြည့်စုံ အထက(၅) မရမ်းကုန်း၊ ပထမတန်း(A) အား မနှင်းပွင့်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မနှင်းပွင့်ခိုင်**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း"

[illegible]

## [illegible]

[illegible]

ကြော်ငြာ

# အထူးကျေးဇူးတင်ရှိပါကြောင်း

(၅၀)ကြိမ်မြောက်၊ ရွှေရတု မြန်မာ့ကျောက်မျက်ရတနာ ရောင်းချပွဲအား ဖြစ်မြောက်အောင် အားပေးချီးမြှောက်ခွင့်ပြုပေးခဲ့ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တပ်မတော်မှတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ သမ္မတရုံးဝန်ကြီးများ၊ အစိုးရအဖွဲ့ဝင်များ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးနှင့်တကွ ဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ကျောက်မျက်များအား လာရောက်တင်ပြရောင်းချပေးသော ကုမ္ပဏီများနှင့် ပုဂ္ဂိုလ် (ကျောက်မျက်ကုန်သည်)များ၊ ကျောက်မျက်များ တူးဖော်နိုင်အောင် ရှာဖွေဖော်ထုတ်ပေးခဲ့ကြသည့် ဘူမိဗေဒပညာရှင်ကြီးများ၊ ယခုကျောက်မျက်ရောင်းချပွဲအား အစဉ်အဆက်ဖြစ်လာအောင် အားပေးပြုလုပ်ခွင့်ပြုခဲ့ကြသော ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်များ၊ ကျောက်မျက်ပွဲသို့ လာရောက်ဝယ်ယူကြသည့် ပြည်တွင်းပြည်ပ ကုမ္ပဏီများနှင့်ပုဂ္ဂိုလ်များ၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

**နာယက၊ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊**
**ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊**
**အလုပ်အမှုဆောင်ကော်မတီဝင်များနှင့်**
**အသင်းသူအသင်းသားများ**
**မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်**

ဖော်လမြိုင်နှင့်ဝန်းကျင်သတင်း

## ပေါင်မြို့နယ် လယ်မြေအတွင်းမှ ရှေးဟောင်းပစ္စည်းများ ဖော်ယူတွေ့ရှိ

**ပေါင် ဇွန် ၂၇**

မွန်ပြည်နယ် ပေါင်မြို့နယ် ကဒုံစီးရပ်ကွက် ကမ်းနားပိုင်းနေ ဦးမောင်ကြိုင်၏ သားများဖြစ်ကြသော အောင်ဆန်းဦးနှင့် မောင်ထွန်းအေးတို့သည် ဇွန် ၂၅ ရက် ညနေ ၃နာရီက ကဒုံစီးကွင်းအပိုင် ဒေါ်ရေးဆိုသူ၏ လယ်ကွင်းတွင် နေ့စားကောက်စိုက်လုပ်သားအဖြစ် ကောက်စိုက်နေစဉ် ကောက်စိုက်စူးနှင့် မာကျောသော အရာတစ်ခုထိုးမိ၍ လယ်မြေအတွင်းမှ ဖော်ယူကြည့်ရာ မြေအိုးအတွင်းထည့်ထားသည့် အိုးနှုတ်ခမ်းတွင် ပျူခေတ်စာတမ်းများနှင့်တူသော စာတမ်းများပါရှိပြီး အလယ်တွင် အပေါက်များပါသော ငွေပြားဟုယူဆနိုင်သည့် ငွေပြား ၃၂ ပြား၊ စုစုပေါင်းအလေးချိန် တစ်ပိဿာနှင့် ၂၀ ကျပ်သား၊ အချင်း နှစ်လက်မ၊ ဝမ်းဗိုက်အရှည် ၁၁ လက်မရှိသည့် ငွေလက်ကောက်ဟု ယူဆရသော လက်ကောက် တစ်ကွင်းနှင့် အချင်း နှစ်လက်မ၊ ဝမ်းဗိုက်အရှည် ခုနစ်လက်မ၊ အလေးချိန် ၁၀ ကျပ်သား ကျော်ခန့် ရွှေလက်ကောက်တစ်ကွင်းကို တွေ့ရှိရသဖြင့် **(ယာပုံ)** ယင်းရှေးဟောင်းပစ္စည်းများကို ကဒုံစီးရပ်ကွက်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ရှေးဟောင်းပစ္စည်းများကိုပို့ဆောင်အပ်နှံခဲ့သည်။

အပ်နှံခဲ့သော ပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် ကျွမ်းကျင်သူများက လက်ရာများကို စစ်ဆေးကြည့်ရှုရာ ပစ္စည်းများသည် ရှေးဟောင်းပျူလက်ရာများ ဖြစ်နိုင်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနမှ မွန်ပြည်နယ် မော်လမြိုင်မြို့ ရှေးဟောင်းသုတေသနဦးစီးဌာနသို့ လက်ရာအဆင့်အတန်းနှင့်ခေတ်ကာလအခြေအနေကို သိရှိနိုင်ရန် ဆက်လက်ပေးပို့ထားကြောင်း သိရသည်။

(၁၂၄)

## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အမျိုးသမီးရေးရာအဖွဲ့က စာရေးကိရိယာနှင့် ထီးများထောက်ပံ့

**မော်လမြိုင် ဇွန် ၂၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ်ကွက် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ မွန်ပြည်နယ်အတွင်းလိုအပ်လျက်ရှိသော ကျောင်းသား ကျောင်းသူများအား ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် စာရေးကိရိယာများ၊ ထီးများ ထောက်ပံ့လှူဒါန်းပွဲကို ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်က အမှာစကား ပြောကြားပြီး (၇)ရပ်ကွက်အတွက် စာရေးကိရိယာနှင့် ထီးများကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းအထိ လည်းကောင်း၊ မော်လမြိုင်မြို့ မုပွန် ကျိုက်ခါတ်သုတ်ဘုရားဓမ္မာရုံ၌ ရပ်ကွက်ခုနစ်ရပ်ကွက်အတွက် လည်းကောင်း၊ လူငယ် သင်တန်းကျောင်း အမျိုးသမီးစောင့်ရှောက်ရေးကျောင်းများသို့ စာရေးကိရိယာနှင့်ထီးများကို လှူဒါန်းခဲ့ကြောင်းသိရသည်။

(လ/၀၁၂)

**သစ်တောသစ်ပင် တို့ချစ်ခင်**
**နှစ်စဉ်စိုက်ပျိုး အလှတိုး**

## နှစ်(၅၀)ပြည့် မော်လမြိုင်လူငယ်သင်တန်း ရွှေရတုအထိမ်းအမှတ် အခမ်းအနားကျင်းပ

**မော်လမြိုင် ဇွန် ၂၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ စမ်းကြီးရပ်ကွက်ရှိ လူငယ်သင်တန်းကျောင်းတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မော်လမြိုင်လူငယ်သင်တန်းကျောင်း၏ နှစ် (၅၀)ပြည့် ရွှေရတု အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၂ ရက် မွန်းလွဲ ၁၂နာရီခွဲက ကျင်းပရာ မွန်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် ဝန်ထမ်းများ၊ လူငယ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးပေါ်ဦးနှင့် သင်တန်းကျောင်း ဆရာ ဆရာမများ၊ သင်တန်းသားများ စုစုပေါင်း ၁၀၀ တက်ရောက်သည်။ ပြည်နယ်ဦးစီးမှူး ဦးကိုကိုနိုင်က အမှာစကားပြောကြားပြီး လူငယ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးပေါ်ဦးက ရွှေရတု အထိမ်းအမှတ်အခမ်းအနား ကျင်းပရခြင်းရည်ရွယ်ချက်နှင့် သင်တန်းကျောင်းလုပ်ငန်းအကြောင်းရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ပညာရေးထူးချွန် ကျောင်းသား ခုနစ်ဦး၊ စာရိတ္တကောင်းသောကျောင်းသား လေးဦးနှင့် အားကစားပြိုင်ပွဲများ၌ ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်းသိရသည်။ (လ/၀၁၂)

## ဘုန်းတော်ကြီးသင်ကျောင်းများအား ထောက်ပံ့လှူဒါန်း

**မော်လမြိုင် ဇွန် ၂၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက် မြို့ရှောင်လမ်း ရွှေမြင့်မိုရ်ထွန်းဟိုတယ်၌ ဇွန် ၂၃ ရက်က စေတနာရှင်လူငယ်များ၏ အကြိမ်(၅၀)မြောက် ထောက်ပံ့လှူဒါန်းပွဲနှင့် ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ထုတ်ဖော်ပြသပွဲ ကျင်းပသည်။

စေတနာရှင်လူငယ်များအဖွဲ့ကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၇ ရက်က စတင်တည်ထောင်ခဲ့ပြီး သဒ္ဓါစိတ်ရှိသူများနှင့် စေတနာရှင်လူငယ် အလှူရှင် ၃၀၀ ကျော်ဖြင့် ဖွဲ့စည်းတည်ထောင်ထားခဲ့ခြင်းဖြစ်သည်။

**လှူဒါန်းခဲ့**

စေတနာရှင် လူငယ်များ၏ အကြိမ်(၅၀)မြောက်ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပပြီးနောက် မူလတန်းအဆင့် ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ဆက်လက်ပြုလုပ်ပြီး ဆုများကိုချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ မူလတန်းကျောင်းများကို လိုအပ်သည့် စာရေးကိရိယာ၊ ပရိဘောဂ၊ အဆောက်အအုံနှင့် အခြားလိုအပ်ချက်များကို တစ်လတစ်ကြိမ်၊ တစ်ကြိမ်တွင် တစ်ကျောင်းသာလှူဒါန်းခြင်းပြုလုပ်ခဲ့ရာ ယခုအကြိမ် (၅၀)မြောက် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ (လ/၀၁၂)

---

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ပြင်ဦးလွင်အထွေထွေရောဂါကုဆေးရုံကြီး**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ပြင်ဦးလွင် အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၄-၇-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၇-၂၀၁၃ ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြင်ဦးလွင်အထွေထွေရောဂါကုဆေးရုံကြီး**
**ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၈၅-၂၂၇၂၀**

---

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီး၊ မန္တလေးမြို့**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ မန္တလေးမြို့၊ ခုတင် ၃၀၀ ဆံ့ သင်ကြားရေးဆေးရုံကြီး၊ ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၂၀-၆-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၇-၂၀၁၃ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**မန္တလေးမြို့၊ ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီး**
**၆၂ လမ်း၊ သိပ္ပံလမ်းတောင်ဘက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၂-၈၀၃၃၉၊ ၀၂-၈၀၃၉၁**

---

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**မျက်စိ၊နား၊နှာခေါင်း၊လည်ချောင်းရောဂါအထူးကုဆေးရုံကြီး၊**
**မန္တလေးမြို့**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၂၀-၆-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၇-၂၀၁၃ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး**
**၂၃လမ်း၊ ၈၀-၈၁ ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊**
**ဖုန်း-၀၂-၃၁၂၀၀၊ ၀၂-၂၁၁၀၆**

---

### အမှားပြင်ဆင်ချက်

(၂၀-၆-၂၀၁၃) (၂၄-၆-၂၀၁၃)(၂၅-၆-၂၀၁၃)ရက်များတွင် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးနှင့် မန္တလေးမြို့ ခုတင် ၃၀၀ ဆံ့ သင်ကြားရေးဆေးရုံကြီးတို့၏ ဆေးပစ္စည်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းတွင် တင်ဒါပိတ်မည့်ရက် ၂၈-၆-၂၀၁၃ရက်အစား ၁၈-၇-၂၀၁၃ရက်အဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည်။

---

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဈေးများဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါများဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | ဆိုင်ခွန်ဆိုင်ခပြေစာ Market Bill Form | ၅၀၀၀၀၀ရွက် |
| (ခ) | Ribbon (Epson-2180) | ၃၀ခု |

ဈေးနှုန်းလွှာပိတ်ရက်မှာ ၉-၇-၂၀၁၃ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ၂၀၀၀ိ/-(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ (ပထမထပ်)၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့**

---

**ပို့ဆောင်ရေးဝန်ကြီးဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါ Oil Spill Recovery Equipment ပစ္စည်းများကို **နိုင်ငံခြားသုံးငွေ**ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1 | Garbage Collection Work Boat | (1)Set |
| 2 | Oil Spill Disc Skimmer | (1)Set |
| 3 | Floating Oil Weir Skimmer | (1)Set |
| 4 | Air-Filling Oil Boom with Diesel Power Pack | (200)M |
| 5 | Mini Excavator | (1)No |

(တင်ဒါပိတ်ရက်နှင့်အချိန်- ၁၆-၇-၂၀၁၃ရက်၊ ၁၃း၀၀နာရီ)

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်တွင် ၂၇-၆-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပြီး သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၃၂၂တို့ကို စုံစမ်းနိုင်ပါသည်။

**ပစ္စည်းထိန်းချုပ်**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ရွာမ(တိုးချဲ့) ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးစီမံကိန်းအတွက်လိုအပ်သော Differential Relay & Synchronizing Ficilities တို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၆-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၈-၇-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

---

### အမည်ပြောင်း

ရွှေဘိုမြို့၊ သခွတ္တောကျောင်း ဒုတိယတန်းမှ ဦးဝင်းမင်းသန်း၏သမီး မမေရှင်းသန့်အား ယနေ့မှစ၍ မမြတ်နိုးခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမြတ်နိုးခင်**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ်၊အမှတ်(၃)ရပ်ကွက်၊ စံပြလမ်းနေ မင်းတုန်း အထက တက္ကသိုလ်ဝင်တန်းမှ မသန္တာဝင်း ၈/မတန(နိုင်)၀၅၈၅၃၂ ၏ဖခင်အမည်မှန်မှာ ဦးဝင်းနိုင် ၈/မတန(နိုင်)၀၄၄၆၉၁ ဖြစ်ပါကြောင်း။ **ဦးဝင်းနိုင် ၈/မတန(နိုင်)၀၄၄၆၉၁**

### တစ်ဦးတည်းဖြစ်ကြောင်း

ဦးမောင်မောင်ထွေး၏သမီး မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်မှ မဂျာဆိုင်းနူး ၁/မကန(နိုင်)၁၆၂၄၄၂ နှင့် မဂျာအိန်တို့သည် တစ်ဦးတည်းဖြစ်ပါသည်။

### အမည်မှန်

ဦးမင်းဇော်၏သမီး မြစ်ကြီးနားမြို့ အထက(၃)၊ စတုတ္ထတန်း(A)မှ မသင်းမြတ်နန္ဒီ၏အမည်မှန်မှာ မသင်းမြတ်နဒီ ဖြစ်ပါသည်။

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်း သတိပေးဆိုင်းဘုတ်စိုက်ထူ

**ကနီ ဇွန် ၂၇**

မုံရွာခရိုင် ကနီမြို့နယ်အတွင်းရှိ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် နယ်နိမိတ်အတွင်း၌ သစ်တောရေးရာ သတိပေးတားမြစ်ချက် မြေစိုက်ဆိုင်းဘုတ်ကြီးများ စိုက်ထူထားလျက်ရှိကြောင်း လာပို့ကျေးရွာ နေဒေသခံပြည်သူများထံမှသိရသည်။

"သစ်တောထွက် ပစ္စည်းတွေ ဈေးကောင်းလာတာနဲ့အမျှ သစ်တောကြီးတွေထဲကို လူဝင်လူထွက်များပြားလာတာကြောင့် အခုလို သတိပေးတားမြစ်ချက် ဆိုင်းဘုတ်တွေစိုက်ထူရတာဖြစ်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောပြသည်။

ကနီမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ မင်းကင်းမြို့နယ်၊ ကလေးမြို့နယ်နှင့် ဂန့်ဂေါမြို့နယ်တို့အကြား တည်ရှိသော အဆိုပါ အမျိုးသားဥယျာဉ်ကြီးသည် တောနေတိရစ္ဆာန်များနှင့်သစ်ပင်ပန်းမန်မျိုးစုံ တည်ရှိရာ သစ်တောထွက်ပစ္စည်းများနှင့် စည်းကမ်းမဲ့စီးပွားရေးရှာဖွေလိုသူများ မကြာခဏ ဝင်ရောက်လေ့ရှိတတ်ခြင်းကြောင့် ယင်းကဲ့သို့ သတိပေးတားမြစ်ချက်များ ထုတ်ပြန်ကြေညာထားရခြင်းဖြစ်သည်။

သစ်တောရေးရာ သတိပေးတားမြစ်ချက်များတွင် အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်း၊ အဆိပ်ခတ်ခြင်း၊ ရေစီးရေလာပျက်စီးအောင် ပြုလုပ်ခြင်း၊ မီးသွေးဖုတ်ခြင်း၊ မီးရှို့ခြင်း၊ သစ်ပင်ခုတ်ခြင်း၊ တောင်ယာခုတ်ခြင်း၊ စားကျက်ချခြင်း၊ မြေကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း၊ ယာမြေဖော်ထုတ်ခြင်းစသည့်ကိစ္စရပ်များကို မပြုလုပ်ကြရန် သတိပေးတားမြစ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီတားမြစ်ချက်တွေလိုက်နာမှု မရှိဘဲ သစ်တောအတွင်းဝင်ရောက်လုပ်ဆောင်နေတာကို တွေ့ရရင် မည်သူ့ကိုမဆို သစ်တောဥပဒေအရသော်လည်းကောင်း၊ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သစ်ပင်များကာကွယ်စောင့်ရှောက်ရေးဥပဒေအရ သော်လည်းကောင်း၊ သဘာဝနယ်မြေများ ထိန်းသိမ်းစောင့်ရှောက်ရေး ဥပဒေများအရသော်လည်းကောင်း အရေးယူသွားမှာဖြစ်ပါတယ်"ဟု အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

အဆိုပါအလောင်းတော်ကဿပ အမျိုးသားဥယျာဉ်နယ်နိမိတ်အတွင်းသို့ ဝင်ရောက်၍ သစ်တောထွက်ပစ္စည်းများကို နည်းလမ်းပေါင်းစုံဖြင့် ခိုးထုတ်လုပ်ကိုင်နေသူများကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက ဖော်ထုတ်အရေးယူလျက်ရှိရာ ပြီးခဲ့သည့်နှစ်က တောဆင်ရိုင်းကို သတ်ဖြတ်မှုလည်းပါဝင်ခဲ့ကြောင်း သိရသည်။

**သြဇာ(မုံရွာ)**

# စဉ့်ကူးမြို့နယ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပေးအပ်

**စဉ့်ကူး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် လက်ပန်လှကျေးရွာအုပ်စု၌ ပုံစံ(၇)လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၉ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ပန်လှကျေးရွာအုပ်စုရှိ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ၁၀၁ စောင်ကို စုပေါင်းပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံယူပြီး **(အပေါ်ယာပုံ)** တောင်သူဦးမင်းမောင်က ကျေးဇူးတင်စကား ပြောကြားသည်။

### အပြီးထုတ်ပေး

ဆက်လက်၍ ဇွန် ၂၀ ရက်တွင် ဆည်ကြီးကျေးရွာအုပ်စုတွင်လည်းကောင်း၊ ဇွန် ၂၄ ရက်တွင် ဝါးရုံကုန်းကျေးရွာအုပ်စုတွင်လည်းကောင်း ထုတ်ပေးခဲ့ပြီး တစ်မြို့နယ်လုံး ဦးပိုင်လုပ်ကွက်ပေါင်း နှစ်သောင်းကျော်ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း အပြီးထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၄၃၃)**

# ပြင်ဦးလွင်ခရိုင် တကောင်းမြို့နယ်ခွဲနှင့်သပိတ်ကျင်းမြို့နယ်၌ ဆူပူလှုံ့ဆော်ဖျက်ဆီးသူများ ဖော်ထုတ်အရေးယူ

**သပိတ်ကျင်း ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် တကောင်းမြို့နယ်ခွဲတွင် ဇွန် ၂၁ ရက်က ဖြစ်ပွားခဲ့သည့် နေအိမ်ခြံဝင်း၊ ဆိုင်ခန်းများကို ဝင်ရောက်ဖျက်ဆီးမှုများပြုလုပ်ခဲ့သည့် တရားခံခုနစ်ဦးအား အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်းနှင့် ဇွန် ၂၃ရက်က သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာ ဈေးပွဲတော်တွင် ခင်းကျင်းထားသောဆိုင်များ၌ စကားများ ခိုက်ရန်ဖြစ်ပွားမှုအပေါ် ကောလာဟလဖြစ်ပေါ်ခဲ့ရာမှ ဈေးဆိုင်ခန်း၊ ပြခန်းနှင့် ကုန်ပစ္စည်းများ ဖျက်ဆီးမှုဖြစ်စဉ်တွင် ဖမ်းဆီးရမိသူတရားခံငါးဦး၊ ဈေးဆိုင်ခန်းကို ဖျက်ဆီးပြီး လူကိုထိခိုက်ဒဏ်ရာရရှိအောင် ပြုလုပ်သူ ငါးဦးတို့အား သက်ဆိုင်ရာ ရဲစခန်းများက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆက်လက်၍ စိစစ်ဖော်ထုတ်လျက်ရှိကြောင်းသိရသည်။ **(၀၄၀)**

## တအုပ်စာပေ လှူ့မိတ်ဆွေ

---

## စက်ရုံငှားရမ်းရန်အတွက် ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အထည်စက်ရုံအမှတ်(၇) (မြစ်သား)အား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ငှားရမ်းလိုပါသဖြင့် စိတ်ဝင်စားသူ ပုဂ္ဂလိက ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များမှ ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) **ဈေးနှုန်းတင်သွင်းလွှာပုံစံရောင်းချမည့်ရက်** - ၂၄-၆-၂၀၁၃ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၃-၇-၂၀၁၃ ရက်
(ဂ) **ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၀၈၃၃၈၊ ၄၀၈၁၈၅

**အထည်အလိပ်လုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ နေပြည်တော်၊ ရုံးအမှတ် (၃၇)**

---

## တည်င်းကုန်းအုတ်နှင့် အုတ်ကျိုးများအားရောင်းချရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အမှတ်(၃၄) အကြီးစားစက်ရုံ အုတ်ထုတ်လုပ်ရေးဌာန(တည်င်းကုန်း)တွင်ရှိသော (၁၀)ပေါက်အုတ်၊ (၈)ပေါက်အုတ်နှင့် အုတ်ကျိုးများအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **တင်ဒါရောင်းချမည့်ရက်** - ၂၈-၆-၂၀၁၃ရက်မှ ၁၁-၇-၂၀၁၃ရက်အထိ
**အချိန်** - ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ
(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၂-၇-၂၀၁၃ရက် မွန်းလွဲ ၁၅း၃၀နာရီ
(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(နေပြည်တော်) အဆင့်မြင့်မီးခံအုတ်ထုတ်လုပ်ရေးဌာန (တည်င်းကုန်း)
(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်

၂။ အဆိုပါပစ္စည်းများ၏ မျက်မြင်အခြေအနေအား ဝယ်ယူပြီး တင်ဒါပုံစံနှင့် Deposit ပေးသွင်းပြီးပါက အုတ်ထုတ်လုပ်ရေးဌာန(တည်င်းကုန်း)တွင် သွားရောက်ကြည့်ရှုနိုင်သည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၄၀၇တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

---

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**အငြိမ်းစားဝန်ထမ်းများဆေးရုံ(ခုတင်-၃၀၀)**
**ဆေးဝါး/ဆေးပစ္စည်းများဝယ်ယူရန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အငြိမ်းစားဝန်ထမ်းများဆေးရုံ (ခုတင်-၃၀၀)၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေအရ လူနာများအား ကုသပေးရန်လိုအပ်သော အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ (FDA)အသိအမှတ်ပြုဆေးဝါးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁-၇-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၆-၇-၂၀၁၃ ရက်၊ ၁၆း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးကော်မတီ**
**အငြိမ်းစားဝန်ထမ်းများဆေးရုံ(ခုတင်-၃၀၀)**
**ပုဗ္ဗသီရိမြို့ပတ်လမ်းနှင့်ဇေကရာဇ်ပန်းလမ်းထောင့်**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်**

---

**စက်မှုဝန်ကြီးဌာန**
**စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း**

## ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံခွဲ(ချောက်)နှင့် ပေါင်းစပ်ဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်စက်ရုံခွဲ(ချောက်)နှင့် ပေါင်းစပ်ဆောင်ရွက်လိုသည့် စိတ်ဝင်စားသူလုပ်ငန်းရှင်များအား ၁၇-၇-၂၀၁၃ရက် နောက်ဆုံးထားပြီး ဆက်သွယ်ရန် ဖိတ်ခေါ်အပ်ပါသည်။

စက်ရုံ၏အချက်အလက်အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၄၀၈၂၉၃၊ ၀၆၇-၄၀၈၁၉၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တည်နေရာ** - ရေတွင်းကျေးရွာအနီး၊ ချောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး၊
**အကျယ်အဝန်း** - ၁၇၈ဒသမ ၉၉ဧက

---

**စက်မှုဝန်ကြီးဌာန**
**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ အမှတ်(၂)၊ ဆေးဝါးစက်ရုံ (အင်းရောင်း) (ကျောက်ဆည်)အတွက် လစဉ် မီးထိုးဆီခွဲတမ်းများအား ချောက်မြို့မှ ကျောက်ဆည်စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် သယ်ယူလိုပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၂၇-၆-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၇-၂၀၁၃ ရက် ၁၆း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များနှင့် မီးထိုးဆီသယ်ယူရေးနှင့်ပတ်သက်၍ အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန**
**နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆၊ Fax- ၀၆၇-၄၀၈၁၉၅**

---

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ကရင်ပြည်နယ်၊ ကျန်းမာရေးဦးစီးဌာန၊ ဘားအံမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ကရင်ပြည်နယ်၊ ကျန်းမာရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်/မြို့နယ်ခွဲ/တိုက်နယ်ဆေးရုံများ ဒေသန္တရကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများတွင် ဆေးဝါးကုသမှုခံယူမည့် လူနာများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရ ဆေးဝါးကုမ္ပဏီများထံမှ တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** ၁-၇-၂၀၁၃ရက် (တနင်္လာနေ့)မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ **အိတ်ဖွင့်တင်ဒါပိတ်ရက်နှင့်အချိန်** ၁၈-၇-၂၀၁၃ ရက် (ကြာသပတေးနေ့)၊ ညနေ(၁၆း၀၀)နာရီ

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းများဖြင့် လုပ်ငန်းအသေးစိတ်ကိုသိရှိလိုပါက ကရင်ပြည်နယ်၊ ကျန်းမာရေးဦးစီးဌာန၊ ဘားအံမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၅၈-၂၂၂၄၈၊ ၀၅၈-၂၁၂၃၆တို့သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ**

---

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်** - ၂၄-၆-၂၀၁၃ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၇-၂၀၁၃ ရက်၊ ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။။

**ဆေးရုံအုပ်ကြီး**
**ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့၊**
**ဖုန်း-၀၇၀-၂၁၀၆၉**

---

## လေလံကြော်ငြာ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ မူဆယ်ခရိုင်ရှိ ဖမ်းဆီးရမိသော အောက်ဖော်ပြပါ ပုံစံ(၈)ဝင်သစ်မှအပ အခြားသစ်တောထွက်ပစ္စည်းများကို ရှမ်းပြည်နယ်(လားရှိုး)၊ မူဆယ်ခရိုင် သစ်တောဦးစီးဌာန၌ ၂-၇-၂၀၁၃ရက် နံနက် ၁၀နာရီတွင် မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ကျွန်းခုတင် | ၁ လုံး | ၀.၁၄၆၀ တန် |
| (ခ) | ပိတောက်သားဆက်တီ(အကြမ်း) | ၁ စုံ | ၀.၈၁၂၀ တန် |
| (ဂ) | တမလန်းဂီတာအိုး | ၇ ခု | ၀.၀၉၆၇ တန် |
| (ဃ) | တမလန်းဂီတာအိုး | ၄ ခု | ၀.၀၆၀၀ တန် |
| (င) | ပိတောက်သားဂီတာအိုး | ၈ ခု | ၀.၁၁၃၃ တန် |
| (စ) | ပိတောက်သားဂီတာအိုး | ၁၀ ခု | ၀.၀၄၆၁ တန် |
| (ဆ) | ပိတောက်ကျီးပေါင်း | ၁ ချပ် | ၀.၀၄၀၀ တန် |
| (ဇ) | ပိတောက်ကျီးပေါင်း | ၂ ချပ် | ၀.၀၂၉၂ တန် |
| (ဈ) | တမလန်းခွဲသား | ၄၂ ချောင်း | ၀.၁၃၁၈ တန် |

လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ မူဆယ်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၂၇-၆-၂၀၁၃ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ မူဆယ်ခရိုင် ဖုန်း-၀၈၂-၅၁၅၉၉နှင့် ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ မူဆယ်မြို့ ဖုန်း-၀၈၂-၅၀၅၁၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်နယ်သတင်း

# ကျေးရွာသုံးထင်းစိုက်ခင်းများ စိုက်ပျိုးရန်လိုအပ်နေ

**မုံရွာ ဇွန် ၂၇**

မုံရွာခရိုင်အတွင်း ထင်းသုံးစွဲမှုများလာသည်နှင့်အမျှ နေ့စဉ် ထင်းထုတ်လုပ်မှုပမာဏမှာလည်း အလွန်များပြားလျက်ရှိသည်။ ထို့ကြောင့် ထင်းအလျဉ်မီစွာ အသုံးပြုနိုင်ရေးအတွက် မြေလွတ်မြေကျွန်မရှိအောင် ကျေးရွာသုံး ထင်းစိုက်ခင်းကြီးများ စိုက်ပျိုးရန် အထူးလိုအပ်လျက်ရှိကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာတမ်းရေးသားပြုစုနေသူ ပညာရှင်တစ်ဦးက ပြောပြသည်။

ထင်းထုတ်လုပ်မှု ပမာဏသည် တန်ပေါင်းများစွာရှိသည့်အနက် လုပ်ငန်းသုံးထင်းသည် အများဆုံးပင်ဖြစ်ကြောင်း၊ အုတ်ဖုတ်လုပ်ခြင်းနှင့် ရေနံချက်ခြင်းလုပ်ငန်းများတွင် ထင်းကို အဓိကထား၍ သုံးစွဲလျက်ရှိကြောင်း၊ ယင်းလုပ်ငန်းကြီးများမှ နေ့စဉ်အသုံးပြုသော ထင်းပမာဏသည် တန်ပေါင်းများစွာရှိကြောင်း၊ ထင်းသုံးစွဲမှု အလွန်များပြားလာသည့်အတွက် ထင်းထုတ်လုပ်ခြင်းသည်လည်း အလွန်များပြားလာလျက်ရှိကြောင်း၊ ထင်းထွက်ရှိနိုင်သည့် အခြေအနေတစ်ရပ်ကို တွက်ချက်၍ ထင်းအစားထိုး အခြားသော လောင်စာများကို ပြောင်းလဲသုံးစွဲသင့်ပါကြောင်း အဆိုပါ ပညာရှင်က ပြောကြားသည်။ လူမှုဝန်းကျင်နှင့်ထိစပ်လျက်ရှိသော သဘာဝဝန်းကျင်များတွင် စည်းကမ်းမဲ့စွာ ထင်းထုတ်လုပ်မှုများကြောင့် အချို့သောနေရာများတွင် နေရိပ်ခိုစရာပင် သစ်ပင်များမရှိတော့သည်ကို သတိပြုမိပါကြောင်း၊ ထို့ကြောင့် ကျေးရွာသုံး ထင်းစိုက်ခင်းကြီးများ စိုက်ပျိုးရန် အထူးလိုအပ်လျက်ရှိပါကြောင်း၊ ကျေးရွာသုံးထင်းစိုက်ခင်းများ စိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် ကမ္ဘာ့ရာသီဥတုများကို ထိန်းသိမ်းစောင့်ရှောက်စေခြင်းဖြစ်သည့်အပြင် ဒေသအတွင်း ထင်းအလုံအလောက်သုံးစွဲလာနိုင်မည် ဖြစ်သဖြင့် ကျေးရွာသုံးထင်းစိုက်ခင်းကြီးများ စိုက်ပျိုးရန် လိုအပ်လျက်ရှိကြောင်း အဆိုပါ စာတမ်းရေးသားနေသော ပညာရှင်က တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။ **သဲဇာ(မုံရွာ)**

ရန်ကုန် တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် ဇွန် ၂၄ ရက်က တိုးမြစ်ရေကြီးမှုကြောင့် မြို့ပေါ် ရပ်ကွက်များ ဖြစ်သော ဈေးပိုင်းရပ်ကွက်၊ မြို့မပိုင်းရပ်ကွက်၊ ရွှေပြည်တန်လမ်းမကြီးနှင့် အတွင်းလမ်းများတွင် ရေနစ်မြုပ်မှုများ ဖြစ်ပေါ်စဉ်။

(၁၈၆)

# စဉ့်ကူးမြို့နယ် ကောလာဟလဖြစ်ပွားမှုအပေါ် ဥပဒေမဲ့ ရမ်းကားပြုမူသူအား ဖမ်းဆီးအရေးယူ

**မန္တလေး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွင်း ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီက ကောလာဟလသတင်းတစ်ခု ဖြစ်ပေါ်မှုကြောင့် အထိတ်တလန့် စုရုံးမှုဖြစ်ပေါ်ခဲ့ရာ မွန်းလွဲ ၂ နာရီခန့်တွင် အေးချမ်းစွာ လူစုကွဲသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကောလာဟလသတင်းကြောင့် မိဘများ အထိတ်တလန့်ဖြစ်ကာ မိမိတို့သားသမီးများအား လာရောက်ခေါ်ယူရန် စုရုံးစဉ် ရုံးပင်ချပ်ရပ်ကွက်နေ မျိုးခိုင်ဆိုသူသည် အရိုးအသွား ကိုးလက်မခွဲခန့်ရှိ ဓားဦးချွန်းကို ကိုင်ဆောင်ပြီး ကျောင်းအတွင်းသို့ ဝင်ရောက်ကာနှုတ်မှ " ကျောင်းအတွင်းဘာဖြစ်နေတာလဲသိလား ကျောင်းသား ကျောင်းသူတွေ အသက်အန္တရာယ်တာဝန်ယူမလား"ဟု ပြောဆိုခဲ့သဖြင့် ကျောင်းသား ကျောင်းသူများ အထိတ်တလန့်ဖြစ်ပွားခဲ့သည်။

ထိုဖြစ်ပွားမှုကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးအဖွဲ့ဝင်များ သွားရောက်ရှင်းလင်းခဲ့သဖြင့် အေးချမ်းစွာ လူစုကွဲသွားကြောင်းနှင့် ကောလာဟလဖြစ်ပေါ်မှုအပေါ် အခွင့်ကောင်းယူပြီး ဥပဒေမဲ့ ရမ်းကားပြုမူသူ မျိုးခိုင်အား လက်ပန်လှရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်မောင်(မန္တလေးကိုယ်ပွား)**

# ဂီတအလှနှင့် နေထိုင်မှုဆိုင်ရာပြပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၂၇**

ဂီတအလှနှင့်နေထိုင်မှုဆိုင်ရာ ပြပွဲ (Musical Cosmetic with Living Expo 2013) ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းပေါ်ရှိ တပ်မတော်ခန်းမ၌ ဇွန် ၂၈ ရက်မှ ဇူလိုင် ၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် အဆင့်မြင့် အိမ်ခြံမြေ၊ ကွန်ဒို၊ အဆင့်မြင့်အိမ်ဆောက် အလှဆင်ပစ္စည်းများ၊ အဆင့်မြင့် ပရိဘောဂပစ္စည်းအမျိုးမျိုး၊ အိမ်တွင်းနှင့်မီးဖိုချောင်သုံး လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ဂီတနှင့်သက်ဆိုင်သော တူရိယာပစ္စည်းမျိုးစုံ၊ ဂီတနှင့် သက်ဆိုင်ရာဝန်ဆောင်မှုများ၊ ဂီတဆိုင်ရာသင်တန်းများ၊ သီချင်း အဆိုသင်တန်းများ၊ ဂိမ်းဇာတ်ကောင်အဝတ်အစား ဆင်ယင်၍ ယှဉ်ပြိုင်ရသော International Tokyo Game Show မိတ်ကပ်နှင့်အလှအပဆိုင်ရာ ပစ္စည်းအမျိုးမျိုး၊ ဖက်ရှင်ပစ္စည်းအမျိုးမျိုး၊ လက်ဝတ်ရတနာအရောင်း/အငှား ဝန်ဆောင်မှုအမျိုးမျိုးတို့ကို ပြခန်းပေါင်း ၁၀၀ကျော်နှင့် ခင်းကျင်းရောင်းချသွားမည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်များလည်းပါရှိကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**


## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၇-၂၀၁၃ရက် (တနင်္လာနေ့)

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၁-၇-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**မျက်စိရောဂါအထူးကုဆေးရုံကြီး**
အမှတ် ၃၀၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၇

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
# ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် အသုံးပြုရန် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | စာရေးကိရိယာ | (၂၆)မျိုး |
| (ခ) | Computer, Copier သုံး ဆက်စပ်ပစ္စည်း | (၁၀)မျိုး |
| (ဂ) | သန့်ရှင်းရေးသုံးပစ္စည်း | (၁၅)မျိုး |
| (ဃ) | လျှပ်စစ်ပစ္စည်း | (၂၂)မျိုး |

၂။ တင်ဒါပေးသွင်းမှုကို ၅-၇-၂၀၁၃ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား တင်သွင်းရမည်။

၃။ ပစ္စည်းစာရင်းအသေးစိတ်နှင့် တင်ဒါပုံစံများအား ကြော်ငြာပါသည့်ရက်မှစ၍ အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**
**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်**
**သန်လျင်၊ သီလဝါ ဖုန်း-၀၅၆-၂၂၁၈၁**

# မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း အလုပ်အမှုဆောင်အဖြစ် အဆိုပြုနိုင်ရန်ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း၏ ပထမအကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ၂၀၁၃ခုနှစ် ဩဂုတ်လခန့်တွင် ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃-၂၀၁၄ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ရွေးချယ်ဖွဲ့စည်းရာတွင် အသင်းအလုပ်အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသည့် အသင်းဝင်များအနေဖြင့် မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်းရုံး အမှတ် ၇၈/၈၂၊ အခန်း ၁၀၁၊ ပထမထပ်၊ ဗိုလ်တထောင်ဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၃ခုနှစ် ဇူလိုင် ၁ရက်မှ ၂၀၁၃ခုနှစ် ဇူလိုင် ၂၅ရက်အထိ အဆိုပြုလွှာများ ထုတ်ယူနိုင်ပါသည်။ ယင်းအဆိုပြုလွှာများကို အဆိုပြုလွှာထုတ်ယူသည့်ရက်များအတွင်း ပြန်လည်တင်သွင်းနိုင်ပြီး ၂၀၁၃ခုနှစ် ဇူလိုင် ၂၅ရက် နောက်ဆုံးထား ပြန်လည်တင်သွင်းနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဦးသက်အောင် (ရုံးအဖွဲ့မှူး) ဖုန်း-၀၁-၂၀၁၂၉၂

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကျွန်းလှမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးလက်မြေသားလမ်း(၂)၊ လမ်း(၃၄)မိုင်၊ ကျေးလက်ကျောက်ချောလမ်း(၄)လမ်း (၇၂)မိုင်၊ မြို့ပြကတ္တရာလမ်းခင်းခြင်း (၄)မိုင် သစ်သားတံတား(၅၁)စင်း ၂၅၄၀ပေ၊ ရေကျော်(၃၂)စင်း (၁၃၂၅)ပေ တို့အား တည်ဆောက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါ လျှောက်လွှာများကို ၂၄-၆-၂၀၁၃ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်သွင်းနိုင်ပါသည်။

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရက်** - ၂၄-၆-၂၀၁၃ရက်မှ ၂၄-၇-၂၀၁၃ရက်အထိ

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ မုံရွာမြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၂၅၃၄၊ ၀၇၁-၂၄၃၁၅တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်/မြို့နယ်ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် လူနာများကို ဆေးကုသပေးနိုင်ရေးအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ရောင်းချသူမှ အဆိုပါနေရာများ၏ ခရိုင်/မြို့နယ်ဆေးရုံများရှိ ဆေးသိုလှောင်ခန်းအရောက် တင်သွင်းပေးပို့ရန်အတွက် လိုင်စင်ရ ဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၇-၂၀၁၃ ရက်

**တင်ဒါပိတ်မည့်ရက်** - ၁၅-၇-၂၀၁၃ ရက်

**တင်ဒါပိတ်မည့်အချိန်** - ၁၆:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးဝါးစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး**
**မကွေးတိုင်းဒေသကြီး**
**ပြည်တော်သာလမ်း၊ မကွေးမြို့၊**
**ဖုန်း-၀၆၃-၂၃၅၇၆၊ ၀၆၃-၂၅၉၃၈**

## အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန
## အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန
## နေပြည်တော်
# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ်(၂/၂၀၁၃-၂၀၁၄)

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သည့် အောက်ပါပစ္စည်း(၁၄)မျိုးကို ယှဉ်တွဲပါအရေအတွက်များအတိုင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

VIDEO Camera တစ်လုံး၊ Digital Camera နှစ်လုံး၊ Computer (၁၀)လုံး၊ Plain Paper Laser Facsimile (Fax) ခုနစ်လုံး၊ Laser Printer (၁၀)လုံး၊ U.P.S (650 VA) (၁၀)လုံး၊ Copier (Office) ခုနစ်လုံးနှင့် ရုံးသုံးပစ္စည်းပရိဘောဂ ခုနစ်မျိုး

၂။ အဆိုပါအိတ်ဖွင့်ဈေးနှုန်းလွှာများကို ၁၈-၇-၂၀၁၃ရက် ညနေ ၁၆:၃၀နာရီတွင် နောက်ဆုံးထား၍ ရုံးအမှတ် ၅၁၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန စီမံခန့်ခွဲရေးဌာနသို့ လာရောက်ပေးပို့တင်သွင်းနိုင်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၆-၂၀၂၄ရက် (တနင်္ဂနွေနေ့) နံနက်တွင် မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၂၈ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**စွန်းလွန်းဓမ္မရိပ်သာကျောင်းဆရာတော်**
## ဘဒ္ဒန္တပဏ္ဍိဝ မဟာထေရ်
**သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါ**
**သာဓုကီဠန အန္တိမအဂ္ဂိဈာပန ပူဇော်ပွဲ ဖိတ်ကြားလွှာ**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၄)နယ်မြေ၊ ပန်းခြံလမ်း၊ စွန်းလွန်းဓမ္မရိပ်သာကျောင်းဆရာတော် ရွှေကျင်နိကာယ ရတ္တညူမဟာနာယက ဘဒ္ဒန္တပဏ္ဍိဝ မဟာထေရ် သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါရှိ သက်တော်ရှည် ဆရာတော်ကြီးသည် (၁၃၈၅ခုနှစ် နယုန်လပြည့်ကျော် ၃ရက်) ၂၆-၆-၂၀၂၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၁၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပြီးဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၁၃၈၅ခုနှစ် နယုန်လပြည့်ကျော် ၇ရက်) ၃၀-၆-၂၀၂၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် သရောင်းချောင်းလောင်တိုက်တော်သစ်၌ အန္တိမအဂ္ဂိဈာပနပူဇာသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

အန္တိမအဂ္ဂိဈာပနကျင်းပပူဇော်ရေးအဖွဲ့
စွန်းလွန်းဓမ္မရိပ်သာကျောင်း
ပုသိမ်မြို့

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်သိန်းတင် (ဓိုးကုန်း)
**အသက်(၉၄)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း-ဒေါ်ခင်အေးမြင့်တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်သိန်းတင် အသက်(၉၄)နှစ်သည် ၂၁-၆-၂၀၂၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့်ဇနီး ဒေါ်တင်ဝင်း မိသားစု**
**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
## ဒေါ်သိန်းတင် (ဓိုးကုန်း)
**အသက်(၉၄)နှစ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း-ဒေါ်ခင်အေးမြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်သိန်းတင်သည် ၂၁-၆-၂၀၂၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲခဲ့ရပါသည်။

**EAST ASIA BANNER CONSTRUCTION Co., Ltd.**

---

**ဝမ်းနည်းကြေကွဲခြင်း**
## သူရ ဦးမြင့်ရွှေ
**ကြည်း-၈၉၁၇၊ D.S.A (အပတ်စဉ်-၄)**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်**
**အသက်(၇၄)နှစ်**

သူရဦးမြင့်ရွှေ [ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်] သည် ၂၅-၆-၂၀၂၄ရက်(အင်္ဂါနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်သန်း အထွေထွေမန်နေဂျာ၊ ကမ္ဘောဇဘဏ်လီမိတက်**
**[ပြည်နယ်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်၊ ကချင်ပြည်နယ်]မိသားစု**

---

## ဒေါ်တင်တင်ဝင်း
**(ငွေစာရင်းအုပ်၊ ငြိမ်း)၊ လျှပ်စစ်အလုပ်ရုံ(ဆလရ)**
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ပညာလမ်း၊ အမှတ် ၉၁၅နေ (ဦးဝင်းမောင်-ဒေါ်တင်ရွှေ)တို့၏သမီးကြီး၊ ဦးထွန်းဦး(ပညာရေး၊ ငြိမ်း)၏ဇနီး၊ ဦးမြင့်သန်း-ဒေါ်ခင်အေးသန်း၊ ဦးဝင်းစိုး-ဒေါ်ခင်အေးမူ၊ ဦးကျော်ကျော်သွင်-ဒေါ်ခင်ဝင်းကြွယ်၊ ဦးတင်မောင်ဝင်း-ဒေါ်ဥမ္မာခင်တို့၏အစ်မကြီး၊ (ဦးအောင်ဇော်ဦး)၊ ဦးသက်ဇင်ဦး-ဒေါ်စုစုဝင်းတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၆-၆-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၂၄ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**သတိပေး နှိုးဆော်ချက်**

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကိုမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက် စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ် ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

---

**သတိပေးနှိုးဆော်ချက်**

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှ ကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

---

**တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်နာယကကြီး**
## ဝဏ္ဏကျော်ထင် ဦးသိန်းဖေ
**အသက်(၉၇)နှစ်**

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း၏ ဂုဏ်ထူးဆောင်နာယကကြီး ဝဏ္ဏကျော်ထင် ဦးသိန်းဖေ(အငြိမ်းစား၊ ဦးစီးဌာနမှူး၊မြေတိုင်းဦးစီးဌာန)အသက်(၉၇)နှစ်သည် ၂၄-၆-၂၀၂၄ရက် ည ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၆-၂၀၂၄ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အသင်းဝင်များ လိုက်ပါပို့ဆောင်နိုင်ရန် ရန်ကုန်တက္ကသိုလ်ရှေ့စာတိုက်ဝင်းမှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းရီ (ချောက်မြို့)
**အသက်(၉၇)နှစ်**

ပခုက္ကူမြို့၊ ပေါင်းလောင်းရှင်ရပ်နေ (ဦးဘမောင် - ဒေါ်ငွေညွန့်)တို့၏သမီး၊ (ဦးမြင့်-ဒေါ်ဖွားရွှေ)တို့၏ညီမ၊ ချောက်မြို့၊ ဗဟိုကွက်သစ်ရပ်နေ (သခင်ခင်မောင်ဖြူ)၏ဇနီး၊ (ဦးသိန်းလွင်)-ဒေါ်သန်းသန်းမြင့်၊ (ဦးသန်းဌေး-ဒေါ်တင်ဆွေ)၊ (ဦးကျော်ခင်)-ဒေါ်ညိုညိုမြင့်၊ ဦးပေါ်သိုက်ထွန်း-ဒေါ်ခင်ရီမြင့်(ခ)ဒေါ်ပိုပို၊ဦးမျိုးမြင့်-ဒေါ်ခင်မေအောင်၊ဦးမြင့်ဆွေ-ဒေါ်ရီရီမြင့်၊ ဦးစိုးမြင့်-ဒေါ်မူမူမြင့်တို့၏မိခင်၊ မြေး ၃၃ယောက်၊ မြစ် ၃၃ယောက်၊ တီတစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၆-၆-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) ည ၆း၃၀နာရီတွင် ချောက်မြို့ ဗဟိုကွက်သစ်ရပ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၆-၂၀၂၄ရက် (သောကြာနေ့)ညနေ ၄နာရီတွင် ချောက်မြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်း၊ ဆွမ်း ဒါယိကာမကြီး**
## ဒေါ်သန်းရီ
**အသက်(၇၂)နှစ်**

စလင်းမြို့နယ်၊ ပေါင်းမဇင်ရပ်၊ အေးမြသီတာခိုင်နေ (ဦးထွန်းဝ၊ မြို့နယ်ပညာရေးမှူး)၏ဇနီး၊ ဒေါ်အေးကြည်၏ညီမ၊ ဒေါ်ရီရီခိုင် (အထပြ၊ အထက၊ စလင်းမြို့နယ်)၊ ဦးသက်ထွန်းဦး (ဦးစီးအရာရှိ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးချုပ်)-ဒေါ်ခင်ထွေးရီ၊ ဦးနိုင်ထွန်း (မန္တလေးခေတ်မျက်မှန်၊ မကွေး)-ဒေါ်ရီရီစိုး (ငွေတောင်တန်းစာရေးကိရိယာ)၊ ဦးအောင်မိုး (တိုင်းဒေသကြီး တာဝန်ခံ၊ မြန်မာ့သြဘာ)-ဒေါ်စုစုထွန်း (ဒု-ဦးစီးမှူး၊ စိုက်ပျိုးရေးမကွေးခရိုင်ရုံး)၊ ဦးမျိုးညွန့်ဦး (ခေတ္တ-မလေးရှား)-ဒေါ်သီတာထွန်း(မန်နေဂျာ၊ဖွံ့ဖြိုးရေးဘဏ်၊စလင်းမြို့နယ်)၊ (ဦးထွန်းမျိုးခိုင်)-ဒေါ်အေးစုခိုင်တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၇-၆-၂၀၂၄ရက် နံနက် ၁း၀၅နာရီတွင် စလင်းမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အနိစ္စ အမြဲမရှိ**

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဒုတိယဗိုလ်မှူးကြီးရဲမြင့် (ငြိမ်း)
**(ကြည်း-၃၆၄၃)**
**နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊ မော်ကွန်းဝင်(ပထမဆင့်)**
**အသက်(၈၉)နှစ်**

ဦးတင့်ဇော်(ဆန်နီ)-ဒေါ်ဆွေကြည်မြင့်တို့၏ဖခင်သည် ၂၄-၆-၂၀၂၄ရက် မွန်းလွဲ ၁း၃၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်လွင်(ဥက္ကဋ္ဌ)**
**မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်**

---

## ဒုတိယဗိုလ်မှူးကြီးအောင်လင်း (ငြိမ်း)
**ကြည်း-၁၀၇၄၅**
**O.T.S (34)**
**အသက်(၇၅)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နေ (ဦးသက်-ဒေါ်မြစိန်)တို့၏သားကြီး၊ အမှတ် ၇၀၅၊ အနော်မာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ကြည်ကြည်မြင့်၏ခင်ပွန်း၊ (ဦးသိန်းမင်းအောင်)၊ ဒေါ်ကေခိုင်အောင်လင်း၊ ဦးကျော်မင်းအောင်၊ ဒေါ်သိမ့်သဥ္ဇာအောင်လင်းတို့၏ဖခင်၊ မြေးလေးယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၅-၆-၂၀၂၄ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၆-၂၀၂၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၇-၂၀၂၄ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ရှုကက်(ခ)ဒေါ်စော
**(ကျုံမငေးမြို့)**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း ၄၀၊ အမှတ် ၁၂၃(မြေညီထပ်)နေ (ဦးထျန်စူး - ဒေါ်ကျင်စွမ်)တို့၏သမီး၊ [ဦးထော်စွား(ခ)လင်ကျိကင့်]၏ ဇနီး၊ ဒေါ်စန်းစန်းညွန့်-ဦးစိုးလှိုင်၊ ဒေါ်မြမြစန်း-ဦးဝင်းမြင့်၊ဒေါ်စန်းစန်းရီ၊ဦးအောင်မြင့်၊ ဦးမြင့်အောင်-ဒေါ်မေဝင်းသူ၊ ဦးစံမင်း-ဒေါ်သီသီလွင်၊ ဦးအောင်ထွေး-ဒေါ်စုစုမာ၊ ဦးသက်ခိုင်တို့၏မိခင်ကြီး၊ မြေး ၁၄ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၇-၆-၂၀၂၄ရက် နံနက် ၂း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၂၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကျင်အောင်
**(ဆလရ၊ ငြိမ်း)**
**အသက်(၇၀)**

(ဦးရွှေရ-ဒေါ်စိန်တင်)တို့၏သားကြီး၊ (ဦးဘိုကြီး - ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ မြမဥ္ဇူလမ်း၊ အမှတ် ၇၁၄နေ ဒေါ်ထားရီ၏ခင်ပွန်း၊ ကိုအောင်ဇော်မိုး၊ မသန်းသန်းတင်၊ မဥမ္မာအောင်၊ ကိုထိန်ဝင်း-မအေမွန်အောင်တို့၏ဖခင်၊ မောင်မင်းသန့်ကျော်၏အဘိုးသည် ၂၇-၆-၂၀၂၄ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၂၄ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးစိုးပိုင် (ငါးသုံးလီ)
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊အောင်ဇေယျလမ်း၊ အမှတ် ၁၃၂၊ လေးလွှာ(ဝဲ)နေ (ဦးလှမြင့်)-ဒေါ်တင်မြင့်တို့၏သား၊ ဦးတင်မောင်ဦး (လဝက၊ အရှေ့ပိုင်းခရိုင်ဦးစီးဌာနမှူး)-ဒေါ်ခင်စမ်းတို့၏ညီ၊ ဒေါ်ခင်မျိုးရီ(ဒု-ညွှန်၊စီးပွား/ကူးသန်းဝန်ကြီးဌာန၊ပို့ကုန်နေပြည်တော်)၊ ဦးထွန်းနိုင်-ဒေါ်ခင်မျိုးကြည်(Deputy General Manager-MCC)၊ဦးဇော်ဇော်ထွန်း(ခေတ္တ-စင်ကာပူ)-ဒေါ်ခင်မျိုးသီ၊ ကိုကျော်ထူးထူးအောင်-မဇင်လှထွေးတို့၏အစ်ကို၊ တူ၊ တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၂၅-၆-၂၀၂၄ရက်(အင်္ဂါနေ့) ည ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၆-၂၀၂၄ရက် (စနေနေ့)မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## မထားဥမ္မာဝေ(မီးငယ်လေး)
**(ကျောက်ဖြူ)**
**အသက်(၁၈)နှစ်**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်ကွက်၊ ကမ်းနားလမ်းနေ (ဦးအောင်ကျော်)-ဒေါ်သန်းသန်း၊ (ဦးမောင်ငယ် - ဒေါ်စောနု)တို့၏မြေး၊ (ဦးတင်စိန်)-ဒေါ်သိန်းရီ(ခ)မယေတို့၏သမီး၊ မမြင့်စန္ဒာစိုး၊ မောင်ကျော်မင်းထက်တို့၏ညီမသည် ၂၆-၆-၂၀၂၄ရက် ည ၉း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၂၄ရက် (စနေနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးကြီးသိန်းအေး
**ဒုတိယစစ်ထောက်ချုပ်၊ စစ်ထောက်ချုပ်ရုံး**
**ကြည်း-၁၅၄၆၃၊ O.T.S (58)**
**အသက်(၅၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်နေ (ဦးထွန်းတင်)-ဒေါ်ခင်သိန်းတို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ (ဦးသိန်းမောင်-ဒေါ်မြကြည်)တို့၏သားသမက်၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊အနော်ရထာရပ်ကွက်၊ ငုဝါရိပ်သာ၊တိုက်အမှတ် ၁၀နေ ဒေါ်တင်တင်အုန်း၏ခင်ပွန်း၊ သုံးခွမြို့နယ်နေ ဦးတင်သန်း-ဒေါ်စန်းမြင့်၊(ဦးသိန်းမြိုင်)-ဒေါ်ရင်ကြည်၊(ဦးအုန်းကြိုင်)-ဒေါ်စန်း၊ ဦးတင်ဝင်း-ဒေါ်ချို၊ ဦးသောင်းဟန်-ဒေါ်သန်းသန်းဝင်းတို့၏ညီ/မောင်၊ (ဦးတင်ထွန်း)-ဒေါ်ရင်မြင့်တို့၏အစ်ကို၊ တူ/တူမ ၁၈ယောက်တို့၏ဦးလေးသည် ၂၇-၆-၂၀၂၄ရက် နံနက် ၂း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၂၄ရက် မွန်းလွဲ ၁နာရီတွင် နေပြည်တော် ကွင်းကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၂၄ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးကြီးသိန်းအေး
**ဒုတိယစစ်ထောက်ချုပ်၊ စစ်ထောက်ချုပ်ရုံး**
**ကြည်း-၁၅၄၆၃၊ O.T.S (58)**
**အသက်(၅၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်နေ (ဦးထွန်းတင်)-ဒေါ်ခင်သိန်းတို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ (ဦးသိန်းမောင်-ဒေါ်မြကြည်)တို့၏သားသမက်၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊အနော်ရထာရပ်ကွက်၊ ငုဝါရိပ်သာ၊ တိုက်အမှတ် ၁၀နေ ဒေါ်တင်တင်အုန်း၏ခင်ပွန်း၊ သန်လျင်မြို့နယ်နေ ဦးသန်းရွှေ-ဒေါ်ခင်ခင်အုန်း(ဟိုင်းရာဇာဆေးဆိုင်)တို့၏မောင်၊ ကိုထင်အောင်-မဆွေဇင်မွန်(နည်းပြ၊ အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်)၊ မသင်းသီရိအောင်တို့၏ဦးလေး၊ မဆုရတီလင်း၏အဘိုးသည် ၂၇-၆-၂၀၂၄ရက် နံနက် ၂း၄၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၂၄ရက် မွန်းလွဲ ၁နာရီတွင် နေပြည်တော် ကွင်းကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၃-၇-၂၀၂၄ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဆရာမ ဒေါ်လဲ့လဲ့ဌေး
**အထက်တန်းပြဆရာမ၊ အထက(၂)ဗဟန်း**
**အသက်(၅၄)နှစ်**

ဆရာမဒေါ်လဲ့လဲ့ဌေး၊ အထက်တန်းပြဆရာမ၊ အထက(၂)ဗဟန်းသည် ၂၅-၆-၂၀၂၄ရက် (အင်္ဂါနေ့) ညနေ ၃း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာမဒေါ်လဲ့လဲ့ဌေး ကောင်းရာသုဂတိလားပါစေ။

**ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊**
**ကျောင်းသား ကျောင်းသူများ**
**အထက(၂)ဗဟန်း၊ ပညာရေးမိသားစု**

---

## ဒေါ်လှလှရွှေ(ခ)ဒေါ်လှရွှေ
**(ပြင်ဦးလွင်)**
**အသက်(၇၂)နှစ်**

အမှတ် ၇၇၀၊ ဓမ္မရာဇာလမ်း၊ (၃၈) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ (ဦးထွန်းအောင်-ဒေါ်မြရီ)တို့၏သမီး၊ (ဦးလှအောင်သစ်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ကကငွေ)၏ဇနီး၊ ဦးသက်ထွန်းအောင်(ရကတ၊ ကကငွေ)-(မကြည်ကြည်ခိုင်)၊ ဦးဖေသက်အောင်-မသင်းသင်းကြူ၊ ဦးညီညီအောင်(တပတ၊စာရင်းစစ်)-မသင်းသင်းစိုး၊ ကိုဇော်ဇော်ဟိန်း၊ ကိုနီထွေးအောင် (မြန်မာဘရူဝါလီမိတက်) - မသရဖီဌေးတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၂၇-၆-၂၀၂၄ရက် နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးလှသိန်း (သထုံ)
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက် အနောက်ရပ်ကွက်၊ ဓမ္မပါလလမ်း၊ အမှတ် ၁၀/၁၁ (သုံးလွှာ)နေ (ဦးလှတင် - ဒေါ်သန်းရင်)တို့၏သား၊ (ဦးဖိုးခ-ဒေါ်စန်းရီ)တို့၏ သားသမက်၊ ဒေါ်ညွန့်ညွန့်၏ခင်ပွန်း၊ဦးထွန်းထွန်းဦး-ဒေါ်အေးအေးသန်း၊ ဦးစန်းမောင်-ဒေါ်မူမူချို၊ ဦးထိန်လင်းအောင်၊ ဆရာဦးမိုးကျော်တို့၏ဖခင်၊မမွေးသဇင်ထွန်း၊မောင်ကျော်ထက်တို့၏အဘိုးသည် ၂၇-၆-၂၀၂၄ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၂၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူ နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးနှင့်ကျန်းမာကြံ့ခိုင်ရေးသည်အရေးကြီး

နေပြည်တော် ဇွန် ၂၇

**၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၂၆ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အားပေးချီးမြှင့်သည်။**

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်မြင့်မားအောင် သင်ကြားပြသပေးခဲ့သော ဆရာ၊ ဆရာမများအား ယခုလို ဆုချီးမြှင့်ရသည့်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်းနေထိုင်ကြသော နိုင်ငံသူ နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးနှင့် ကျန်းမာကြံ့ခိုင်ရေးသည် အထူးအရေးကြီးပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် "တကယ်ဖြစ်ချင်တကယ်လုပ်၊ အဟုတ်ဖြစ်ရမည်" ဆို သည့်ဆောင်ပုဒ်အတိုင်း မိမိတို့ရယူလိုသော ပန်းတိုင်ရောက်ရှိအောင် မိမိကိုယ်တိုင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အောင်မြင်မှုရရှိပါ က အကျိုးခံစားခွင့်အနေဖြင့် မိမိသာလျှင် အရင်ဆုံးရရှိမည်ဖြစ်ပြီး ထိုအောင်မြင်မှုမှတစ်ဆင့် မိမိတို့၏ မိသားစုအကျိုး၊ နိုင်ငံတော်အကျိုးအတွက်ပါ ရရှိမည်ဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများ၊ မိဘများ၊ ဆရာ၊ ဆရာမများ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိမည် ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စိတ်ဓာတ် စည်းကမ်းကောင်းမွန်ပြီး မိဘဆရာသမားများမှပေးအပ်သော ပညာအမွေကို ရယူကာ နိုင်ငံတော်အကျိုး၊ ပြည်သူများအကျိုး ဆောင်ရွက်နိုင်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်က ပညာရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ထူးရရှိသည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသည့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

***စာမျက်နှာ ၇ ကော်လံ ၄*** ●

# မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းဖွဲ့စည်းရေး အဆိုပြု ရုရှား-မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်လို

**နေပြည်တော် ဇွန် ၂၇**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် Moscow Oblast, Alabino ရှိ အနောက်ပိုင်း စစ်ဒေသလက်အောက်အမှတ်(၂) ယန္တရားတပ်မအတွင်းရှိ ယန္တရားတပ်မ ပြတိုက်အား လေ့လာပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှတ်တရလက်မှတ်ရေးထိုးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အထိမ်းအမှတ်တံဆိပ်နှင့်အမှတ်တရ လက်ဆောင်အား တပ်မမှူး Major General Sichevoy A.I ထံပေးအပ်ပြီး တပ်မမှူးက ပေးအပ်သော အမှတ်တရလက်ဆောင်အား လက်ခံသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား Iz kut Corporation မှ President Mr. Demechevko က Parisience Restaurant ၌ တွေ့ဆုံပြီး ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(ဝဲပုံ)**

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ

***စာမျက်နှာ ၇ ကော်လံ ၄*** ✱

# ဆက်သွယ်ရေးအော်ပရေတာလိုင်စင် ချထားရေး ဆောင်ရွက်မှုအခြေအနေ သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**သတင်းထုတ်ပြန်ရေးအဖွဲ့**
**သတင်းထုတ်ပြန်ချက်(၉/၂၀၁၃)**
**၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်**
**၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၇ ရက်**

**ဆက်သွယ်ရေးအော်ပရေတာလိုင်စင်**
**ချထားရေးဆောင်ရွက်မှုအခြေအနေ သတင်းထုတ်ပြန်ခြင်း**

၁။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်ဆင့်သော မူဝါဒများချမှတ်၍ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဆက်သွယ်ရေးသတင်းအချက်အလက်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတကာနှင့်ဆက်စပ်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် နိုင်ငံသားများအတွက် ဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်ကိုလည်း အချိန်တိုအတွင်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

၂။ ထိုသို့ လိုအပ်ချက်များကြောင့် ဆက်သွယ်ရေးကဏ္ဍတွင် လိုအပ်လျက်ရှိသော ဆက်သွယ်ရေးအော်ပရေတာလိုင်စင် ချထားပေးနိုင်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအား တာဝန်ပေး ဆောင်ရွက်စေခဲ့သည်။ ပြည်ထောင်စုဝန်ကြီးဌာနသည်လည်း ဆက်သွယ်ရေးအော်ပရေတာလိုင်စင် ချထားပေးနိုင်ရေးအတွက် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လမှစတင်၍ ဥပဒေနှင့်အညီ ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျဆောင်ရွက်ခဲ့သည်။

၃။ ထိုသို့ဆောင်ရွက်လျက်ရှိသည့် အခြေအနေတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၎င်း၏ ၁၃-၅-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁၃/ပသ(စဝ)၄/ ၂၀၁၃-၀၀၄ ပါ သဝဏ်လွှာဖြင့် အဆိုပါ ဆက်သွယ်ရေးအော်ပရေတာလိုင်စင် ချထားပေးနိုင်ရေးဆောင်ရွက်မှုများ အလျင်စလိုဆောင်ရွက်ခြင်းမပြုပါရန် နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပေးပို့ခဲ့သည်။ ထို့ပြင် ၎င်းသဝဏ်လွှာပါ စာသားအကြောင်းအရာများအတိုင်း ဖော်ပြပါရှိသည့် သဝဏ်လွှာတစ်စောင်ကိုလည်း ပြည်ထောင်စုလွှတ်တော်နာယကထံသို့ လိပ်မူ၍ နိုင်ငံတော်သမ္မတထံ မိတ္တူလိပ်စာဖြင့် ထပ်မံပေးပို့လာရာ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

*"၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသူရဦးရွှေမန်းထံသို့ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌမှ ဆက်သွယ်ရေးဥပဒေမပြဋ္ဌာန်းနိုင်မီ ကာလအတွင်း ဆက်သွယ်ရေးအော်ပရေတာ ခေါ်ယူခြင်းကိစ္စနှင့်ပတ်သက်၍ တင်ပြစာတစ်စောင် ပေးပို့တင်ပြလာပါသည်။*

***စာမျက်နှာ ၈ ကော်လံ ၆*** ◆

## စီးပွားရေးကြော်ငြာများ


# InyaLand Co., Ltd.

**Bringing HP Products & Solutions from Hewlett-Packard to Myanmar**

affiliated with PYI WAI SHAN Group of Companies

InyaLand Co., Ltd. သည် ICT ဝန်ဆောင်မှုနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများကို လုပ်ကိုင်နေသော ကုမ္ပဏီဖြစ်ပါသည်။ IT ပစ္စည်းများ ဖြန့်ဖြူးရေးနှင့် Service Center & Enterprise Solutions လုပ်ငန်းများလုပ်ကိုင်ရန် အောက်ဖော်ပြပါရာထူး နေရာများတွင် တာဝန်ထမ်းဆောင်နိုင်ကြောင်း အသိပေး ဖိတ်ခေါ်အပ်ပါသည်။

**Distribution**

| | | |
|---|---|---|
| Senior Distribution Manager | M/F | 1 |
| Admin Manager | M/F | 1 |
| Logistics Manager | M/F | 1 |
| Marketing Manager | M/F | 2 |
| Marketing Executive | M/F | 4 |
| Sales & Fulfillment Executive | M/F | 6 |
| Sales Assistant at IT Shops | M/F | 20 |
| Logistics Assistant | M/F | 4 |
| Warehouse & Inventory Staff | M/F | 6 |
| Driver | M | 4 |

**Corporate**

| | | |
|---|---|---|
| Business Process Manager | M/F | 1 |
| Financial Manager | M/F | 1 |
| Internal Audit Manager | M/F | 1 |
| HR/People Manager | M/F | 1 |
| Business Process Executive | M/F | 2 |
| Corporate Secretary / Receptionist | M/F | 2 |
| Corporate Assistant | M/F | 6 |
| Accountant | M/F | 2 |
| Accounting Staff (A/R) | M/F | 2 |
| Cashier | M/F | 2 |
| Office Cleaning Staff | M/F | 2 |

**Technology**

| | | |
|---|---|---|
| Program & Project Manager | M/F | 2 |
| Project Coordinator | M/F | 2 |
| Business Development Executive | M/F | 2 |
| Business Analyst | M/F | 4 |
| Network Infrastructure Specialist and/or Trainee | M/F | 8 |
| Network Security Specialist and/or Trainee | M/F | 4 |
| Servers & Systems Specialist and/or Trainee | M/F | 8 |
| Linux Specialist and/or Trainee | M/F | 6 |
| Unified Communications/IP PBX Specialist and/or Trainee | M/F | 4 |
| IP Surveillance Specialist and/or Trainee | M/F | 4 |
| ICT Support & Assistant Trainee | M/F | 12 |

**(Local Service Only)**

**A commitment of 3 years is required to grow your career with us.**

For more information on the positions and the application procedure, please call the hotline 01 2399 399 or visit http://jobs.inyaland.com

30-C Thanlwin & Inya Road, Bahan, Yangon 11201, Myanmar


# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)**

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၂၆၄**

ဒေါ်ကျင်လန် **နှင့်** ၁။ ဦးထွန်းရွှေ ၂။ ဦးပြည့်ဖြိုးဟိန်း
[ကိုယ်တိုင်နှင့်(၁)(၃)တရားပြိုင်တို့၏ အထွေထွေကိုယ်စားလှယ်စာရသူ]
၃။ ဒေါ်ပြည့်ပိုင်ငြိမ်း

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ တော်ဝင်လမ်း၊ အမှတ် ၃၉(စီ)(ယခုနေရပ်လိပ်စာမသိ)နေ ၁။ဦးထွန်းရွှေ၊ ၂။ဦးပြည့်ဖြိုးဟိန်း၊ ၃။ဒေါ်ပြည့်ပိုင်ငြိမ်းတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ကျင်လန်မှ မြေကွက်အရောင်းအဝယ်စရန်ငွေနှစ်ဆ ကျပ်သိန်း ၁၀၀၀ ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၅ရက် နံနက် ၁၁ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။

၂၀၁၃ ခုနှစ် ဇွန် ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လဲ့လဲ့အေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

# အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၁၃ခုနှစ် တရားမပြင်ဆင်မှုအမှတ် -၆၀**

ကိုအောင်မင်း(ခ)ရာကေ့ရှ်ဘာနာဂျီ ပါ -၄ **နှင့်** ကိုကျော်စွာမင်း ပါ -၇

**လျှောက်သူများ** **အလျှောက်ခံရသူများ**

၁။ ဦးကျော်စွာမင်း၊ ၂။ ဒေါ်မြတ်စန္ဒာ၊ ၃။ ဒေါ်ဇာဇာမျိုးမင်း၊ (၁)တရားလိုသည် ကိုယ်တိုင်နှင့် (၂) (၃)တရားလိုများ၏ အထူးကိုယ်စားလှယ်စာရသူ ရေချမ်းအိုးမြောက်ရွာ၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (ယခုလိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ ကိုအောင်မင်း(ခ)ရာကေ့ရှ်ဘာနာဂျီ ပါ -၄က ဤရုံးသို့ ပြင်ဦးလွင်ခရိုင်တရားရုံးမကြီး ၅၈/၂၀၁၃၏ ၁-၂-၂၀၁၃ရက်စွဲပါ စီရင်ချက်နှင့်စပ်လျဉ်းသည့် အကြောင်းနှင့်လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၃ခုနှစ် ဇူလိုင် ၁၀ရက် (၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် ဇွန် ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**တင်ထွေးဦး**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

# ကြော်ငြာစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)**

**မန္တလေးခရိုင်တရားမရုံးတော်၌**

**၂၀၁၃ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၅၂**

**ကွယ်လွန်သူ မောင်ကိုထွေး(ခ)ခင်မောင်ထွေး၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်၊ အမှတ် ၃၂၇၃ နေထိုင်ခဲ့သော ကွယ်လွန်သူ မောင်ကိုထွေး(ခ)ခင်မောင်ထွေး၏ ကျန်ရှိသော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် အမ်အေမိုဟာမက်မိုဟီဒင်(ခ)ဦးမေဒင် ပါ(၂)က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၃ခုနှစ် ဇူလိုင် ၁၂ရက်(၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၅ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ မောင်ကိုထွေး(ခ)ခင်မောင်ထွေး၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၃ခုနှစ် ဇူလိုင် ၁၂ရက်(၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၅ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်မပေးမီ၊ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ၊ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော အမ်အေမိုဟာမက်မိုဟီဒင်(ခ)ဦးမေဒင် ပါ(၂)၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၃ ခုနှစ် ဇွန် ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ထားထား**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**


# CNG Taxi ငှားမည်

- ကက ရှေ့ဆွဲဗင်း(စပေါ် ၅သိန်း၊ ကျပ် ၁၅၀၀၀)
- ကက Comna ဗင်(စပေါ် ၅သိန်း၊ ကျပ် ၁၅၀၀၀)
- ကက Comfort (စပေါ် ၃သိန်း၊ ကျပ် ၁၃၀၀၀)
- တစ်လက်ကိုင်(နေ့မောင်း)နံနက် ၆နာရီမှ ညနေ ၈နာရီအထိ
- ဖုန်း-၀၁-၅၆၁၂၉၅၊ ၀၉-၄၄၈၀၄၃၄၄၀၊ ၀၉-၄၉၃၀၆၂၀၆


# ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**ကျိုက်လတ်မြို့နယ်တရားမရုံးတော်**

**၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၉**

ဒေါ်ကြင်နွဲ့ **နှင့်** ဒေါ်မြငြိမ်းထွေး

**တရားနိုင်** **တရားရှုံး**

တရားရှုံး ဒေါ်မြငြိမ်းထွေး(ဘ)ဦးကြိုင် ၁၄×၁၅ ရွှေဘုံသာလမ်း၊ အမှတ်(၅)ရပ်ကွက်၊ ကျိုက်လတ်မြို့နယ်နေ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

ကျိုက်လတ်မြို့နယ်တရားမရုံး၏ ၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ် ၅၃အမှုတွင် ၂၁-၁-၂၀၁၃ရက်တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၁၂ရက် (၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်သို့လာရောက်စေ။

၂၀၁၃ ခုနှစ် ဇွန် ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ငွေအောင်**
**မြို့နယ်တရားသူကြီး**
**ကျိုက်လတ်မြို့နယ်တရားရုံး**

# ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၈၊ မြေကွက်အမှတ် ၇၉/စ၊ မြေကွက်တည်နေရာအမှတ်(၁၅/က)၊ စပါယ်လမ်းသွယ် ၂၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်ကွက် A-ဘဂေါင်းအမည်ပေါက် B-မြေပိုင် လ/န ၃၉မြေ၊ ဧရိယာ ၁၂ဒသမ၆၃၀၈ဧက အနက်မှ ပေ(၉၀×၇၅)အား ဒေါ်အုန်းသွင်(ဘီလစ်)က အင်းစိန်မြို့နယ်၊ တရားရုံးတရားမကြီးမှုအမှတ် ၈၁/၂၀၁၂၊ တရားမဇာရီမှုအမှတ် ၅၈/၂၀၁၂ တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၃၃၅(က)၊ မြေကွက်တည်နေရာအမှတ် ၃၃၅(က)၊ အိမ်တော်ရာ ပန်းခြံ ၂ လမ်း၊ ရွှေပြည်သာမြို့နယ် ဦးမောင်စန်း အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် ဦးမောင်စန်း ကွယ်လွန်သဖြင့် ဒေါ်မြအေး ၁၂/တမန(နိုင်)၀၆၀၇၈၆မှ သေစာရင်းမိတ္တူ၊ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားဂရန်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကြော်ငြာ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သဃ်ာန်းကျွန်းမြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၃၃

ဦးထွန်းအောင် **နှင့်** ဦးဝင်းထိန်
ဒေါ်ဝင်းဝင်းသန်း ဒေါ်ဘေဘီခင်
**တရားလိုများ** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင် ၁၁လမ်း၊ အမှတ်(၁၅/ခ)နေ(ယခုနေရပ်လိပ်စာမသိ)တရားပြိုင် ဦးဝင်းထိန် နှင့်ဒေါ်ဘေဘီခင်သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်(သို့မဟုတ်)အခွင့်အမိန့်ရရှေ့နေဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၁၀ ရက်မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ တရားလို၏စွဲချက်ထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ဘဲ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းအထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။

၂၀၁၃ခုနှစ် ဇွန် ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**မင်းတင်**
**ဒုတိယမြို့နယ်တရားသူကြီး(၂)၊ သဃ်ာန်းကျွန်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)
သန်လျင်မြို့နယ်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၅

ဦးလွမ်းဝေ **နှင့်** ဦးဇော်မင်း
**တရားလို** **တရားပြိုင်**

ဦးဇော်မင်း အမှတ်ခ/၉၉၊ ဗိုလ်မြင့်အောင်လမ်း၊ အောင်ချမ်းသာ (၂)ရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ နေထိုင်သူ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဦးလွမ်းဝေက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့် ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၁၀ရက် (၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၃ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇွန် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**မင်းမင်းကြိုင်**
**ဒုတိယမြို့နယ်တရားသူကြီး**
**သန်လျင်မြို့နယ်တရားရုံး**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ ရတနာပုံလမ်း၊ တိုက်၁၀/၀၀၃နေ ဒေါ်ခင်ဥမ္မာအေး ၁၂/သဃက(နိုင်)၀၃၅၂၁၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်ဖြစ်သူနှင့် ဦးမင်းဇော်ဦး ၁၂/သဃက(နိုင်)၀၃၅၂၀၀တို့သည် ၂၀-၆-၂၀၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် (ဦးစီးအရာရှိ)ဒေါ်အေးအေးခိုင်၏ ရှေ့မှောက်၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခဲ့ပြီဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ ဦးမင်းဇော်ဦးနှင့်ပတ်သက်သည့်ကိစ္စအဝဝကို ကျွန်ုပ်၏အမှုသည်မှ လုံးဝတာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲဝင်းလှိုင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၀၉)**
**ဖုန်း-၀၉-၄၉၇၂၂၆၀၉**

## ကန့်ကွက်နိုင်ပါကြောင်း

[illegible]

Hein Htet San Law Firm

[illegible]

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းအပိုင်(၁၀)၊ မဥ္ဇူသကလမ်းနေ ကျွန်တော် ဦးခိုင်မင်းဦး၏ ဇနီး မဇာလွင်ညွန့် ၇/တငန(နိုင်)၁၃၀၃၂၅သည် မိမိသဘောဆန္ဒအလျောက် အိမ်ပေါ်မှ နှစ်ကြိမ်တိုင်တိုင်ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှစွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးခိုင်မင်းဦး ၇/တငန(နိုင်)၁၃၆၇၅၉**

FUKU Japanese Academy (Since 2007)
Native Speaker's Japanese Conversation (Monthly)
Basic,Inter,Advanced Japanese (Monthly)
Japanese for going to Japan (Monthly)

ဒေါ်စုစုလင်း(Silver Medalist)
B.A (Eng-UFL), DA, CAT, ACCA (Affiliate)
LCCI, FIA, ACCA & Dip IFR
Special
June, July

ကွန်ပျူတာပုရောဟိတ်

09310179394 095179128 0931300995

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
လှိုင်သာယာမြို့နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၉၂

ဦးကိုကိုလှိုင် **နှင့်** ၁။ ဒေါ်တင်တင်လှ
၂။ ဦးကျော်သက်
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ စိန်ပန်းမြိုင် ၄လမ်း၊ အမှတ်(၄၉/ခ)နေ (၁)တရားပြိုင် ဒေါ်တင်တင်လှ၊ (၂)တရားပြိုင် ဦးကျော်သက်တို့ (ယခုလိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၁၁ရက် (၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက် ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇွန် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဝင်းတင့် (တ/၂၄၉၃)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)၊ လှိုင်သာယာမြို့နယ်တရားရုံး**

[illegible]

## ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

[illegible]

## ဧစ်စပ်ကြောင်းလမ်းပြီးစီးခြင်း

အောင်ပန်းမြို့နေ ဦးကျော်ဆွေ-ဒေါ်ဝင်းရွှေ (တွဲဖက်ပါမောက္ခ၊ သချာဋ္ဌာန၊ တောင်ကြီးတက္ကသိုလ်)တို့၏သား၊ ရဲအုပ်နေလင်းဦး-ဒေါက်တာစန္ဒာကျော်တို့၏မောင်
**ဒေါက်တာစိုးမြတ်ကျော် M.B.,B.S**
**နှင့်**
တောင်ကြီးမြို့နေ ဦးမြင့်ကြည်-ဒေါ်နီလာထွေး(ဦးစီးအရာရှိ၊ ရှမ်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး)တို့၏သမီး၊ မအိန္ဒြာကြည်(သရုပ်ပြ၊ စစ်ကိုင်းနည်းပညာတက္ကသိုလ်)၊ မောင်ပြည့်မြတ်နိုးတို့၏အစ်မ
**ဒေါက်တာဆုမွန်ကြည် M.B.,B.S**
**(လက်ထောက်ဆရာဝန်၊ စဝ်စံထွန်းဆေးရုံကြီး)**
တို့သည် ၂၁-၆-၂၀၁၃ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့၌ ဧစ်စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာစိုးမြတ်ကျော်-ဒေါက်တာဆုမွန်ကြည်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၄)ရပ်ကွက်၊ မြေကွက်အမှတ် ၃၇၆၊ အလျားပေ ၄၀ × အနံပေ ၆၀ မူလအမည်ပေါက် ဦးမောင်အေးထံမှ အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော ဦးခင်မောင်ငြိမ်း ၁၂/ဥကတ(နိုင်)၀၁၅၆၅၁ ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤမြေကွက်နှင့်ပတ်သက်သော မည်သူမဆိုပိုင်ရေးဆိုင်ရေးရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နီနီတင်- လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါလွင် (စဉ်-၂၄၅၂၆)**
**အထက်တန်းရှေ့နေ**
**အမှတ် ၄၈၅၊ တကောင်း ၅လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၆၁၃၅၁၄၊ ၀၉-၄၉၃၃၄၆၁၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ မြေကွက်အမှတ် ၈၈၀နှင့်၈၈၇၊ မြေအကျယ် ၀ဒသမ၀၅၅၈ကေနှင့် စတုရန်းပေ ၂၄၀၀၊ မြေအမျိုးအစား နှစ်၆၀ ဂရန်မြေ၊ မြေကွက်များနှင့် ဒလမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်၊ တွံတေးလမ်းမပေါ်ရှိ အမှတ် ၈၈၀နှင့် မဟာဗန္ဓုလလမ်းပေါ်ရှိအမှတ် ၈၊ အိမ်နှစ်လုံးအပါအဝင် အကျိုးခံစားခွင့်အားလုံးကို မြေအမည်ပေါက်သူ ဦးကာလီသာစု ၁၂/ပဘတ(နိုင်)၀၁၄၃၉၆ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းပြည့်စုံစွာဖြင့် ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်မေစပယ်မြင့်**
**LL.B,D.B.L,D.I.L,D.L.P-101(WIPO)(SWITZERLAND)**
**အထက်တန်းရှေ့နေ(စဉ်-၃၂၉၉၂)**
**အမှတ် ၂၆၃၊ ဗားကရာလမ်း၊ မြေနီ/တောင်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၅၃၄၃၆၉၊ ၀၉-၅၀၃၇၀၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Yankin Housing Project (2010-11) တိုက်အမှတ်၄/၄၊ အခန်း ၁၂ကို လက်ရှိပိုင်ဆိုင်သူ ဒေါ်နွယ်နွယ် ၁၂/တမန(နိုင်)၀၂၃၄၄၀ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးဝင်းသော် ၁၂/ပဇတ(နိုင်)၀၀၉၆၉၉**

**ဖုန်း-၀၉-၂၀၃၅၇၁၄၊ ၀၉-၄၀၂၇၁၇၇၀၇**

## သစ်မွှေး

နှစ်နှစ်သား၊ ပျိုးပင်ရမည်။
(အရောက်ပို့စနစ်)
**Shwe Bagan Group**
ဖုန်း-၀၉-၄၅၀၀၃၇၉၁၂

## ရော်ဘာမျိုးသန့် ပျိုးပင်ရောင်းမည်

၂၀၀၀ စီးရီး/(၃၉/၃၅)ပျိုးပင်
တစ်ပင်-၄၅ဝ/-နှုန်း
ဖုန်း-၀၉-၇၃၀၅၄၈၀၈

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/ခ(ကံဘဲ့)၊ မြေကွက်အမှတ် ၁၂/မ၊ မြေကွက်တည်နေရာအမှတ် ၄၇၊ နှင်းဆီလမ်း၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်၊(ဒေါ်ခင်ခင်အေး)အမည်ပေါက် မြေပိုင်လ/န-၃(ခ)မြေအား အမည်ပေါက် ဒေါ်ခင်ခင်အေး၊ ခင်ပွန်းဦးဝေဠုနှင့် တစ်ဦးတည်းသောသား ဦးကြည်စိုးသည် မိဘနှစ်ပါးထက်စော၍ ကွယ်လွန်သဖြင့် ဦးကြည်စိုး၏ဇနီး ဒေါ်လှလှမြင့် ၉/မထလ(နိုင်)၀၆၈၈၂၁နှင့် ဦးကြည်စိုး၏ သားသမီး ဒေါ်နွေဦးခိုင် ၉/မထလ(နိုင်)၀၀၀၅၉၅၊ ဦးသက်ဟန်စိုး ၁၂/ကမရ(နိုင်)၀၆၀၁၁၁တို့က အမည်ပေါက်၏ ချေးမနှင့်မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမှားပြင်စာချုပ်ရန်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စီးပွားရေးကြော်ငြာများ

Toyota Corolla
Ph: 09-5067425

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက် ၁၅၊ အခန်း ၅၁ ကို မူလအမည်ပေါက် ပိုင်ရှင် ဗိုလ်မှူးအောင်ခိုင်ဝင်းထံမှ စာချုပ်အဆက်ဆက်များဖြင့် ဝယ်ယူထားသူ ဒေါ်မျိုးမမစိုး ၁၂/ဥကတ(နိုင်)၁၁၃၃၈၉ က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက် အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)**
**မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### စွမ်းအင်ဝန်ကြီးဌာန
### လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးရောင်းချခွင့်ပြုရန်အတွက်
### အဆိုပြုလွှာခေါ်ယူခြင်း

၁။ သတ်မှတ်နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ လေယာဉ်ဆီများကို ပြည်ပမှ အဆက်မပြတ်တင်သွင်းဖြန့်ဖြူးရောင်းချနိုင်သည့် ပြည်တွင်းပြည်ပကုမ္ပဏီအဖွဲ့အစည်းများ အနေဖြင့် အောက်ပါလိပ်စာသို့ လိပ်မူ၍ အဆိုပြုလွှာများကို တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည် -

စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်(၆)၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၁၃၅၊ ၀၆၇-၄၁၁၀၅၃၊ ၀၆၇-၄၁၁၁၃၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ချမ်းငြိမ်းဇော်၏ သင်္ဘောသား လက်မှတ် 4 ticket ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၁-၅၆၃၇၆၆၊ ၀၉-၅၀၆၈၉၄၃**

### ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးခင်မောင်လင်း ၁၂/လမတ(နိုင်)၀၁၂၂၀နှင့် MICB ဘဏ်ငွေစုစာအုပ်အမှတ် DSL-01-0527 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၈၆၄၂၃**

ဘုန်းတော်ကြီး၊ သီလရှင်သင်ပညာရေးနှင့် ပရဟိတတွဲဖက်ဖွင့်ထားသော ကျောင်းများသို့ အလှူတော် သီတဂူအထူးတရားပွဲ ကျင်းပမည်ဖြစ်ပါ၍ တရားနာကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ဟောကြားမည့်ဆရာတော် | - | သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ |
| ဟောကြားမည့်နေ့ရက်၊အချိန် | - | ၃၀-၆-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ည ၇ နာရီ |
| ဟောကြားမည့်နေရာ | - | ဇမ္ဗူသီရိဗိမာန်တော်၊ တံတားလေးလမ်း၀ (နဝဒေးရုပ်ရှင်ရုံရှေ့) မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ |

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၃၆၊ လေးလွှာ၊ ဘုန်းကြီးလမ်းနေ
ဦးသန်းဝင်း-ဒေါ်ကြည်လှိုင်တို့၏သား
**မောင်တင်မျိုးဝင်း**
**B.Sc, (Geology)**
**Director (Star Snow Trading Co.,Ltd.)**
နှင့်
ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ ခြံအမှတ် (၂၄-က)နေ
ဦးမျိုးအောင်-ဒေါ်တင်ရွှေ (နေခြည်+ဆုလာဘ်၊ စာရေးကိရိယာဆိုင်၊ သိမ်ကြီးဈေး)တို့၏သမီးကြီး
**မခင်နေခြည်(ခ)လမင်းငယ်**
**B.M.T.M, DBL**

တို့သည် ၂၃-၆-၂၀၁၃ ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်သော မိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်တင်မျိုးဝင်း-မခင်နေခြည်(ခ)လမင်းငယ်**

HTET OO MARITIME TRAINING INSTITUTE

Whole Package ... BST ...
Pre-Sea ... CDC / Passport ...
... Coffee ...
D.M.A ...

၁။ BST (4 Tickets)
၂။ Tanker Familiarization Course (T.F)(Oil, Chemical, Liquefied Gas)
၃။ Pre-sea Course (Deck) ၄။ Pre-sea Course (Engine)
၅။ Deck Officer Class I & II (Mate & Master Combined)

(၁) ...
Ph/Fax:01-544562,098553104,Email: htetoo.maritime@gmail.com
(၂) ...
Ph: 09 421154222

MCC Training Institute
ကျောင်းဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ MCC Training Institute ...

| စဉ် | | ကာလ | |
|---|---|---|---|
| (က) | B.Sc (Hons) Business IT | (3)နှစ် | University of Greenwich(UK) |
| (ခ) | B.B.A | (4)နှစ် | Siam University (Thailand) |
| (ဂ) | B.Tech | (4)နှစ် | Rangsit University (Thailand) |

... Yatanarpon Campus ... B.Sc BIT ... Day Student ... Yangon Campus ... Mandalay Campus ...
... B.B.A ... MCC Training Institute (Yangon Campus) ... (Mandalay Campus) ... (Siam University) ...
... B.Tech ... MCC Training Institute (Yangon Campus) ... (Rangsit University) ...

MCC Training Institute (Yangon Campus)
MCC Training Institute (Yatanarpon Campus)
Incubation Center No. 3, ...
MCC Training Institute (Mandalay Campus)
MCC Training Institute (Nay Pyi Taw Campus)
Room No. 104, Junction Centre Yaza Thingaha main Road, in front of Hotel Zone, Nay Pyi Taw.

Enroll Now!

ဝင်းဘုံလွင်
၁၉၇၅-ခုနှစ်
ဝံ-လက်ဘ်ဘိ
မြန်မာ့ရိုးရာအဋ္ဌဟောထိန်း

### ကျေးဇူးဆပ်ပါမည်

ကျွန်မ မနီလာဦး၏ နိုင်ငံကူးလက်မှတ် အမှတ် ၄၀၀၈၃၈ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၅၆၂၄၁**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၅-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၀) ကန့်ကွက်နိုင်ကြောင်းကြော်ငြာ ဒဂုံမြောက်ပိုင်းမြို့နယ် ဒေါ်ရင်ရင်မေ၏ မြေပုံကူးတွင် မှတ်ပုံတင် ၁၂/စခန(နိုင်)၀၃၆၂၃၄ အစား ၁၂/စခန(နိုင်) ၀၃၆၂၄၃ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၇ C¹ ၊ မြေကွက်အမှတ် ၁၀၂၊ မြေကွက်တည်နေရာ အမှတ် ၆၄၊ မြင့်မိုရ်လမ်း၊ စမ်းချောင်းမြို့နယ် ဦးအေးချို၊ ဦးမြင့်ရွှေ၊ မခင်မာဝင်း အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမြင့်ရွှေ ၁၂/တတန(နိုင်)၀၉၁၄၃၄ ကွယ်လွန်သဖြင့် ဒေါ်ခင်သိန်း ၁၂/စခန(နိုင်)၀၉၁၄၃၆ က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ကျန်အမည်ပေါက် နှစ်ဦးဖြစ်သူ ဦးအေးချို ၁၂/စခန(နိုင်)၀၄၉၅၁၃၊ ဒေါ်ခင်မာဝင်း ၁၂/စခန(နိုင်) ၀၀၄၉၁၆ တို့နှင့် ပူးတွဲလျက် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်အတွင်း အသံအနံ့နှင့် ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေသော စက်မှုလုပ်ငန်းများအတွက် ဖော်ထုတ်ထားသော ဧရိယာအတွင်းမှ မြေကွက်အမှတ် ၃၃၊ ၃၄၊ အကျယ်အဝန်း ပေ ၆၀×ပေ ၈၀ နှစ်ကွက်ကို အမည်ပေါက် ဦးစံဝိုင်း ၁၂/ဗဟန(နိုင်)၀၅၇၈၄၅ ထံမှ ဦးထွဏ်းဆင့် ၉/မခန(နိုင်)၁၅၈၀၁၃ က ပြန်လည်ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုအတွက် ဦးထွဏ်းဆင့်မှ ၄င်းအမည်ဖြင့် မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကြော်ငြာ




28-6-2013 (D).pmd 1 6/26/2013, 8:00 AM